# ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ စနေနေ့ (11-4-2015) (၈၁၇၂)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏၊ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သောသူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

## အများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အမျိုးသားရေးရည်မှန်းချက်များကို ဦးစားပေးဆွေးနွေးခဲ့

# ပါတီအရေး၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းအရေးထက် အမျိုးသားရေးကို ဦးစားပေးကြရမည်

ဒီမိုကရေစီနိုင်ငံသစ်ကို အစပျိုးထူထောင်ရာတွင် ဒီမိုကရေစီအတွေ့အကြုံ၊ ဒီမိုကရေစီအလေ့အကျင့်များ နည်းပါးသေးသည့်အတွက် နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံးပါဝင်ပြီး အတွေ့အကြုံ၊ သဘောထားအမြင်များဖြင့် ပေါင်းစပ်ပါဝင်ဆောင်ရွက်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် လွှတ်တော်ဥက္ကဋ္ဌများ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဂုဏ်ရွှေဝါခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။ *(သတင်း စာမျက်နှာ - ၃)* (သတင်းစဉ်)

### ကမ္ဘာ့ဘဏ်မှ လူထုပဟိုပြုစီမံကိန်းများ ထပ်တိုးဆောင်ရွက်နိုင်ရန် ဒေါ်လာသန်း ၄၀၀ ထုတ်ချေးရန် ကမ်းလှမ်းခဲ့

စာမျက်နှာ - ၇

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ဟီလာရီကလင်တန် မကြာမီ ကြေညာမည်

စာမျက်နှာ - ၄

### နေပြည်တော်မဟာသင်္ကြန်တွင် မဏ္ဍပ်ကြီး ကိုးခု၌ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များ သီဆိုဖျော်ဖြေမည်

စာမျက်နှာ - ၁၁




ကြေးမုံ စာ တည်း ရှု ထောင့် — ၁၁-၄-၂၀၁၅၊ စနေနေ့

# မြန်မာ့ယဉ်ကျေးမှုကို ဝိုင်းဝန်းထိန်းသိမ်း

၁၃၇၆-၇၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကာလ ကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်သည်။ သင်္ကြန်ပွဲတော်ဆင်နွှဲရန်အတွက် ပြည်သူများက ပြင်ဆင်ဆောင်ရွက်နေကြသကဲ့သို့ ပွဲတော်ကာလတွင် ဒုစရိုက်မှုများ လျော့နည်းကျဆင်းစေရန်နှင့် ယဉ်ကျေးမှုပွဲတော်ကို အကျည်းတန်အရုပ်ဆိုးစေမှုများ၊ ဘေးအန္တရာယ်များ ဖြစ်ပေါ်စေမှုများ လျော့နည်းစေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အဆိုပါကိစ္စရပ်များကို အထူးဆောင်ရွက်ပေးနေသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့တိုင်းမြို့တိုင်းတွင် သင်္ကြန်မတိုင်မီ တစ်လခန့်ကတည်းက လှုပ်ရှားဆောင်ရွက်နေကြပြီး အခြားအဖွဲ့အစည်းများနှင့် ပြည်သူများကလည်း အတူတကွပူးပေါင်းပါဝင်ကာ တက်ကြွစွာ ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် အစဉ်အလာကြီးမားသော ရိုးရာယဉ်ကျေးမှုပွဲတော်ကြီးဖြစ်သကဲ့သို့ ပြည်သူအားလုံးပါဝင်ဆင်နွှဲကြသော ပွဲတော်ကြီးဖြစ်၍ အားလုံးအသိတရားရှိရှိ ပါဝင်ဆောင်ရွက်သင့်ခြင်းဖြစ်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ကို ခေတ်ပေါ်သင်္ကြန်ဟူ၍ ခေတ်နှင့်အညီ ပြောင်းလဲဆင်နွှဲခဲ့မှုများကြောင့် ယဉ်ကျေးမှုပုံရိပ်များ တစ်စတစ်စ ကွယ်ပျောက်၍ အမြင်မတင့်ဖွယ်ရာများ၊ အကျည်းတန်အရုပ်ဆိုးမှုများကို ကျင်းပပြီးစီးခဲ့သည့် သင်္ကြန်ပုံရိပ်များတွင် မြင်တွေ့ခဲ့ရ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအတွက် ရင်လေးဖွယ်ရာဖြစ်ခဲ့ရသည်။ ယခုနှစ်တွင် ပြီးခဲ့သည့်နှစ်များက အဆိုပါအမြင်မတင့်ဖွယ်ရာများ လျော့နည်းကျဆင်းသွားစေရန်အတွက် သက်ဆိုင်ရာတို့၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုကြရမည်ဖြစ်သလို ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လည်း လိုအပ်ပါသည်။

သင်္ကြန်ပွဲတော်တွင် အထူးသဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုများ ထိုးဖောက်ဝင်ရောက်လာခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးဟုဆိုရာ၌ အရက်သေစာသောက်သုံးသည့် ဓလေ့အပြင် မူးယစ်ဆေးသုံးစွဲမှုများလည်း ပါဝင်လာသဖြင့် အဆိုပါကိစ္စများကို သက်ဆိုင်ရာတို့က ထိထိရောက်ရောက် ကြိုတင်ဟန့်တား ထိန်းသိမ်းကာကွယ်ပေးနေသည်ကို ပြည်သူများအနေဖြင့်လည်း ပါဝင်ကူညီပေးကြရမည်ဖြစ်သည်။

သက်ဆိုင်ရာတို့ အလေးထားဆောင်ရွက်နေသော်လည်း ပြည်သူများ ပူးပေါင်းပါဝင်မှုအားနည်းလျှင် သင်္ကြန်ကာလတွင် အကျည်းတန်အရုပ်ဆိုးမှုများ ရှိနေဦးမည်ဖြစ်သည်။ ပြီးခဲ့သည့်လကုန်ပိုင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့များတွင် သင်္ကြန်ပွဲတော်အတွက် ကြိုတင်ကာကွယ်တားဆီးမှုများ ဆောင်ရွက်ခဲ့သည့် သုံးရက်တာအတွင်း အသိပညာပေးမှု၊ ဆေးဆိုင်များစစ်ဆေးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးမှုတို့ကို အများဆုံးဆောင်ရွက်နိုင်ခဲ့ပြီး ထိုအထဲတွင် အရက်သေစာအမှုနှင့် မူးယစ်ဆေးဝါးအမှုများ အများဆုံး ဖော်ထုတ်နိုင်ခဲ့သည်ကို တွေ့ရသည်။

ထို့ကြောင့် အရက်သေစာနှင့် မူးယစ်ဆေးဝါးမှာ သင်္ကြန်ပွဲတော်ကာလအတွက်သာမက မြန်မာနိုင်ငံ၏ အနာဂတ်အတွက်ပါ အလွန်အရေးကြီးနေပြီဟု သုံးသပ်ရမည်ဖြစ်ပါသည်။ အရက်သောက်သည့် ယဉ်ကျေးမှုနှင့် မူးယစ်ဆေးဝါး တင်သွင်းရောင်းချမှု၊ သုံးစွဲမှုများကို မြန်မာတို့၏ အမျိုးသားအကျိုးစီးပွားအတွက် ထိထိရောက်ရောက် ဝိုင်းဝန်းတိုက်ဖျက်သွားကြရမည်ဖြစ်ပါသည်။

သင်္ကြန်ပွဲတော်ကာလတွင် မူးယစ်ဆေးဝါးနှင့် အရက်သေစာ သောက်သုံးမှုများသည် လူ၏အသိကို ကင်းမဲ့စေပြီး ကိုယ်အမူအရာ၊ နှုတ်အမူအရာ ပျက်ယွင်းကာ အကျည်းတန်အရုပ်ဆိုးမှုများ ဖြစ်စေရုံသာမက မြန်မာ့ယဉ်ကျေးမှုကိုပါ ပျက်ယွင်းစေပါသည်။ ထို့အပြင် မကောင်းမှုဆီသို့ တွန်းပို့စေနိုင်ပြီး မိမိဘဝများပါ ပျက်စီးစေနိုင်သဖြင့် ယင်းတို့ကို အလေးထား ရှောင်ကြဉ်ကြရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ မဟာသင်္ကြန်ရေသဘင်ပွဲကာလသို့ ရောက်ရှိတော့မည်ဖြစ်၍ မိမိတို့အတွက်သာမက နိုင်ငံ့ယဉ်ကျေးမှုပုံရိပ်ကိုပါ ထိခိုက်ပျက်စီးစေနိုင်သော အရက်သေစာများနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများကို ရှောင်ရှားကြပြီး ဖောက်ဖျက်ကျူးလွန်သူများကိုလည်း ရှာဖွေဖော်ထုတ်၍ ထိရောက်စွာ အရေးယူသွားရမည်ဖြစ်ရာ ပြည်သူများကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းပါဝင်ကူညီပေးရန် လိုအပ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ဂျုံးဆန်းအမျိုးသားတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဆိုင်ရာဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်

**နေပြည်တော် ဧပြီ ၁၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကိုရီးယားသမ္မတနိုင်ငံသို့ ဧပြီ ၆ ရက်မှ ၈ ရက်အထိ သွားရောက်ခဲ့ပြီး ဧပြီ ၁၀ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိသည်။



ကိုရီးယားသမ္မတနိုင်ငံ ခရီးစဉ်အတွင်း ဧပြီ ၆ ရက် နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာယွန်ပြုံဆဲအား ဆိုးလ်မြို့ရှိ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံမှုဆက်လက်တိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် ယခုနှစ်တွင် ကျရောက်သည့် နှစ်နိုင်ငံသံတမန်ဆက်သွယ်မှု ထူထောင်သည့် နှစ်(၄၀)ပြည့် အထိမ်းအမှတ်ဆိုင်ရာ အခမ်းအနားများ ကျင်းပရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးလွင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီဘတ်ဆွန်းတို့လည်း တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဧပြီ ၇ ရက် မွန်းလွဲပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ ဂျင်ဂျူးမြို့ရှိ ဂျုံးဆန်းအမျိုးသား တက္ကသိုလ် (Gyeongsang National University-GNU)၌ ပြုလုပ်သည့် ဂျုံးဆန်းအမျိုးသား တက္ကသိုလ်က နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နိုင်ငံရေးသိပ္ပံဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့(Honorary Doctorate Degree of Political Science) ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားသို့ တက်ရောက်ကာ နိုင်ငံရေးသိပ္ပံဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Hanorary Doctorate Degree of Political Science) ကို လက်ခံရယူသည်။ ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့ညနေပိုင်းတွင် Gyeongsang National University ဥက္ကဋ္ဌနှင့် တက္ကသိုလ်၏ ဘာသာရပ်ဆိုင်ရာဌာနအသီးသီးမှ ပါမောက္ခချုပ်များက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၁၀**

| | | | |
|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၈၂၄၀၀ - | ၆၈၃၄၀၀ |
| မန္တလေး | ရွှေဈေး | ၆၈၂၃၀၀ - | ၆၈၃၃၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၈၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၆၇၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၇၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၄၁. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၂. ၄၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၈၇၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၃. ၉၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၁၇၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၈၇. ၉၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၇. ၆၅၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၂၄. ၄၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၈၇. ၄၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း



## ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ပဲခူးတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့စီးပွားရေးဘဏ်၊ ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် အောက်ပါအဆောက်အအုံဆောက်လုပ်ရန် အိတ်ဖွင့်တင်ဒါသွင်းကြရန် ဖိတ်ခေါ်ပါသည်။
- (က) ကျောက်တံခါးမြို့နယ်ဘဏ်ခွဲ အဆောက်အအုံသစ် ပေ(၆၀×၃၀)၊ သံကူကွန်ကရစ် တစ်ထပ်ဆောက်လုပ်ခြင်း။
- (ခ) အုတ်ခြံစည်းရိုးကာရံ၍ ဝင်ပေါက်တွင် သံပန်းတံခါးမကြီး တပ်ဆင်ခြင်း။
- (ဂ) အဝင်/အထွက်လမ်း ကွန်ကရစ်ခင်းခြင်း။
- (ဃ) (၁၅)ပေအမြင့် ဂါလန်(၄၀၀)ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်၍ ရေရရှိရေး ဆောင်ရွက်ရန်။
- (င) ပေ(၁၅×၅)သံကူကွန်ကရစ်(၃)ခန်းတွဲ ရေလောင်းအိမ်သာ(၁)လုံး ဆောက်လုပ်ခြင်း (မိလ္လာကန်အပါအဝင်)
- (စ) ပြတင်းပေါက်အားလုံးတွင် သံပန်းတပ်ဆင်ခြင်းနှင့် ရှေ့/နောက် ဝင်ပေါက်တို့တွင် သံဘာဂျာတံခါးတပ်ဆင်ခြင်း။
- (ဆ) အဆောက်အအုံဘေးပတ်လည် Drain & Apron ပြုလုပ်ခြင်း။
- (ဇ) မန်နေဂျာခန်းနှင့် Banking Hall တွင် ကြွေပြားခင်းခြင်း။
- (ဈ) ငွေကြေးခန်း ပေ(၁၅×၁၀)ဖွဲ့စည်းခြင်း။
- (ည) Strong Room ပေ(၁၀×၁၀)ဖွဲ့စည်းခြင်း။
- (ဋ) ကောင်တာပြုလုပ်ခြင်း မန်နေဂျာအခန်း ပေ(၁၀×၁၀)ဖွဲ့စည်းခြင်း။
- (ဌ) လျှပ်စစ်မီးသွယ်တန်းခြင်း။
- (ဍ) ဆိုင်းဘုတ်ပြုလုပ်ခြင်း။
- (ဎ) အလံတိုင်ပြုလုပ်ခြင်း။။

၂။ တင်ဒါစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံများကို အောက်ဖော်ပြပါလိပ်စာတွင် တစ်စောင်လျှင် ကျပ်(၅၀၀၀/-)နှုန်းဖြင့် ၂၃-၄-၂၀၁၅ ရက်မှ ၃၀-၄-၂၀၁၅ ရက်အထိ ရောင်းချမည်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်မှာ ၈-၅-၂၀၁၅ ရက်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်ထက်ကျော်လွန်ပြီး နောက်ကျတင်သွင်းလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အသေးစိတ်သိရှိလိုပါ ဖုန်း-၀၅၂-၂၂၀၀၂၄၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**ပဲခူးတိုင်းဒေသကြီး**

GOLDEN STAR Travels & Tours
☆ ရွှေစက်တော်-ပုဂံ-ပုပ္ပါး-ပခုက္ကူ Apr-12
☆ ပုဂံ-ပုပ္ပါး-ပခုက္ကူ Apr-12,13
☆ မုံရွာ-အလောင်းတော်ကဿပ Apr-11
☆ တောင်ကြီး-အင်းလေး-ပင်းတယ Apr-12,13,17
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း Apr-12,17
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး Apr-11,12
☆ ထားဝယ်(ရှင်ကိုးရှင်)-မော်လမြိုင်-ဇက်ဝဲ Apr-11
ကျိုက်ထီးရိုး-ချောင်းသာ-ငွေဆောင် (နေ့စဉ်)
Ph: 209200, 703448, 430480, 544383, 705968, 09-5081580

ကျော် PPTT မူလတန်းဆရာနှင့် ရာထူးများအားလုံး
သချာ်အောင်သင်း
၈-တန်း၊ ၉-တန်း၊ ၁၀-တန်းနှင့် တက္ကသိုလ်ဝင်ခွင့်
Ph:09421042332,09420005131

ပြည်တွင်းရေးရာ

# ဘက်စုံ၊ ထောင့်စုံမှစဉ်းစားမှသာ မှန်ကန်သည့် သုံးသပ်ချက်၊ ဆုံးဖြတ်ချက် ချမှတ်နိုင်မည်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်။

**နေပြည်တော် မေ ၁၀**

နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဂုဏ်ရွှေဝါခန်းမ၌ ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်တို့ တက်ရောက်သည့် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ပြုလုပ်သည့် တွေ့ဆုံဆွေးနွေးပွဲသည် လွှတ်တော်မှ အရေးကြီးအဆိုတင်သွင်းပြီး တက်ရောက်လာကြသည့် ပုဂ္ဂိုလ်(၆)ဦးတွေ့ဆုံရန် တိုက်တွန်းခဲ့သည့်အတွက် တွေ့ဆုံနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

မိမိအနေဖြင့် လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းအသီးသီးတို့မှ ကိုယ်စားလှယ်များနှင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးပွဲများကို ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ခဲ့ပါကြောင်း။

ယင်းသို့ ပြုလုပ်ရခြင်း၏ အကြောင်းရင်းမှာ ယခုကဲ့သို့ ဒီမိုကရေစီနိုင်ငံသစ်ကို အစပျိုးထူထောင်ရာတွင် ဒီမိုကရေစီ အတွေ့အကြုံ၊ ဒီမိုကရေစီအလေ့အကျင့်များ နည်းပါးသေးသည့်အတွက် မိမိတို့၏ နိုင်ငံရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားအားလုံး ပါဝင်ပြီး မိမိတို့၏ အတွေ့အကြုံ၊ မိမိတို့၏ သဘောထား၊ မိမိတို့၏အမြင်များဖြင့် အားလုံးပေါင်းစပ်ပါဝင်ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း။

အများနှင့်ပူးပေါင်းဆောင်ရွက်ရာတွင် အများလက်ခံနိုင်သည့် အမျိုးသားရေး ရည်မှန်းချက်များဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၁၅ ခုနှစ်တွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ပြုလုပ်နိုင်ရေးတို့ကို ဦးစားပေးဆွေးနွေးခဲ့ပါကြောင်း။

ဤကိစ္စများသည် လက်ရှိမိမိတို့နိုင်ငံအတွက် မရှိမဖြစ်၊ မလုပ်မဖြစ်သည့် လိုအပ်ချက်များဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ ဦးစားပေးဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်များလည်း ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့စဉ်းစားကြသည့်အခါ ပါတီအရေး၊ လူပုဂ္ဂိုလ်အဖွဲ့အစည်းအရေးထက် အမျိုးသားရေးကို ဦးစားပေးကြရမည် ဖြစ်ပါကြောင်း၊ အကြောင်းအရာ တစ်ခုတည်းအပေါ်တွင် မစဉ်းစားဘဲ ဘက်ပေါင်းစုံမှ၊ ထောင့်ပေါင်းစုံမှ စဉ်းစားမှသာ မှန်ကန်သည့် သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များကို ချမှတ်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်တို့က ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်က ဆွေးနွေးပွဲတွင် နောင်ဆွေးနွေးပွဲများ၌ ဆောင်ရွက်ရမည့် ဆွေးနွေးမှုမူဘောင်၊ ဆွေးနွေးပွဲပုံစံ၊ ဆွေးနွေးပွဲများ ပြန်လည်ကျင်းပမည့်အချိန်များနှင့် ပတ်သက်ပြီး သဘောတူညီမှု ရရှိခဲ့ကြောင်း၊ ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သူအားလုံးက ညီအစ်ကိုမောင်နှမစိတ်ဓာတ်ဖြင့် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးသဘောတူညီချက် ရရှိခဲ့သည့်အတွက် အောင်မြင်သောဆွေးနွေးပွဲဖြစ်ကြောင်း၊ နောင်တစ်ကြိမ်ဆွေးနွေးမှုကို လွှတ်တော်အစည်းအဝေးများ ပြန်လည်ကျင်းပချိန်တွင် အားလုံးညှိနှိုင်းကျင်းပသွားမည်ဖြစ်ကြောင်း သတင်းမီဒီယာများကို ရှင်းလင်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

**လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၂၀၁၅ ခုနှစ်တွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ပြုလုပ်နိုင်ရေးတို့ကို ဦးစားပေး ဆွေးနွေးခဲ့။**


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း။


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်။


တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်။


အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်။


အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်။



# ကိပ်တောင်းတက္ကသိုလ်ဝင်းအတွင်းရှိ ဗြိတိသျှကိုလိုနီဝါဒီကြီး၏ရုပ်တုအား ဖယ်ရှား

**ကိပ်တောင်း မေ ၁၀**

တောင်အာဖရိကနိုင်ငံ ကိပ်တောင်းတက္ကသိုလ်ကျောင်းသားများက တစ်လကြာမျှ ဆန့်ကျင်ကန့်ကွက်မှုများဖြစ်ပွားခဲ့ပြီးနောက် ယင်းတက္ကသိုလ်ဝင်းအတွင်းရှိ ဗြိတိသျှကိုလိုနီဝါဒီကြီး ခီဆဲလ်ရိုဒီစ် ရုပ်တုအား ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါရုပ်တုကြီးကို ဆူညံဟစ်ကြွေးနေသည့် လူအုပ်ကြီးရှေ့မှောက်တွင် ဖယ်ရှားခဲ့ပြီး လုံခြုံစိတ်ချရသောနေရာသို့ ရွှေ့ပြောင်းထားမည်ဖြစ်သည်။

ကိပ်တောင်းတက္ကသိုလ်တည်ရှိရာမြေကို ရှေးယခင်က မစ္စတာ ရိုဒီစ်က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ရိုဒီစ် မုချကျဆုံးရမည်ဟူသော လှုပ်ရှားမှုကို ယခုနှစ် မတ်လအတွင်းက စတင်လုပ်ဆောင်ခဲ့ပြီးနောက် ရိုဒီစ်၏ လူမျိုးအသားရောင်ခွဲခြားရေးမူဝါဒနှင့် ၎င်း၏အမွေအနှစ်များ တက္ကသိုလ်အတွင်းတည်ရှိနေခြင်းကို ဆန့်ကျင်သူများက အဆိုပါရုပ်တုအား လူ့မစင်ထုပ်များဖြင့် ပစ်ပေါက်ခဲ့ကြသည်။

ရိုဒီစ်၏ရုပ်တုကို ၁၉၃၄ ခုနှစ်တွင် ပထမဆုံးအကြိမ်ဖွင့်လှစ်ခဲ့သည်။ ၎င်းသည် လွန်ခဲ့သောနှစ်ပေါင်း၁၀၀ကျော်က အာဖရိကတိုက်တောင်ပိုင်းတွင် ရိုဒီးရှားဟုအမည်တွင်သော ဒေသတစ်ခုကိုထူထောင်ခဲ့ပြီး လူဖြူများကိုအခြေစိုက်နေထိုင်စေခဲ့သည်။ ၎င်းသည် ဗြိတိသျှအင်ပါယာတိုးတက်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်၊ သတ္တုတွင်းလုပ်ငန်းရှင်၊ နိုင်ငံရေးသမားအဖြစ် ရပ်တည်ခဲ့သူဖြစ်သည်။ **ရိုက်တာ။**

# ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် ဟီလာရီကလင်တန် မကြာမီ ကြေညာမည်

**ဝါရှင်တန် မေ ၁၀**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်သည် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် မကြာမီထုတ်ပြန်ကြေညာသွားဖွယ်ရှိကြောင်း နယူးယောက်ဒေးလီးသတင်းစာက ရေးသားဖော်ပြသည်။

ကလင်တန်သည် ၎င်း၏ သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် အစီအစဉ်နှင့် ရည်ရွယ်ချက်များကို ဗီဒီယိုနှင့် လူမှုကွန်ရက်သတင်းမီဒီယာတို့မှတစ်ဆင့် ထုတ်ပြန်ကြေညာသွားဖွယ်ရှိပြီး ယင်းမှာ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနည်းပညာဖြင့် လူငယ်မဲဆန္ဒရှင်များကို ဆွဲဆောင်ရန်ကြိုးပမ်းမှုတစ်ခုဖြစ်သည်။

ကလင်တန်သည် ၂၀၀၈ ခုနှစ်က သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတဘာရက်အိုဘားမားကို ရှုံးနိမ့်ခဲ့သည်။ ကလင်တန်အနေဖြင့် အိုဘားမားကို ရှုံးနိမ့်ရာတွင် အိုဘားမား၏ လူမှုကွန်ရက်သတင်းမီဒီယာဖြင့် မဲဆွယ်စည်းရုံးနိုင်မှုကိုမယှဉ်နိုင်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။

အသက်(၆၇)နှစ်ရှိ သမ္မတကတော်ဟောင်း ကလင်တန်သည် အိုဘားမားအစိုးရ၏ ပထမသက်တမ်းတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက အမေရိကန်နိုင်ငံ၏ ပထမဆုံးအမျိုးသမီးသမ္မတဖြစ်လာမည်ဖြစ်သည်။

ယခုလောလောဆယ် ကလင်တန်သည် ၂၀၁၆ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတလောင်းအဖြစ် ရေပန်းစားလူကြိုက်များလျက်ရှိသည်။

**ရိုက်တာ။**



# အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံတန် ရာဖေးလ်ဂျက်တိုက်လေယာဉ် ၆၃ စင်း ပြင်သစ်ထံမှဝယ်ယူရန် အိန္ဒိယရည်ရွယ်

**ပါရီ မေ ၁၀**

အိန္ဒိယနိုင်ငံသည် မေ ၁၀ ရက်တွင် စတင်မည့် ဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ၏ နှစ်ရက်ကြာ ပြင်သစ်ခရီးစဉ်အတွင်း ယူရို ၇ ဒသမ ၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ ဘီလီယံ) တန်ဖိုးရှိသည့် ပြင်သစ်လုပ် ရာဖေးလ်ဂျက်တိုက်လေယာဉ် ၆၃ စင်း ဝယ်ယူရေးသဘောတူညီချက်တစ်ရပ်ရရှိရန် ရည်မှန်းထားကြောင်း Le Monde သတင်းစာက ရေးသားဖော်ပြသည်။

ရာဖေးလ်ဂျက်တိုက်လေယာဉ် ဝယ်ယူရာတွင် ဈေးနှုန်းနှင့် ပစ္စည်းအစိတ်အပိုင်းတပ်ဆင်ရေးနှင့်ပတ်သက်သော ကွာခြားချက်များအပေါ် ဖြေရှင်းရန်ဆွေးနွေးမှုများမှာ သုံးနှစ်ကျော်ကြာပြီဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက အတည်ပြုခဲ့သည်။ The Hindustan Times သတင်းစာနှင့် ဘလော့ဂါတစ်ဦးက တင်ဒါသဘောတူညီချက်တွင် မူလမျှော်မှန်းထားသည့် လေယာဉ် ၁၂၆ စင်း ဝယ်ယူရေးထက် အရွယ်အစား ပိုမိုသေးငယ်သော လေယာဉ်များဝယ်ယူရန် တိုက်ရိုက်အစိုးရချင်းစာချုပ်တစ်ရပ်မှာ ဖြစ်နိုင်ဖွယ်အကျိုးရလဒ်တစ်ခုဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အိန္ဒိယနိုင်ငံ၌ လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်း အများစုကို ကန့်သတ်ထားခြင်းနှင့်ဆက်စပ်သော ပြဿနာများကြောင့်ဖြစ်ကြောင်း ပြောကြားသည်။ ဘလော့ဂါ နီတင်ဂိုကေးက ဆွေးနွေးမှုများမှာ ရာဖေးလ်ဂျက်တိုက်လေယာဉ် ၆၀ သို့ ၆၃ စင်း ဝယ်ယူရေးကို အလေးထားဆွေးနွေးခဲ့ကြောင်း ပြောကြားသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် မေ ၁၀ ရက်နှောင်းပိုင်းတွင် စာချုပ်အများအပြားအတွက် လက်မှတ်ရေးထိုးပွဲတစ်ခုနှင့် ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်းနှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပသွားမည်ဖြစ်သည်။ မူလ ရာဖေးလ်ဂျက်တိုက်လေယာဉ် ဝယ်ယူရေးစာချုပ်မှာ အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံတန်ဖိုးရှိသော်လည်း အိန္ဒိယနိုင်ငံရှိ ဂျက်တိုက်လေယာဉ်များထားရာ အဆောက်အအုံကြောင့် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံထိ မြင့်တက်လာခဲ့သည်။

**ရိုက်တာ။**

# တရုတ်နှင့် မြောက်ကိုရီးယား ခရီးသွားလုပ်ငန်း ပြန်လည်စတင်

**ချန်းချွန်(တရုတ်) မေ ၁၀**

တရုတ်နှင့် မြောက်ကိုရီးယားနိုင်ငံအကြား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ခြောက်လအတွင်း ပထမဆုံးအကြိမ် ပြန်လည်စတင်လိုက်ပြီဖြစ်ကြောင်း တရုတ်တာဝန်ရှိသူများက မေ ၉ ရက်တွင် ပြောကြားသည်။

အီဘိုလာရောဂါပိုးကူးစက်ဝင်ရောက်ခြင်းမှ တားဆီးကာကွယ်နိုင်ရန် ပြည်ပမှ နိုင်ငံခြားသားများ ဝင်ရောက်မှုကို မြောက်ကိုရီးယားနိုင်ငံက အောက်တိုဘာလတွင် ပိတ်ပင်ခဲ့ပြီးနောက် ယင်းပိတ်ပင်ချက်ကို ယခုအခါ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း၊ မြို့တော်ပြုံယမ်း၌ မေ ၁၂ ရက်တွင် ကျင်းပမည့် နိုင်ငံတကာမာရသွန်အပြေးပြိုင်ပွဲ အကြိုကာလအတွင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ပြန်လည်စတင်ရန် မြောက်ကိုရီးယား အာဏာပိုင်များက ခွင့်ပြုပေးခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ကျိုလင်ပြည်နယ်၏ ခရီးသွားလုပ်ငန်းတာဝန်ရှိသူများက ပြောကြားကြသည်။

ပြုံယမ်းသို့ သွားရောက်မည့် ပထမဆုံး တရုတ်ခရီးသွားဧည့်သည်အဖွဲ့သည် မေ ၁၃ ရက်တွင် ခရီးစတင်ထွက်ခွာရန် စီစဉ်ထားကြောင်း၊ တရုတ်နိုင်ငံ ကျီအန်းမြို့မှ မြောက်ကိုရီးယားနိုင်ငံ မန်ပိုမြို့သို့ သွားရောက်မည့် ခရီးသည်များအတွက် ခရီးစဉ်များကို မေ ၂၀ ရက်တွင် စတင်မည်ဖြစ်ကြောင်း တရုတ်ခရီးသွားလုပ်ငန်းကုမ္ပဏီများက ပြောကြားကြသည်။

၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ တရုတ်နယ်စပ်မြို့ဖြစ်သော ကျီအန်းမြို့မှတစ်ဆင့် မြောက်ကိုရီးယားနိုင်ငံသို့ အလည်အပတ်သွားရောက်သူဦးရေ ၃၀၀၀ ကျော်ရှိခဲ့ကြောင်း ဆင်ဟွာသတင်းဌာန၏ သတင်းတွင် ဖော်ပြထားသည်။ **ဆင်ဟွာ။**



# ပလောစစ်ပွဲတွင် ကျဆုံးခဲ့သူများကို ဂျပန်ဘုရင်အလေးပြု

**တိုကျို မေ ၁၀**

ဂျပန်ဘုရင် အခီဟီတိုသည် ဒုတိယကမ္ဘာစစ်အတွင်းက ကျဆုံးခဲ့သူများအတွက် အမှတ်တရအထိမ်းအမှတ်အခမ်းအနားကျင်းပသည့် ပီလီလူ ပစိဖိတ်ကျွန်းသို့ မေ ၉ ရက်က သွားရောက်ခဲ့သည်။ ပလောကျွန်းနိုင်ငံ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် အဆိုပါကျွန်းတွင် ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်သည် ၁၀၀၀၀ နှင့် အမေရိကန်စစ်သည် ၁၆၀၀ သေဆုံးခဲ့ရသည်။ ဝမ်းနည်းဖွယ်ကောင်းသည့် အတိတ်သမိုင်းကို မေ့ပျောက်မပစ်သင့်ဟု ဂျပန်ဘုရင်က ပြောကြားခဲ့သည်။ လွန်ခဲ့သည့် ၁၀ နှစ်ကလည်း ဂျပန်ဘုရင်သည် ပစိဖိတ်ကျွန်းတစ်ခုဖြစ်သည့် ဆိုင်ပန်သို့ သွားရောက်၍ ကျဆုံးစစ်သည်များကို သွားရောက်အလေးပြုခဲ့သည်။

အမေရိကန်တပ်ဖွဲ့များက ပီလီလူကျွန်းပေါ်တွင် လေယာဉ်ဆင်းကွင်းတစ်ခုကို သိမ်းပိုက်ရန်ကြိုးပမ်းမှုကြောင့် ၁၉၄၄ ခုနှစ် စက်တင်ဘာမှ နိုဝင်ဘာအထိ တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားခဲ့သည်။

"ယခုလက်ရှိ ပလောနိုင်ငံနေရာအပါအဝင် ဒီဒေသမှာ အမေရိကန်နှင့် ဂျပန်တို့ တိုက်ပွဲတွေ အပြင်းအထန်ဖြစ်ခဲ့ကြတာ ရလဒ်ကတော့ အသက်ပေါင်းများစွာသေဆုံးရတာပါပဲ။ အခု ဒီကိုရောက်နေတာဟာ ဒုတိယကမ္ဘာစစ်အတွင်းက အသက်ဆုံးရှုံးသွားသူတွေအားလုံးကို ချီးကျူးဂုဏ်ပြုဖို့ဖြစ်ပါတယ်"ဟု ဂျပန်ဘုရင်က ပြောကြားသည်။

ဂျပန်နိုင်ငံအနေဖြင့် အတိတ်သမိုင်းကဖြစ်ရပ်များကို လေ့လာသင်ခန်းစာယူနိုင်ရန်နှင့် မည်သည့်အခါမျှ မေ့ပျောက်မပစ်ရန်လည်း ဂျပန်ဘုရင်က ပြောကြားခဲ့သည်။

**ဘီဘီစီ။**

# ပြည်ပထွက်ခွာသူများ၏ နိုင်ငံကူးလက်မှတ်များကို မှတ်တမ်းရယူသည့်စနစ် ဗြိတိန်၌ စတင်ပြီ

**လန်ဒန် မေ ၁၀**

ဗြိတိန်နိုင်ငံမှ ပြည်ပသို့ ထွက်ခွာသည့် ခရီးသည်အားလုံး၏ နိုင်ငံကူးလက်မှတ်ဆိုင်ရာ သတင်းအချက်အလက်များကို မှတ်တမ်းမှတ်ရာများဖြင့် သိမ်းဆည်းထားရှိပြီဖြစ်ကြောင်း၊ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းဥပဒေနှင့်အညီ ဖြစ်ပေါ်စေရန်လည်းကောင်း၊ မသင်္ကာဖွယ်ရာ ပြစ်မှုကျူးလွန်သူများနှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားသွားလာမှုများကို စောင့်ကြည့်နိုင်စေရန်လည်းကောင်း ယင်းသို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံကူးလက်မှတ်ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်ထဲရေးရုံး၏ လူဝင်မှုကြီးကြပ်ရေးနှင့်လုံခြုံရေးဌာနသို့ ပေးပို့မည်ဖြစ်သည်။

ရွှေ့ပြောင်းသွားလာမှုကို ထိန်းချုပ်ခြင်းနှင့် လုံခြုံရေးစနစ်များ တိုးတက်ကောင်းမွန်စေခြင်းတို့အတွက် လုပ်ဆောင်ရခြင်းဖြစ်ကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နိုင်ငံကူးလက်မှတ်များကို စကင်နာဖတ်ကာ မှတ်တမ်းရယူသည့် စနစ်ကို မေ ၈ ရက်တွင် စတင်ခဲ့သည်။ စီမံချက်ကာလဖြစ်ခြင်းကြောင့် ကနဦးတွင် နိုင်ငံကူးလက်မှတ်အရေအတွက်၏ ၂၅ ရာခိုင်နှုန်းကိုသာ စစ်ဆေးမည်ဖြစ်ပြီး မေလတွင် ၅၀ ရာခိုင်နှုန်းအထိ၊ ဇွန်လလယ်တွင် ၁၀၀ ရာခိုင်နှုန်းအထိ တိုးမြှင့်စစ်ဆေးသွားမည်ဖြစ်သည်။

ပြည်ပသို့ ထွက်ခွာသူများ၏ နိုင်ငံကူးလက်မှတ်များအား စစ်ဆေးခြင်းကို ပင်လယ်ဆိပ်ကမ်းများနှင့် လေဆိပ်များတွင် ပြုလုပ်သွားမည်ဖြစ်သည်။

**ရိုက်တာ။**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကာတာနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး အဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဟာဆန်ဘင် မိုဟာမက် ရာဖီအယ်လ်အီမာဒီသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သံအမတ်ကြီး မစ္စတာ ဟာဆန်ဘင် မိုဟာမက် ရာဖီအယ်လ်အီမာဒီအား တွေ့ဆုံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော် မေ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဟန်ဂေရီနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး ဒေါက်တာပီတာဂျာကပ်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိသမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(အပေါ်ပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် အသစ်လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ မှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိထားသူများ၏ သက်တမ်းတိုး လျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူ အမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ (၁၀-၄-၂၀၁၅) ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်လုပ်ငန်း သက်တမ်းတိုး (၁၁) ဦးနှင့် ထုတ်ဝေသူ သက်တမ်းတိုး (၁၄) ဦး ပေါင်း လုပ်ငန်းသက်တမ်းတိုး (၂၅) ဦးအားလည်းကောင်း၊ ပုံနှိပ်လုပ်ငန်း အသစ်လျှောက်ထားသူ (၅)ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် (၄)ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် (၂)ဦး၊ အထွေထွေထုတ်ဝေခွင့် (၈)ဦး၊ ပေါင်း လုပ်ငန်းအသစ် (၁၉) ဦးတို့အားလည်းကောင်း၊ ထုတ်ဝေလုပ်ငန်း အမည်ပြောင်း (၁)ဦး၊ ထုတ်ဝေသူ အမည်ပြောင်း (၁)ဦး၊ ထုတ်ဝေသူအမည်နှင့် လုပ်ငန်းလိပ်စာပြောင်း(၁)ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်မှ စ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး (၉၄၅) ဦးနှင့် အသစ်လျှောက်ထားသူ (၁၆၀)ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး (၉၅၁)ဦးနှင့် အသစ်လျှောက်ထားသူ (၃၇၃) ဦး၊ သတင်းအေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ (၁၀) ဦး စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် (၂၄၃၉) စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မြန်မာ-ကိုရီးယား နိုင်ငံတကာပညာရပ်များ လေ့လာရေးဗဟိုဌာန ဖွင့်လှစ်

**ရန်ကုန် မေ ၁၀**

ဆရာ ဆရာမများ၏ သုတေသနနှင့်သင်ကြားရေးအရည်အသွေးတို့ကို မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာပါမောက္ခများနှင့်အတူ ပူးပေါင်းကာ သင်ကြားရေးနည်းပညာများအသုံးချနိုင်ရန်ရည်ရွယ်လျက် မြန်မာ-ကိုရီးယား နိုင်ငံတကာ ပညာရပ်များ လေ့လာရေးဗဟိုဌာနဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရန်ကုန်တက္ကသိုလ် ဒဂုံလမ်းရှိအဆိုပါဌာနအဆောက်အအုံ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ကိုရီးယားနိုင်ငံတကာပညာရပ်များ လေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ချောင်အန်းတက္ကသိုလ် ပါမောက္ခ ဒေါက်တာ KIM Taehyun က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကိုရီးယားနိုင်ငံသံအမတ် H.E. Lee Baek-Soon နှင့် ချောင်အန်းတက္ကသိုလ်ဥက္ကဋ္ဌ ပါမောက္ခတို့က ကျေးဇူးတင်စကားများ ပြောကြားကြပြီး နိုင်ငံတကာဆက်ဆံရေးပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဒေါ်ချောချောစိန်က မြန်မာ-ကိုရီးယား နိုင်ငံတကာပညာရပ်များ လေ့လာရေးဗဟိုဌာန လုပ်ငန်းရည်မှန်းချက်များကို ပြောကြားသည်။

ရန်ကုန်တက္ကသိုလ်နှင့် ချောင်အန်းတက္ကသိုလ်တို့ ပူးပေါင်း၍ နိုင်ငံတကာဖွံ့ဖြိုးရေးပညာရပ် ဒီပလိုမာသင်တန်းများကို ၂၀၁၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခုနှစ် တက်ရောက်လျက်ရှိသော သင်တန်းသားဆရာ ဆရာမအပါအဝင် ၇၀ ကျော်ရှိပြီဖြစ်ကြောင်း၊ သင်တန်းကာလမှာ တစ်နှစ်ခန့်ဖြစ်ပြီး သုတေသနပြုလုပ်နည်း၊ နိုင်ငံတကာဆက်ဆံရေးသီအိုရီ၊ စီးပွားရေးနည်းဥပဒေ၊ နိုင်ငံခြားရေးမူဝါဒစသည့် ပညာရပ်များကို စာတွေ့လက်တွေ့ပြုလုပ်ရကြောင်းနှင့် အဆိုပါ ဒီပလိုမာသင်တန်းသို့ တက်ရောက်လိုသည့် ဆရာ ဆရာမများအပြင် ဘွဲ့ရရှိပြီး စိတ်ပါဝင်စားသူ မည်သူမဆို ဒဂုံလမ်း မြန်မာ-ကိုရီးယား နိုင်ငံတကာပညာရပ်များ လေ့လာရေးဗဟိုဌာနတွင် လျှောက်ထားပြီး သတ်မှတ်အရည်အချင်း စစ်ဆေးမှုအောင်မြင်ပါက တက်ရောက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား News Channel ထုတ်လွှင့်မှုအစီအစဉ်

**၁၁-၄-၂၀၁၅ (စနေနေ့)[၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်ကျော်(၈)ရက်၊ ဥပုသ်နေ့]**

- ၆:၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆:၂၅ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
- ၆:၄၅ ကြီးစွာသံဝေဂရယူပါကုသိနာရုံမှာ
- ၂:၄၅ ခါသကြွန်အဆိုအကများ
- ၄:၃၅ ဝေရောစနကမ္ဘာ့ပထမဦးဆုံးကျောက်စိမ်းစေတီတော်
- ၅:၄၅ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ စွမ်းဆောင်ချက်
- ၈:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၉:၀၀ ပြည်တွင်းသတင်း -ပြည်သူ့နီတိ “အဖေမျှော်နေမယ်သား” [ဇော်ဝင်းမောင်၊ သူရဋ္ဌ၊ လွင်ဘုန်းအောင်၊ ကျော်ရဲကြည်၊ နိုင်ဝင်း(မင်းဥက္ကာ)] (ဒါရိုက်တာ-မိုးဇော်ကို)

# မြင်တတ်အောင်ကြည့်ပါ

ခင်ချင်းတွင်း (စီမံ/စီးပွား)

**(ယမန်နေ့မှအဆက်)**

**ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု ပြုပြင်ပြောင်းလဲရေး**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ (၃၅)တွင် **"နိုင်ငံတော်၏ စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်"** ဟု ဖော်ပြပါရှိပါသည်။ သို့ဖြစ်ပါ၍ စတုတ္ထပြုပြင်ပြောင်းလဲမှုအဖြစ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုပြုပြင်ပြောင်းလဲရေးကို ပုဂ္ဂလိကကဏ္ဍ၏ အားနည်းချက်များ၊ လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုပင်ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံ စီးပွားရေးတွင် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍ၊ သမဝါယမအဖွဲ့အစည်းအခန်းကဏ္ဍနှင့် နိုင်ငံပိုင်အခန်းကဏ္ဍတို့၏ ပါဝင်မှု အချိုးအစားအရ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး စုစုပေါင်းတွင် ပုဂ္ဂလိကပိုင် ၉၁ ဒသမ ၇ ရာခိုင်နှုန်း၊ သမဝါယမအဖွဲ့အစည်းပိုင် ၁ ဒသမ ၂ ရာခိုင်နှုန်း၊ နိုင်ငံပိုင် ၇ ဒသမ ၁ ရာခိုင်နှုန်း ပါဝင်ခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍ အချိုးအစားမှာ တစ်မျိုးသားလုံး၏ အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးစုစုပေါင်းတွင် အများဆုံးဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးမှုမှာ များစွာအရေးပါလှသည်ကို တွေ့မြင်နိုင်ပေသည်။ မိမိတို့နိုင်ငံသည် **ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးမှု(Private Sector Led Growth) လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီ**ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **နိုင်ငံ၏ GDP တိုးတက်မှု၊ လုပ်သားများ၏ ထုတ်လုပ်နိုင်စွမ်း (Productivity) တိုးတက်မှုသည် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာ မူတည်နေခြင်းကြောင့် ပုဂ္ဂလိကကဏ္ဍ၏ စီးပွားရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းများအနေဖြင့် ယခင်ကထက်စာလျှင် ပိုမိုတာဝန်ရှိလာပြီ** ဖြစ်ပါသည်။ **လုပ်သာကိုင်သာရှိသည့် စီးပွားရေးဝန်းကျင်များ(Enabling business environment) ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) တိုးတက်ရေး၊ လိုအပ်သည့် အခြေခံအဆောက်အအုံနှင့် ဥပဒေများ ပြဋ္ဌာန်းပေးခြင်း** စသည်ဖြင့် နိုင်ငံတော်ဘက်မှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

အပြည်ပြည်ဆိုင်ရာ ဈေးကွက်များအထိ ထိုးဖောက်ဝင်ရောက်နိုင်စေရေးအတွက် နိုင်ငံအတွင်း၌ **သမာသမတ်ရှိသည့် စီးပွားရေးအဖွဲ့အစည်း**ဖြစ်ရန်၊ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံး ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ **စီးပွားရေးဆိုင်ရာ ကျင့်ထုံးများ၊ လုပ်ထုံးလုပ်နည်းများကို ကျွမ်းကျင်နှံ့စပ်ရန်၊ စီးပွားရေးဆိုင်ရာ ကျင့်ဝတ်(Business Ethic) အပြည့်အဝဖြင့် ဆောင်ရွက်စေရန်၊ လူမှုရေးအရပူးပေါင်းမှုတာဝန်**(Corporate Social Responsibility –CSR) တို့အား ထမ်းဆောင်တတ်စေရန်တို့ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပုဂ္ဂလိကကဏ္ဍတွင်လည်း **စီးပွားရေးကျင့်ဝတ်နှင့် စည်းမျဉ်းဥပဒေတို့ကို လေးစားလိုက်နာတတ်ပြီး ပူးပေါင်းဆောင်ရွက်တတ်သည့် စိတ်ဓာတ်မျိုးရှိလာအောင် စိတ်ထား(Mindset)များ ပြုပြင်ပြောင်းလဲရေး**အတွက် အသိပညာပေးသည့် လုပ်ငန်းစဉ်များဆောင်ရွက်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းများသည် နိုင်ငံအတွက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု(Sustainable Development)အတွက် အလေးထားဆောင်ရွက်ကြခြင်းဖြင့် **မိမိလုပ်ငန်းအတွက်၊ တိုင်းပြည်အတွက်၊ စားသုံးသူဖြစ်သော ပြည်သူအတွက်** အလုပ်အကိုင်များ ဖန်တီးရေး စသည့် **Win-Win-Win မဟာဗျူဟာ**ကို ဖော်ဆောင်နိုင်သည့် ပုဂ္ဂလိကကဏ္ဍဖြစ်ပေါ်တိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများလိုအပ်ပါသည်။ စီးပွားရေးလုပ်ငန်းများနှင့် လူမှုအဖွဲ့အစည်းတို့သည် အပြန်အလှန်အကျိုးပြုစေမည့် ပတ်ဝန်းကျင် ဖန်တီးပေးရေးသည် အလွန်အရေးကြီးပေသည်။

**စီးပွားရေးပြုပြင်ပြောင်းလဲမှုများ နှေးကွေးလျက်ရှိနေဟု ဝေဖန်**

**စီးပွားရေး ပြုပြင်ပြောင်းလဲမှုများသည် အခြားသော ပြုပြင်ပြောင်းလဲမှုများနှင့် နှိုင်းယှဉ်ပါက နှေးကွေးလျက်ရှိနေဟု ဝေဖန်သူများရှိပါသည်။ အချိန်ကြာမြင့်စွာ စောင့်စားခဲ့ရသူများအတွက် မှန်ကန်ပါသည်။** အကြောင်းမှာ စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် **အခြေခံအဆောက်အအုံများ အချိန်ယူ၍ ဆောင်ရွက်ရသည်ဖြစ်ရာ တိုင်းတာမှုများအား နှစ်ချင်းတိုင်းတာသည်ထက် ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် စသည်ဖြင့် ၅ နှစ်ခြား တိုင်းတာမှသာ တိုးတက်မှု အလားအလာမှာ ပိုမိုမြင်သာနိုင်ပါသည်။**

**အခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် အရင်းအနှီး လိုအပ်ပါသည်။** ထိုသို့ လိုအပ်သည့် အရင်းအနှီးအတွက် နိုင်ငံတော်၏ ဘတ်ဂျက်ဖြင့် မလုံလောက်ဘဲ တရားဝင် ဖွံ့ဖြိုးမှု အကူအညီများ၊ ချေးငွေများရယူခြင်း၊ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ခြင်း၊ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုများအား အားပေးခြင်း စသည်တို့ ဆောင်ရွက်ရာတွင် ယခင်နှစ် ကာလများက အကြွေးဟောင်းများ ပေးဆပ်သည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် ယုံကြည်မှုများ တည်ဆောက်ခြင်း၊ သဘောတူ စာချုပ်များ၊ ချေးငွေ စည်းကမ်းသတ်မှတ်ချက်များအပေါ် ညှိနှိုင်းခြင်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း လွှတ်တော်အထိ တင်ပြအတည်ပြုဆောင်ရွက်ခြင်း၊ နိုင်ငံတော်အပေါ်ပိတ်ဆို့မှု(Sanction)များ ဖယ်ရှားနိုင်စေရန် ဆောင်ရွက်ခြင်း၊ အခြားနိုင်ငံများ အလားတူ ဆွဲဆောင်မှုရှိသည့် ရင်းနှီးမြှုပ်နှံဥပဒေများ၊ အခြားသော စီးပွားရေးဆိုင်ရာဥပဒေများ ရေးဆွဲခြင်း၊ အတည်ပြုခြင်း၊ မေခရိုစီးပွားရေး တည်ငြိမ်စေရေးနှင့်တကွ တစ်ခုတည်းသော ငွေလဲလှယ်နှုန်း ဖြစ်ပေါ်စေရန် ဆောင်ရွက်ခြင်း၊ ငွေဖောင်းပွမှုနှုန်းအားထိန်းချုပ်ခြင်း စသည်တို့အား စီမံခန့်ခွဲဆောင်ရွက်ရန် အချိန်အတိုင်းအတာတစ်ခုအထိ လိုအပ်ပါသည်။

**အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား အားပေးနိုင်စေရေး**အတွက် ဘဏ္ဍာငွေရရှိနိုင်မှု ဇာစ်မြစ်၊ နည်းပညာလွှဲပြောင်းမှုများ လိုအပ်သည့်အပြင် ဘဏ်လုပ်ငန်းတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုတိုးတက် အားကောင်းစေရေးအတွက် ငွေကြေးနှင့် အရင်းအနှီးဈေးကွက်များ အောင်မြင်စွာ ပေါ်ပေါက်စေရေးသည် အလွန်အရေးကြီးပါသည်။ ထိုသို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စီမံဆောင်ရွက်ရာတွင် လူသားရင်းမြစ်နှင့် စွမ်းဆောင်ရည် လိုအပ်ချက်များအား ဖြည့်ဆည်းတည်ထောင်လျက်ရှိပါသည်။ မည်သို့ဆိုစေ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုနှုန်းသည် **ပထမ(၅)နှစ်ကာလအတွင်း တစ်နှစ် ပျမ်းမျှ(၈)ရာခိုင်နှုန်း ဝန်းကျင်တိုးတက်ရန်အထိ လျာထားဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့အသိအမှတ်ပြု စီးပွားရေးလေ့လာမှု အဖွဲ့အစည်းများ၏ လေ့လာသုံးသပ်ချက်များအရလည်း မြန်မာ့စီးပွားရေး အလားအလာကောင်းများကို ရေးသားဖော်ပြထားပါသည်။**

ဖွံ့ဖြိုးတိုးတက်ခါစ နိုင်ငံတိုင်းအနေဖြင့် **ဖွံ့ဖြိုးမှု**နှင့် **ငွေကြေးဖောင်းပွမှုနှုန်းသည် အတူတကွ** ဖြစ်ပေါ်လေ့ရှိပါသည်။ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှား၊ ပိုလန်၊ ဟန်ဂေရီအစရှိသည့် အသွင်ကူးပြောင်းခဲ့သည့်နိုင်ငံတိုင်း **ငွေဖောင်းပွသည့် အတွေ့အကြုံအား မည်သို့**တွေ့ကြုံခဲ့သည်ကို ပြန်လည်လေ့လာနိုင်ပါသည်။ **အခြေခံအဆောက်အအုံများ၊ ဖွံ့ဖြိုးမှု စီမံချက်များအတွက် အသုံးစရိတ်များ တိုးတက်သုံးစွဲမှုများ**ကြောင့်သော်လည်းကောင်း၊ **ငွေကြေးလည်ပတ်မှုအရှိန်မြန်ဆန်မှုကြောင့်**သော်လည်းကောင်း၊ ငွေကြေးဖောင်းပွမှုနှုန်း တိုးတက်လာပါသည်။ **ငွေကြေးဖောင်းပွမှုနှုန်းသည် များလွန်းလျှင် ဆိုးကျိုးများ ဖြစ်ပေါ်လေ့ရှိသော်လည်း ငွေကြေးဖောင်းပွမှု အတိုင်းအတာတစ်ခုအထိ တည်ရှိနေခြင်းအားဖြင့် စီးပွားရေး အဆောက်အအုံအား ပိုမိုနိုးကြားတက်ကြွစေနိုင်ပါသည်။** ငွေကျုံ့ခြင်းဖြစ်ပေါ်ပါက ပိုမိုဆိုးရွားသည့် ဆိုးကျိုးကို ကြုံတွေ့နိုင်ပါသည်။ မိမိတို့နိုင်ငံတွင်း၌ **တစ်ခုတည်းသော ငွေကြေးလဲလှယ်မှုနှုန်းထားအား ပြောင်းလဲကျင့်သုံးခဲ့ရာတွင်လည်း ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ခဲ့ပြီး ညင်သာသည့် ကူးပြောင်းမှုကို ဖြစ်ပေါ်စေနိုင်ခဲ့**ပါသည်။

အလားတူပင် **စီးပွားရေးတံခါးအား ပိုမိုဖွင့်လှစ်လာခဲ့သည့် နောက်ပိုင်းတွင် ကုန်သွယ်မှုလိုငွေပြသည့် ကိစ္စရပ်**အပေါ်လည်း ဝေဖန်မှုများ ရှိပါသည်။ ကားတင်သွင်းခြင်းတစ်ခုတည်းကြောင့်သာမဟုတ်ဘဲ **အရင်းအနှီးတည်ဆောက်နေသည့် ကာလဖြစ်ပါသဖြင့် စက်ကိရိယာ ယန္တရားများအား တင်သွင်းခြင်း၊ Draw Back, CMP များအတွက် တင်သွင်းမှုများ**သည် သွင်းကုန်ပမာဏ၏ (၅၀)ရာခိုင်နှုန်းကျော် ပါဝင်ပါသည်။ အဆိုပါ **စက်ယန္တရားများသည် ထုတ်လုပ်မှုစွမ်းအားကို တိုးတက်စေနိုင်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ တင်သွင်းခြင်း၊ လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အခါ ပြန်လည်တင်ပို့ခြင်းများ** ဆောင်ရွက်ပါသည်။ **တင်သွင်းမှုများပြုလုပ်တိုင်း နိုင်ငံတော်၏ နိုင်ငံခြားငွေကြေးနှင့် အရန်ငွေကြေးမှ သုံးစွဲခြင်းများ မဟုတ်ပါကြောင်း** တင်ပြအပ်ပါသည်။

**အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြု Home Grown Model**

ယနေ့ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် သမိုင်းတွင် တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးသည့် ဆောင်ရွက်မှုကြီးတစ်ရပ်ဖြစ်ရာ ဗဟို**အုပ်ချုပ်ရေးစနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့**လည်းကောင်း၊ ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ **လွတ်လပ်သည့် ဈေးကွက်စီးပွားရေးစနစ်**သို့ လည်းကောင်း၊ **မတူညီသည့် သဘောသဘာဝရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**အားလည်းကောင်း၊ ဆယ်စုနှစ်ပေါင်းများစွာ **နောက်ကျကျန်နေခဲ့သည့် နိုင်ငံတကာဆက်ဆံရေးအား ဆက်ဆံရေးပုံစံသစ်တစ်ခုအဖြစ်**သို့ လည်းကောင်း ပြုပြင်ပြောင်းလဲလျက်ရှိသည့်အပြင် စီးပွားရေးပိတ်ဆို့မှုတွေ ပယ်ဖျက်ရေး၊ GSP နှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိစေရေး၊ လိုအပ်သည့် နယ်ပယ်များတွင် အလှူရှင်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ အကူအညီအထောက်အပံ့များ ရရှိရေး၊ အဆိုပါ အကူအညီ အထောက်အပံ့တို့အား ထိရောက်အောင် စီမံခန့်ခွဲရခြင်း စသည်တို့အား တစ်ပြိုင်နက်တည်း ပြန်လည်တည်ဆောက်ဆောင်ရွက်နေရသည့် **မြန်မာ့ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးကို အခြားနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ Think Tank နှင့် သုတေသနအဖွဲ့များမှ ပြည်တွင်းဖြစ်စံပုံစံ(Home Grown Model)ဟူ၍ စိတ်ဝင်စားစွာစောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းတို့၏ သုံးသပ်ချက်များအရ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများ ခိုင်မာရခြင်းအကြောင်းအရင်းသည်**

> **မိမိတို့နိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် အလေးပေးဆောင်ရွက်နေသည်မှာ ယခုအခါ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိနေပြီဖြစ်။**

**Stakeholder များ၏ စိတ်သဏ္ဍာန်အတွင်းမှ တိုက်တွန်းချက်( Internal Driven)ကြောင့် ဖြစ်သည်ဟု ဆိုကြသည်။ စင်ကာပူ အမျိုးသားတက္ကသိုလ်နှင့် လီကွမ်ယူ School of Public Policy မှ ကျောင်းသားများအား မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုနှင့်စပ်လျဉ်း၍ လေ့လာရန် Assignment များပေးထားပါ၍ မြန်မာနိုင်ငံသို့ ကျောင်းသားကိုယ်စားလှယ်များ ဆက်တိုက် လာရောက်လေ့လာလျက်ရှိသည်။ ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်မှုလုပ်ငန်းစဉ် သိသာထင်ရှားသော ရလဒ်များဖြစ်ပေါ်စေရေး အတွက် အထောက်အကူအဖွဲ့များနှင့် အစီအစဉ်များ (Governance and Development Programs)**အဖြစ် ပေါ်လစီနှင့် ဦးဆောင်မှုအနေဖြင့် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီ၏ ဦးဆောင်မှု၊ ညှိနှိုင်းပေါင်းစပ်မှု၊ အစိုးရကော်မတီများ၏ ကဏ္ဍအလိုက် ဗျူဟာ၊ ပေါ်လစီနှင့် လုပ်ငန်းဆပ်ကော်မတီများ ပါဝင်သော မဟာဗျူဟာ လေ့လာရေး(Strategic Reform Study Group) အဖွဲ့များဖွဲ့စည်းကာ **ပြည်သူများကို တိုက်ရိုက်အကျိုးပြုစေမည့် ဦးစားပေးနယ်ပယ် ကဏ္ဍခုနစ်ခု**ဖြစ်သည့် လျှပ်စစ်မီး၊ သောက်သုံးရေ၊ စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး၊ အလုပ်အကိုင်ရှိရေး၊ ခရီးသွားလုပ်ငန်းတိုးတက်ရေး၊ ငွေကြေးလုပ်ငန်း၊ အုပ်ချုပ်ရေးကောင်းမွန်စေရေးတို့အတွက် စောင့်ကြည့်လေ့လာသုံးသပ်မှု(Public Service Performance Appraisal Task Force)၊ ရလဒ်ဖော်ဆောင်ရေးအထူးလုပ်ငန်းအဖွဲ့များ (Delivery Units, Task Forces)၊ လုပ်ငန်း အဖွဲ့ (Working Groups)များမှ မိတ်ဖက်အဖွဲ့အစည်း (Development Partners)၊ ပုဂ္ဂလိက ကဏ္ဍ( Private Sector)နှင့် လူမှုအဖွဲ့အစည်းများ(Civil Society)တို့နှင့် ပူးပေါင်းကာ နည်းပညာနှင့် စွမ်းရည်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိပါသည်။

**လိုအပ်နေသည့် ပူးပေါင်းဆောင်ရွက်မှုများ (Necessary Cooperation, Coordination and Collaboration)**

နိုင်ငံ၏ ဖွံ့ဖြိုးမှုအတွက် **လူနေမှုဘဝအရည်အသွေး (Quality of Life)** ရှုထောင့်မှ အရည်အသွေးရှိသည့် ဖွံ့ဖြိုးမှုဖြစ်ပေါ်စေရန် ရည်ရွယ်ပါသည်။ ပြည်သူလူထုတစ်ရပ်လုံး၏ လူနေမှုဘဝအရည်အသွေးကို တိုးတက်စေနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီးကို အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသတွင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ စသည့် Stakeholders အသီးသီးမှ **အနာဂတ်နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် မိမိတို့ တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါသည်။**

ဤသို့ဆောင်ရွက်ရာတွင် ခက်ခဲသည်၊ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရပါသည်။ **English စာလုံး "Challenges"**အား မြန်မာလို **"စိန်ခေါ်မှု"**ဟု ဘာသာပြန်လေ့ရှိပါသည်။ **အများအားဖြင့် "စိန်ခေါ်မှု"ကို မကောင်းသည့်အမြင်ဖြင့် မြင်တတ်ကြပါသည်။ ရည်ရွယ်ချက်ကြီးမားပြီး တိုးတက်ချင်သည့် သူတိုင်း၊ တိုးတက်ချင်သည့် နိုင်ငံတိုင်းအတွက်စိန်ခေါ်မှုများ တည်ရှိနေမည်** ဖြစ်ပါသည်။ **"Challenges" ဟူသည့် စိန်ခေါ်မှုများကို "ကြောက်"ရန် မလိုဘဲ "ကြိုက်"တတ်ရန်** ဖြစ်ပါသည်။ **အပြောင်းအလဲကို လိုချင်သည့် နိုင်ငံတိုင်း၊ တိုးတက်မှုကို လိုချင်သည့် နိုင်ငံတိုင်း "စိန်ခေါ်မှု"များအား "အခွင့်အလမ်း"အဖြစ်သို့ ပြောင်းလဲကာ ရင်ဆိုင်ကျော်လွှားပြီး ထိပ်တန်းသို့ ရောက်ခဲ့ကြရသည့် အနေအထားများသာ ဖြစ်ပါသည်။**

နိုင်ငံတော်သည် လက်ရှိ အင်စတီကျူးရှင်းများအား **လိုအပ်သည့် ချိန်ညှိမှုများ ဆောင်ရွက်ရသကဲ့သို့ လိုအပ်သော ယန္တရားများကို ဖော်ဆောင်ရပါသည်။** လိုအပ်လျက်ရှိသည့်၊ မရှိသေးသည့် **အင်စတီကျူးရှင်းများအားလည်း တည်ဆောက်နေရပါသည်။** စီးပွားရေးစနစ်အား ပိုမိုညီညွတ်မျှတအောင်၊ တရားမျှတသည့် ယှဉ်ပြိုင်မှု ပေါ်ပေါက်လာအောင် ဆောင်ရွက်ရာတွင် သဘာဝသယံဇာတများကို အသုံးပြုပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသကဲ့သို့ အခြားတစ်ဖက်တွင် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ **စဉ်းစားတွေးခေါ်ပုံ(Mindset)များကိုလည်း ပြုပြင်ပြောင်းလဲကြရမည်** ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များသည် အန္တရာယ်အမျိုးမျိုးနှင့် စွန့်စားမှုများလည်း ရှိနေပါသည်။ **နိုင်ငံတော်အနေဖြင့် အပြောင်းအလဲများကို လျင်လျင်မြန်မြန် သွက်သွက်လက်လက် Dynamic ဖြစ်အောင် လုပ်ဆောင်ရာတွင် အဆိုပါ ပြောင်းလဲမှုများနှင့်အတူ လိုက်လျောညီထွေစွာ လိုက်ပါပြောင်းလဲဖို့ လိုအပ်သကဲ့သို့ ပြည်သူတစ်ဦးချင်းစီကလည်း စည်းကမ်းရှိမှု၊ တာဝန်သိမှု၊ အချင်းချင်းစိတ်ရှည်သည်းခံမှု၊ နားလည် ခွင့်လွှတ်မှု၊ စာနာထောက်ထားမှုများနှင့် မိမိတို့၏ အခန်းကဏ္ဍများအား မိမိတို့ သဘောပေါက်နားလည်၍ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်တန်ဖိုးထားကာ ဆက်ဆံ၍ အားလုံး ပူးပေါင်းပါဝင်လုပ်ဆောင်နိုင်ရန်ဟူသည့် စွမ်းရည်များ( Soft Skills)**လည်း လိုအပ်ပါသည်။

ထို့ပြင် **တည်ငြိမ်အေးချမ်းမှုသည် နိုင်ငံတစ်ခု၏ ဖွံ့ဖြိုးမှုအတွက် မဖြစ်မနေ တည်ရှိရမည့် အခြေအနေတစ်ခုဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုမရှိပါက နိုင်ငံ၏ ဖွံ့ဖြိုးမှု အရှိန်အား တုံ့နှေးစေနိုင်မည် ဖြစ်သည်။** မိမိတို့နိုင်ငံ၏ လက်ရှိ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရအနေဖြင့် အလေးပေးဆောင်ရွက်နေသည်မှာ ယခုအခါ ဖွံ့ဖြိုးမှု လမ်းကြောင်းပေါ်သို့ စတင်ရောက်ရှိနေပြီဖြစ်ပါသည်။ **ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်တွင် ဆက်လက်ပြီး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်မှ မသွေဖည်ရေးသည် ဖွံ့ဖြိုးမှုအတွက် အလွန်အရေးပါသည့် Stakeholder များ၏ အချိတ်အဆက်မိမိနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှုတို့အပေါ် များစွာမူတည်ပါသည်။**

**စာမျက်နှာ ၁၁ သို့** ❖

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကမ္ဘာ့ဘဏ်မှ လူထုဗဟိုပြုစီမံကိန်းများ ထပ်တိုးဆောင်ရွက်နိုင်ရန် ဒေါ်လာသန်း ၄၀၀ ထုတ်ချေးရန် ကမ်းလှမ်းခဲ့



**နေပြည်တော် မေ ၁၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ၂၀၁၅ ခုနှစ် မတ် ၁၂ ရက်မှ ၁၃ ရက်အထိ သွားရောက်ခဲ့သော ခရီးစဉ်နှင့် စင်ကာပူသမ္မတနိုင်ငံသို့ ၂၀၁၅ ခုနှစ် မတ် ၂၉ ရက်တွင် သွားရောက်ခဲ့သည့် ခရီးစဉ်များကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးအပ်ခြင်းကို ပယ်ဖျက်ခြင်းနှင့် အသစ်ထပ်မံခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း (၄၀၀) ချေးယူခွင့်နှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက ရှင်းလင်းတင်ပြရာတွင် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်၊ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အနေဖြင့် ကန်ပက်လက်မြို့နယ် ၊ ရှမ်းပြည်နယ်တွင် နမ့်ဆန်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တို့ကို ဆောင်ရွက်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပင်လယ်ဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ထန်းတစ်ပင်မြို့နယ်၊ ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်နှင့် နေပြည်တော်ကောင်စီ တပ်ကုန်းမြို့နယ်တို့ကို ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်း (၉) မြို့နယ်ရှိပါကြောင်း၊ ကချင်ပြည်နယ်တွင် မေလအတွင်း ထပ်မံ၍ မြို့နယ်ရွေးချယ်ရန် လျာထားပါကြောင်း၊ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်၊ ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တို့ရှိ ကျေးရွာပေါင်း (၃၉၀)တွင် လုပ်ငန်းပေါင်း (၃၅၀)ကို ကျေးလက်နေပြည်သူလူထုမှ ရွေးချယ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်စီမံကိန်း အောင်မြင်သည့် အကြောင်းကို ကမ္ဘာ့ဘဏ်က သုံးသပ်ရရှိသည့်အတွက် အခြားနိုင်ငံ အဖွဲ့အစည်းများက ယင်းကိုသိရှိသည့်အတွက် ကမ္ဘာ့ဘဏ်မှ လူထုဗဟိုပြုစီမံကိန်းကို မြို့နယ်များထပ်တိုးဆောင်ရွက်နိုင်ရန်အတွက် ချေးငွေသန်း(၄၀၀)ထုတ်ချေးရန် ကမ်းလှမ်းခဲ့ပါကြောင်း၊ အဆိုပါချေးငွေကို ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းတွင် စီမံကိန်းမြို့နယ်များကို လက်ရှိ (၁၅) မြို့နယ်မှ တိုးချဲ့ပြီးဆောင်ရွက်ရန်အတွက် ဆွေးနွေးခဲ့ပါကြောင်း၊ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်လျက်ရှိသည့်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ငြိမ်းချမ်းရေးအကောင်အထည်ဖော်မှု လုပ်ငန်းစဉ်များနှင့် ပြည်သူဗဟိုပြု ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထောက်ခံအားပေးသည့်အနေဖြင့် အဆိုပါချေးငွေ ပံ့ပိုးခြင်းဖြစ်ပါကြောင်း။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုးတက်ရရှိခဲ့သည့် ချေးငွေဒေါ်လာသန်း (၄၀၀) ဖြင့် မြို့နယ် (၁၁)မြို့နယ်တွင် စီမံကိန်းများတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြို့နယ်ပေါင်း (၃၀)တိုးချဲ့ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ၂၀၁၇-၂၀၁၈ တွင် မြို့နယ်ပေါင်း (၃၅) မြို့နယ် ထပ်မံတိုးချဲ့မည်ဖြစ်သည့်အတွက် စုစုပေါင်း (၇၆) မြို့နယ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဤစီမံကိန်းသည် မြို့နယ်များတွင် (၄)နှစ်ဆက်တိုက် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာ မူဘောင်အရ ပြည်သူဗဟိုပြု နည်းလမ်းသစ်ဖြင့် ကျေးလက်ဒေသနေပြည်သူများကိုယ်တိုင် ရပ်ရွာဒေသကို လိုအပ်သလို ဖော်ထုတ်ကာ ဖွံ့ဖြိုးရေးအကူအညီများဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်အတွက် လူထုအခြေပြုအစည်းအဝေးများအားလုံးပါဝင်၍ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေခြင်းနှင့် အုပ်ချုပ်မှုစနစ်များ ဖြစ်ပေါ်လာစေခြင်း၊ တုံ့ပြန်ရုန်းထွက်နိုင်မှု အားကောင်းသောအဖွဲ့အစည်းဖြစ်ပေါ်လာစေရန် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လူထုဗဟိုပြုစီမံကိန်း တိုးချဲ့ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာ သန်း (၄၀၀) ကို ချေးယူခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင်ငွေ၏ ရှင်းလင်းတင်ပြချက်အပေါ် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ထောက်ခံဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၏ **"တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေနှင့် နည်းဥပဒေပါ အခွင့်အရေးများကို ၂၀၁၅ ခုနှစ် စိုက်ပျိုးရာသီမှစ၍ တောင်သူလယ်သမားများ အချိန်မီရရှိခံစားနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြန်လည်ရှင်းလင်းခြင်း၊ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းများ ဆောင်ရွက်ကြသည်။

**(သတင်းစဉ်)**

# လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအကြံပြုချက်များကိုလိုက်နာလျက် ဒေသဖွံ့ဖြိုးမှုရရှိအောင် ဆောင်ရွက်ပေးခဲ့

**နေပြည်တော် မေ ၁၀**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ **(ယာပုံ)** ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းသည် နိုင်ငံတော်အနေဖြင့် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစံနှုန်းများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်သည့်ကော်မတီဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ ပူးပေါင်း၍ မူလတာဝန်များအပြင် နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် ကြေးနီစီမံကိန်းအား ဘက်စုံထောင့်စုံမှ စနစ်တကျ စီမံဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် ရေရှည်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဖြစ်သည်နှင့်အညီ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် ဒေသနေပြည်သူများနှင့်ပါ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက်များကို အလေးထားလိုက်နာလျက် ဒေသဖွံ့ဖြိုးမှုကို အမှန်တကယ် ပြည့်ပြည့်ဝဝရရှိအောင် အစီအမံများချမှတ်၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကော်မရှင်၏ အစီရင်ခံစာပါ အကြံပြုချက် (၄၂)ချက်အပေါ် ကော်မတီအနေဖြင့် (၃၇)ချက်ကို ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၈၈. ၁၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီဟုဆိုနိုင်ကြောင်း၊ ကျန်(၅) ချက်မှာ စီမံကိန်းထုတ်လုပ်မှုကာလ တစ်လျှောက်လုံး Monitoring and Evaluations Process ဖြင့် စောင့်ကြည့်ကြပ်မတ် ဆောင်ရွက်ရမည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ၊ မြေယာလျော်ကြေးနှင့် ထောက်ပံ့ကြေးထုတ်ယူရန် ကျန်သူများအား ထုတ်ပေးနိုင်ရေးနှင့် အသေးစားအလတ်စားလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းများသာ ကျန်ရှိပါတော့ကြောင်း။

အဆိုပါလုပ်ငန်းများမှာ သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ် ကာလတစ်လျှောက်လုံး စောင့်ကြည့်ကြပ်မတ်သွားရမည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပူးပေါင်းခန့်ခွဲမှုကော်မတီ (Joint Management Committee- JMC) ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

JMC အနေဖြင့် စီမံကိန်းလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဆိုင်ရာသက်ရောက်မှု ဆန်းစစ်ခြင်း



(ESIA) အပြီးသတ် အစီရင်ခံစာပါ ဖော်ပြချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး၊ စီမံကိန်းထုတ်လုပ်မှု ကာလတစ်လျှောက်လုံး စောင့်ကြပ်ကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာနှင့် ထုတ်လုပ်မှုဆိုင်ရာ နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်များကို သတ်မှတ်ကာလအတွင်းရရှိရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာများတွင် အမှန်တကယ်လိုအပ်သည့် လုပ်ငန်းများကို CSD ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ လက်တွေ့ကျကျ ဆောင်ရွက်ပေးသွားစေလိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မြေယာလျော်ကြေး၊ ထောက်ပံ့ကြေးထုတ်ယူရန် ကျန်ရှိသူများကိုလည်း စည်းရုံးခြင်း၊ ဆွေးနွေးခြင်းနည်းလမ်းများဖြင့် လာရောက်ထုတ်ယူနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးကVideo Conferencing စနစ်ဖြင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဒေသအတွင်း မြေလွတ်၊ မြေရိုင်းများ ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့မှု၊ မြေယာလျော်ကြေး၊ သီးနှံလျော်ကြေးနှင့် ထောက်ပံ့ကြေးများ ထုတ်ပေးနိုင်ခဲ့မှုများ၊ စိုက်ပျိုးရေရရှိရေး၊ သောက်သုံးရေရရှိရေးနှင့် စီမံကိန်းဒေသအတွင်း စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး စီမံကိန်းပတ်ဝန်းကျင်ဒေသရှိ ဒေသခံပြည်သူများဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းပတ်ဝန်းကျင်ဒေသရှိ ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် ဒေသခံပြည်သူများ၏ သဘောထားဆန္ဒများအတိုင်း ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့သည့် အခြေအနေများအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက စီမံကိန်းနယ်မြေ အတွင်းရှိ သာသနိက အဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က လက်ပံတောင်းတောင် ကြေးနီစီမံကိန်း သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ပူးပေါင်းစီမံခန့်ခွဲမှုကော်မတီ(JMC) ဥက္ကဋ္ဌ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်းက JMC အနေဖြင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်၍ ကောင်းမွန်သည့် အုပ်ချုပ်မှုအစီအမံများ ချမှတ်ပြီး စီမံကိန်းကို အောင်မြင်အောင် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သိမ်းဆည်းမြေယာ စိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာအကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဒေသအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအား ရှင်းလင်းပြောကြားရာ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်း တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့သည်။

**(သတင်းစဉ်)**

**ပြည်တွင်းရေးရာ**

# စုပေါင်းရဟန်းခံရှင်ပြုအလှူတော်အောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစု တတိယအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော် အောင်ပွဲမင်္ဂလာ ကုသိုလ်တော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အနော်ရထာခန်းမရှေ့ ဥပစာ၌ မန္တလေးမြို့ မဟာဝိဇိတာရုံ ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအမှူးပြုသော သံဃာတော် ၁၈ ပါးနှင့် ဒုလ္လဘရဟန်း ၂၉၄ ပါးအား သိမ်ဆင်းအလှူတော်အဖြစ် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ရှင်သာမဏေ ၃၉ ပါးကိုလည်း လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။



ထို့နောက် ကြွရောက်တော်မူလာကြသည့် သံဃာတော်အရှင်သူမြတ်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ မန္တလေးမြို့ မဟာဝိဇိတာရုံဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော သံဃာတော် ၁၈ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က မဟာဝိဇိတာရုံဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မင်္ဂလာဇေယျပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ **(မြဝတီ)**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(မူကြမ်း) ချုပ်ဆိုခြင်းအပေါ် ကြိုဆိုထောက်ခံ

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(မူကြမ်း) (Nationwide Ceasefire Agreement-NCA) ချုပ်ဆိုနိုင်ရေးအတွက် (၇)ကြိမ်မြောက် တွေ့ဆုံဆွေးနွေးပွဲကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ၃၀-၃-၂၀၁၅ ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့ရာ စာချုပ်ပါအချက်အားလုံးကို သဘောတူညီမှုရရှိခဲ့ပြီး ၃၁-၃-၂၀၁၅ ရက်နေ့တွင် အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့သည်ကို သိရှိရပါသဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သော အောင်မြင်မှုဟု ခေါ်ဆိုနိုင်လောက်သည့် ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော ၎င်းငြိမ်းချမ်းရေး အောင်မြင်မှုအား ကယားပြည်နယ်လွှတ်တော်မှ ကြိုဆိုထောက်ခံပါသည်။

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် နိုင်ငံတော်၏ ရှေ့အလားအလာ ကောင်းမွန်သည့် ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ထောင်နိုင်ရေးအတွက် ယခုကဲ့သို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်(မူကြမ်း) လက်မှတ်ရေးထိုးနိုင်မှုအပေါ် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

**ကယားပြည်နယ်အစိုးရအဖွဲ့**

## ဘားအံမြို့ မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပမည်

**ဘားအံ မေ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့၌ မြန်မာသက္ကရာဇ် ၁၃၇၆ ခုနှစ်မှ ၁၃၇၇ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ ကရင်ပြည်နယ် အစိုးရအဖွဲ့မှ ကြီးမှူး၍ ဘားအံမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော် စည်ကားစွာကျင်းပနိုင်ရေးအတွက် ဗဟိုမဏ္ဍပ်ကို အမှတ်(၂)ရပ်ကွက် နာရီစင်ရှေ့၌ တည်ဆောက်လျက်ရှိပြီး ရပ်ကွက်ယိမ်းအဖွဲ့များ ယှဉ်ပြိုင်ကပြခြင်းများကို မေ ၁၄ ရက်၊ ၁၅ ရက်များတွင်လည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့များမှာ မေ ၁၃၊ ၁၄၊ ၁၅ ရက်များတွင် ကပြဖျော်ဖြေသွားမည်ဖြစ်ပြီး ၁၆ ရက်နေ့တွင် ဆုရရှိသည့် ယိမ်းအဖွဲ့များအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေကစားမဏ္ဍပ်များကို ဘားအံမြို့ပေါ် ရပ်ကွက်များရှိ သတ်မှတ်နေရာအသီးသီးတွင် တည်ဆောက်လျက်ရှိပြီး ရေကစားကြမည့် ပြည်သူများ အဆင်ပြေစွာ ရေကစားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းမြင့်မားစွာရှိနေသော ယခုအချိန်တွင် ခရမ်းလွန်ရောင်ခြည်အန္တရာယ် ပိုမိုကျရောက်နိုင်ပါသည်။ ခရမ်းလွန်ရောင်ခြည်သည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားရောင်ညိုလာခြင်းတို့ဖြစ်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်းစသည့် ရောဂါများဖြစ်ပွားနိုင်ပါသည်။

သို့ပါ၍ ပူပြင်းသောနေရောင်ခြည်ကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း အလုပ်လုပ်ကိုင်သူများ၊ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များအား အောက်ပါအတိုင်း သတိပြုကာကွယ်ရန်နှိုးဆော်အပ်ပါသည်။

၁။ ပူပြင်းသောနေရောင်ခြည်အောက်တွင် အလုပ်လုပ်ပါက မိမိ၏အသားကို နေရောင်ခြည်နှင့်တိုက်ရိုက်မထိတွေ့အောင် ကာကွယ်ပါ။

၂။ နေရောင်ခြည်အောက်တွင် သွားလာလှုပ်ရှားရန်လိုအပ်ပါက မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါလုံခြုံသော ဦးထုပ်၊ ထီးစသည်တို့ ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့) SPF 15+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းရန်နှင့် နေရောင်ခံလိမ်းဆေးကို တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း နောက်တစ်ခါထပ်လိမ်းပါ။

၄။ ခရမ်းလွန်ရောင်ခြည်ကြောင့် မျက်စိထိခိုက်နိုင်ပါသဖြင့် အလှအပသက်သက်ထုတ်လုပ်ထားသော နေကာမျက်မှန်များထက် ၉၉ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို ရွေးချယ်အသုံးပြုပါ။

၅။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ကြောင့် ထိခိုက်မှုအန္တရာယ်ကို ပိုမိုခံစားရသောကြောင့် လူကြီးမိဘများအနေဖြင့်

- အသက်တစ်နှစ်အောက်ငယ်သောကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးများကို အရိပ်ထဲတွင်သာ ကစားပါစေ။
- အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့)နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကြော၊ ခြေထောက်နှင့် ခြေဖမိုးပေါ်သို့ လိမ်းပေးပါ။ ခရမ်းလွန်ရောင်ခြည်မဖောက်နိုင်သော အဝတ်ဝတ်ပေးပါ။ နေကာမျက်မှန်တပ်ပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာသည့် ကမ္ဘာလှည့်ခရီးသည်များထံမှ ဇုန်ဝင်ကြေးကောက်ခံမည်

**ပြည် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဌာနဆိုင်ရာအကြီးအကဲများသည် မတ်လ တတိယပတ်က ရွှေဆံတော်ဂေါပကအဖွဲ့ရုံး(ရင်ပြင်တော်)အစည်းအဝေးခန်းမ၌ ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်သည့်အခါ ဇုန်ဝင်ကြေး (Entrance) ကောက်ခံရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုသို့ညှိနှိုင်းဆွေးနွေးရာတွင် နိုင်ငံခြားသားများ ဘုရားသို့လာရောက်စဉ် ၎င်းတို့ထံမှ ဇုန်ဝင်ကြေးတစ်ဦးလျှင် မြန်မာငွေကျပ် ၃၀၀၀ နှုန်းကို မေ ၁ ရက်မှစ၍ ကောက်ခံသွားရန် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

## ကိုယ်ဝန်ဆောင်မိခင်လောင်းများအား အာဟာရထောက်ပံ့

**ရန်ကုန် မေ ၁၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးများအတွက် အခြေခံကျန်းမာရေး အသိပညာများရရှိစေရန်နှင့် အစားအစာများကို အာဟာရပြည့်ဝစွာ စားသုံးတတ်စေရန် ရည်ရွယ်၍ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေညိုနှင့် အဖွဲ့ဝင်များသည် မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ မေ ၈ ရက် မွန်းလွဲ ၂ နာရီခွဲက သိမ်ဖြူမီးရထားရပ်ကွက် သာသနာဟိတဓမ္မာရုံ၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ပြည်သူများအား အခြေခံကျန်းမာရေးဆိုင်ရာများနှင့်အာဟာရအုပ်စု (၃)စု အကြောင်း ရှင်းလင်းဟောပြောသည်။



အခမ်းအနားတွင် သွေးတိုးနှင့် ဆီးချိုသွေးချိုရောဂါအကြောင်းနှင့် ကြိုတင်ကာကွယ်ဆောင်ရွက်နိုင်ရေးတို့ကိုလည်းကောင်း၊ ယင်နှင့် ကြွက်သတ္တဝါများ သယ်ဆောင်လာသည့် ရောဂါများအကြောင်းနှင့် ကာကွယ်တားဆီး နှိမ်နင်းပုံတို့ကို ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်အေးသိန်းက စကားဝိုင်းဆွေးနွေးပွဲအသွင်ဖြင့် ရှင်းလင်းပြောကြားပြီး သိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။ စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ သိမ်ဖြူမီးရထား ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်လောင်း ၁၁ ဦးအား ငှက်ပျောသီး၊ ကုလားပဲနှင့် ကြက်ဥများ ထောက်ပံ့ပေးအပ်ခဲ့သည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၁-၄-၂၀၁၅(စနေနေ့)**

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်၊ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၆း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၇၈) |
| ၇း၅၀ | ခနုဖြူမြို့ သမိုင်းဝင်ကျိုက္ကာလွန်ပွန်းစေတီတော်မြတ်ကြီး |
| ၈း၃၅ | Forever သင်္ကြန်သက်တံ့ရောင်ရင်ခုန်သံ |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၁၁း၃၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ထာဝရမန္တလေး"(အပိုင်း-၅+၆) |
| ၁၂း၅၀ | အတာကူးတဲ့သင်္ကြန် |
| ၅း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်လှူဆိုးမလေး"(အပိုင်း-၁၅) |
| ၇း၁၅ | Let's Talk |
| ၁၀း၀၅ | Education Talk (မြန်မာစာအရေးအသားနှင့် ကွန်ပျူတာနည်းပညာ) (အပိုင်း-၁) |
| ၁၀း၄၅ | MRTV-4 Stage |
| ၁၂း၃၀ | Spain Laliga Sevilla Vs Barcelona(LIVE) |
| ၄း၀၅ | မန္တလေးမဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး |

# မဟာသင်္ကြန် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အစည်းအဝေးကျင်းပ

**ရန်ကုန် မေ ၁၀**

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ကာလတွင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မဏ္ဍပ်ဆောက်လုပ်သူများနှင့်ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် သင်္ကြန်မတိုင်မီနှင့် သင်္ကြန်ကာလအတွင်း စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ကော်မတီအသီးသီးဖြင့် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများ၊စည်းကမ်းလိုက်နာမှု မရှိသူများအား ထုတ်ပြန်ထားသော ဥပဒေများအတိုင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် အရက်သေစာ လိုင်စင်မဲ့ရောင်းချနေမှုများကို ထိရောက်စွာအရေးယူဆောင်ရွက်သွားမည့် အစီအစဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။ ထို့ပြင် လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေသည့် တာဝန်ရှိသူများ၊ မဏ္ဍပ်တာဝန်ခံများ၊ ပုဂ္ဂလိက လုံခြုံရေးတာဝန်ယူဆောင်ရွက်သူများနှင့် တာဝန်သိပြည်သူများ၏ သတင်းပေးပူးပေါင်းပါဝင်မှုများဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန် အောင်မြင်စွာကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

**❑ သင်္ကြန်ကာလအတွင်းမှ**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးပြည့်စုံက “ဒီနှစ်ကတော့ ပိုပြီးတော့ စည်းကမ်းစနစ်ကျဖို့အတွက် ဆွေးနွေးဆောင်ရွက်နေတာ ဖြစ်ပါတယ်။ သင်္ကြန်ပွဲတော်မှာ မြန်မာ့ယဉ်ကျေးမှုနဲ့ လိုက်လျောညီထွေမှုဖြစ်အောင် သရုပ်ပျက်ဝတ်စားဆင်ယင်မှုနဲ့ ရေကစားမှုမရှိအောင် ဆွေးနွေးကြတယ်။ အဲဒါနဲ့ပတ်သက်ပြီး သင်္ကြန်မဏ္ဍပ်ပိုင်ရှင်တွေလိုက်နာဖို့ သတိပေးတားမြစ်ချက်တွေ၊ နှိုးဆော်ချက်တွေ ထုတ်ပြန်ထားတာရှိပါတယ်။ မှုခင်းမဖြစ်ပွားဖို့၊ မူးယစ်ဆေးဝါးမသုံးစွဲဖို့ နှိုးဆော်ချက်တွေထုတ်ပြန်ထားတယ်။ ယာဉ်အန္တရာယ်ကင်းရှင်းဖို့နှိုးဆော်ချက်တွေရှိတယ်။ နှိုးဆော်ချက်တွေကို ဒီအစည်းအဝေးမှာချပြပြီး ရှင်းလင်းခဲ့တယ်။ သက်ဆိုင်ရာမဏ္ဍပ်ပိုင်ရှင်တွေနဲ့ ရေကစားတဲ့သူတွေလိုက်နာဖို့ သိအောင် အသိပေးဆောင်ရွက်မှုတွေရှိပါတယ်။ ဒီနှစ်မှာဆိုရင်တော့ ပိုပြီး စည်းကမ်းစနစ်တကျ ဆောင်ရွက်လိမ့်မယ်လို့မျှော်လင့်ထားပါတယ်” ဟုပြောသည်။

“ဒီနှစ်မှာတော့ အရင်နှစ်တွေထက် ထူးထူးခြားခြား ရေကစားရင်းနဲ့ မူးယစ်ဆေးဝါး အလွဲသုံးစားပြုပြီးသုံးစွဲတာ၊ ရောင်းဝယ်ဖောက်ကားတာ မဖြစ်ဖို့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့နဲ့ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ပူးပေါင်းပြီးစီမံချက်ချ ဆောင်ရွက်နေတာရှိပါတယ်။ သင်္ကြန်ကာလမှာ ထိထိရောက်ရောက်ဆောင်ရွက်သွားမှာပါ။ အထူးသဖြင့်ဒီနှစ်မှာဆိုရင် တရားမဝင်ကာမ အားတိုးဆေးတွေကို အလွဲသုံးစားမပြုအောင် အသိပညာပေးလုပ်ငန်းတွေ သင်္ကြန်အကြိုကာလမှာ လုပ်နေတာရှိတယ်။ ဖမ်းဆီးအရေးယူနေတာတွေရှိတယ် တရားမဝင် ကာမအားတိုးဆေးတွေသုံးရင် မလိုလားအပ်တဲ့ ပြဿနာတွေ ဖြစ်လာနိုင်တယ်။ စီမံချက်တစ်ရပ်အနေနဲ့ဆောင်ရွက်နေတာရှိတယ်” ဟု ရဲမှူးပြည့်စုံက ထပ်မံရှင်းပြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် မြို့နယ်အလိုက် မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလအတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး၊ စည်းကမ်းသေဝပ်ရေးနှင့် ပြည်သူများ ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ရေဆိုးရေပုပ်များနှင့် မပက်ရန်၊အသက်အန္တရာယ်ရှိ ပစ္စည်းများနှင့် ရေပက်ကစားခြင်း၊ ရေကစားမဏ္ဍပ်များတွင် အရက်ကောင်တာများ ဖွင့်လှစ်ရောင်းချခြင်း၊ တရားမဝင် မူးယစ်ဆေး၊ စိတ်ကြွဆေး၊ ကာမနိုးကြားစေသည့် ဆေးဝါးများ ရောင်းချခြင်းမပြုလုပ်ရန် စသည့် တားမြစ်မိန့်များ ထုတ်ပြန်ထားကြောင်းနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၈ ကို ၂၀၁၅ ခုနှစ် ဧပြီ ၁၇ ရက်အထိ ထုတ်ပြန်ထားကြောင်းသိရသည်။

ပြည်လမ်းနှင့် ဓမ္မာရုံလမ်းထောင့်တွင် တည်ဆောက်ထားသည့် နွေတန်ခူး ရေကစားမဏ္ဍပ် မှ တာဝန်ရှိသူတစ်ဦးက “မဏ္ဍပ်တွေဆောက်တဲ့အခါ ချမှတ်ထားတဲ့ မူတွေ၊ ဘောင်တွေ၊ စည်းမျဉ်းစည်းကမ်းတွေအတိုင်း အများပြည်သူ ဘေးကင်းလုံခြုံစွာ ရေပက်ကစားနိုင်ဖို့ ဆောက်လုပ်ထားပါတယ်။ နောက်ပြီးချမှတ်ထားတဲ့ သရုပ်ပျက် ဝတ်စားဆင်ယင်မှုတွေ မဝတ်ဆင်ဖို့၊ မူးယစ်ဆေးဝါးတွေမသုံးစွဲဖို့၊ ရေကစားမယ့် ကလေးတွေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ သင်္ကြန်ပွဲတော်ကို ဆင်နွှဲသွားမယ်”ဟုပြောသည်။

အနုပညာရှင် သရုပ်ဆောင်မိုးအောင်ရင်က “ကျွန်တော့်ရေကစားမဏ္ဍပ်နာမည်က လောကနိဗ္ဗာန်လို့အမည်ရတယ်။ ပါရမီလမ်းနဲ့ ပြည်လမ်းထောင့် မင်းလမ်းမုန့်တီဆိုင် အာစီတူးအလယ်နားလောက်မှာ သွားကျတယ်။ ကျွန်တော်ကိုယ်တိုင်ဒီဂျေနဲ့ ဖျော်ဖြေမယ်။ ဒီမှာ ဆွေးနွေးမှာကြားချက်တွေက မလိုက်နာစရာအကြောင်းလည်းမရှိဘူး။ မလိုက်နာတဲ့လူလည်း မရှိလောက်ဘူးလို့ထင်တယ်။လူငယ်ဆိုတော့ ပျော်ပျော်ပါးပါးလွတ်လွတ်လပ်လပ်နေတတ်ကြတာပဲ။ ဒါပေမယ့် စည်းကမ်းတွေတော့ လိုက်နာရမှာပေါ့” ဟု ပြောသည်။

သင်္ကြန်ကာလအတွင်းဖြစ်ပွားသော မှုခင်းများကိုလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၄၅ မြို့နယ်တွင် ကိုကိုးကျွန်းမှလွဲ၍ ကျန် ၄၄ မြို့နယ်တွင် တရားရုံးများဖွင့်လှစ်ပြီး နေ့ချင်းပြီး တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နှစ်သစ်ကူးအတာသင်္ကြန်ကာလတွင် ရေကစားမဏ္ဍပ်များအား ကန်တော်ကြီးပတ်လမ်းတွင် ၁၃ခု၊ ကမ္ဘာအေးစေတီလမ်းတွင် ၁၁ခု၊ သီးခြားမဏ္ဍပ်ကြီးအနေဖြင့် မဏ္ဍပ်အကြီး ၁၇ခု၊ အလတ် ငါးခု စုစုပေါင်း ၄၆ခုရှိကြောင်း သိရသည်။ **(သီသီမင်း)**



**◆ ဝေလအသင်းမှ**

ထို့အတူ စကော့တလန်အသင်းသည် ကမ္ဘာ့အဆင့် (၂၉)သို့လည်းကောင်း၊ အင်္ဂလန်အသင်းသည် အဆင့် (၁၄)နေရာသို့လည်းကောင်း၊ မြောက်အိုင်ယာလန်အသင်းမှာ အဆင့်(၄၂)နေရာသို့လည်းကောင်း တက်လှမ်းလာခဲ့သည်။ ပြင်သစ်အသင်းနှင့် အီတလီအသင်းတို့မှာ ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ အဆင့်လျော့ကျသွားခဲ့သည်။

၂၀၁၅ ခုနှစ် ဧပြီလအတွင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့အဆင့် (၁၀)အတွင်း ဝင်လျက်ရှိသည့်အသင်းမှာ (၁)ဂျာမနီ၊ (၂)အာဂျင်တီးနား၊ (၃)ဘယ်လ်ဂျီယံ၊ (၄)ကိုလံဘီယာ၊(၅)ဘရာဇီး၊ (၆)နယ်သာလန်၊ (၇)ပေါ်တူဂီ၊ (၈)ဉရုဂွေး၊ (၉)ဆွစ်ဇာလန်၊(၁၀) စပိန်တို့ဖြစ်ကြသည်။

ဝေလအသင်းသည် မတ်လအတွင်းက အစ္စရေးအသင်းအား သုံးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းကြောင့် ယူရို ၂၀၁၆ ဝင်ခွင့်ပြိုင်ပွဲတွင် အုပ်စု(ခ)၌ ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သော်လည်း လက်ရှိတွင်မူ ဂိုးကွာခြားချက်အရ ဘယ်လ်ဂျီယံ၏နောက် အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

**(နိုင်လင်းကြည်)**

# ယီမင်နိုင်ငံမှ ကယ်ဆယ်ခဲ့သော မြန်မာနိုင်ငံသားနှစ်ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရန်ညှိနှိုင်း

**နေပြည်တော် မေ ၁၀**

ယီမင်နိုင်ငံတွင် ပြည်တွင်းပဋိပက္ခဖြစ်ပွားမှုကြောင့် အိန္ဒိယနိုင်ငံသားအလုပ်သမားများနှင့် မြန်မာနိုင်ငံသားအလုပ်သမားနှစ်ဦးတို့ကို ဂျီဘူတီနိုင်ငံမှတစ်ဆင့် INS Mumbai သင်္ဘောဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ လာမည့်ငါးရက်ခန့်တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ ရောက်ရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား အလုပ်သမားနှစ်ဦးအား မြန်မာနိုင်ငံသို့ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နယူးဒေလီရှိမြန်မာသံရုံးနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသံရုံးတို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**



**မေ ၁၀ ရက်က ထိုင်းနိုင်ငံ ဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံ၏ နှစ်(၆၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုကျင်းပသည့် အကြိမ်(၂၀)မြောက် ကင်းထောက်များ တွေ့ဆုံပွဲ(ဂျန်ဘူရီ)သို့ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့မှ ကင်းထောက်များ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့(ယာယီ)မှ ကော်မတီဝင်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# ရေကြောင်းသတိပေးချက်

**နေပြည်တော် မေ ၁၀**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Geotechnical Site Investigation (GTI) Survey လုပ်ငန်းများကို MV.MARINER(Call Sign;HO9324) ရေယာဉ်ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ၂၉-၄-၂၀၁၅ ရက်မှ ၂၆-၅-၂၀၁၅ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A1 | 14° 31' 29.420"N | 95° 30' 1.599"E |
| B1 | 14° 31' 34.510"N | 96° 14' 42.253"E |
| C1 | 14° 0' 18.668"N | 96° 14' 31.841"E |
| D1 | 14° 0' 15.200"N | 95° 50' 51.491"E |
| E1 | 13° 52' 24.123"N | 95° 50' 48.796"E |
| F1 | 13° 52' 21.410"N | 95° 30' 7.453"E |

အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက် ထန်းပင်ကုန်းလမ်းမကြီး၊ အမှတ်(၆)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ**သည် ယင်းပါတီ၏အလံကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏အလံကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**❀ မြန်မာအသင်းမှ**

ငါးသင်း၊ ရှစ်အုပ်စုခွဲကာ ကျင်းပမည်ဖြစ်သည်။ ယခုအဆင့်တွင် အာရှထိပ်သီးအသင်းများလည်း ပါဝင်လာမည်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စုခွဲဝေရန် ဦးစားပေး အဆင့်(၄)တွင် သတ်မှတ်ခံထားရသည်။ ခြေစစ်ပွဲအုပ်စုများခွဲဝေရန်အတွက် ဦးစားပေးအဆင့်များသတ်မှတ်ရာတွင် ဦးစားပေးအဆင့် (၁) ၌ အီရန်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ ယူအေအီး၊ ဥဇဘက်ကစ္စတန်၊ တရုတ်၊ အီရတ်၊ အဆင့် (၂)၌ ဆော်ဒီ၊ အိုမန်၊ ကာတာ၊ ဂျော်ဒန်၊ ဘာရိန်း၊ ဗီယက်နမ်၊ ကူဝိတ်၊ ဆီးရီးယား၊ အဆင့် (၃)၌ အာဖဂန်နစ္စတန်၊ ဖိလစ်ပိုင်၊ ပါလက်စတိုင်း၊ မော်လ်ဒိုက်၊ ထိုင်း၊ တာဂျစ်ကစ္စတန်၊ လက်ဘနွန်၊ အိန္ဒိယ၊အဆင့်(၄)၌ မြန်မာ၊ တီမော၊ ကာဂျစ္စတန်၊ မြောက်ကိုရီးယား၊ အင်ဒိုနီးရှား၊ တာ့ခ်မင်နစ္စတန်၊ စင်ကာပူ၊ ဘူလ်တန်၊ အဆင့်(၅)တွင် မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဟောင်ကောင်၊ ယီမင်၊ ဂူအမ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် တရုတ်(တိုင်ပေ) တို့ ပါဝင်နေသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

# ဒိုက်ဦး၌ ဥပဒေနှင့် မှုခင်းပညာပေးဟောပြော

**ဒိုက်ဦး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဒိုက်ဦးမြို့မရဲစခန်းနယ်မြေ ဥပဒေနှင့်မှုခင်းအသိပညာပေးဟောပြောပွဲကို ဒိုက်ဦးမြို့နယ် ဆာပါချုံကျေးရွာအုပ်စု မအူတောကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မေ ၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် စခန်းမှူးက မှုခင်းနှင့်ပတ်သက်သော အချက်အလက်များ၊ မှုခင်းဖြစ်ပွားစေသော အကြောင်းအရာများနှင့် မှုခင်းကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး ဒု-ရဲအုပ်သက်ကိုကိုဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ဟောပြောကြောင်း သိရသည်။ **ကျော်ကျော် (IPRD)**

# ဆေးရောင်စုံသင်္ကြန်

ညွန့်သစ္စာ

မြန်မာတို့၏ နှစ်သစ်ကူးချိန် နီးလာသည်နှင့်အမျှ ကြည့်လေရာ၊ မြင်လေရာ၊ ကြားလေရာတိုင်းတွင် သင်္ကြန်၏ အငွေ့အသက်တို့ လွှမ်းခြုံ၍နေသည်။

မကြာတော့မည့် အချိန်ကာလတွင် နှစ်ဟောင်းကုန်လို့ နှစ်သစ်ဆီသို့ ရောက်ပေတော့မည်။ တူးပို့တူးပို့သီချင်းသံတို့ဖြင့် လွှမ်းဆွတ်ဖွယ် မြန်မာတို့၏ နှစ်သစ်ကူးအား သင်္ကြန်ရေဖြင့် ဆေးကြောရန် မြန်မာလူငယ်တို့ စိတ်လှုပ်ရှားတက်ကြွစွာဖြင့် ပြင်ဆင်ကြလေပြီ။ အစိုးရရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်၊ အလုပ်ပိတ်ရက်များဖြင့် မြန်မာ့ပြက္ခဒိန်တွင် အရှည်ကြာဆုံး အားလပ်ရက်ရသည့် နှစ်ကူးသင်္ကြန်အခါသမယအား မြန်မာပြည်တွင်းရှိ လူငယ်များသာမက ပြည်ပရောက် မြန်မာလူငယ်များပါ အမိမြေသို့အရောက်ပြန်လာပြီး ပါဝင်ဆင်နွှဲရန် အားခဲနေကြပေပြီ။

အသက်(၂၆)နှစ်အရွယ် မမီးမီးတစ်ယောက် ယခုနှစ် သင်္ကြန်တွင် သူငယ်ချင်းများဖြင့် မဏ္ဍပ်ထိုင် ရေကစားရန်ကြိုတင်စိတ်လှုပ်ရှားနေလေသည်။ မမီးမီးသည် ယခင်နှစ်သင်္ကြန်ရက်များတွင် ရေပက်ခံထွက်လေ့ရှိသော်လည်း ယခုနှစ်သင်္ကြန်ရက်များသည် အပူချိန်လွန်ကဲမှု၊ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် ကားပေါ်တွင် အချိန်ကုန်နေမည်ကို စိုးရိမ်သဖြင့် မဏ္ဍပ်ထိုင်ရန် ဆုံးဖြတ်ခဲ့ကြောင်း မမီးမီးက ပြောသည်။

"မဏ္ဍပ်ထိုင်မယ်။ လက်မှတ်ကြိုဝယ်ရတယ်။ သင်္ကြန်မတိုင်ခင် ကြိုရောင်းတာကတော့ ခြောက်သောင်းလောက်ကနေ စတယ်။ သင်္ကြန်ရက်နီးလာတာနဲ့ လက်မှတ်ဈေးတွေကလည်း တက်လာတယ်။ ဒါပေမယ့် အစ်မထိုင်တဲ့ မဏ္ဍပ်ကတော့ မနှစ်က နှစ်သောင်း၊ ဒီနှစ်တော့ တစ်သောင်းခုနစ်ထောင်လောက်ပဲ ပေးရတော့တယ်။ တစ်ခါမှတော့ အစ်မက မဏ္ဍပ်မထိုင်ဖူးဘူး။ ထမင်းဘူးတစ်ဘူးနဲ့ ရေသန့်ဘူး တစ်ဘူး ပေးမယ်။ မဏ္ဍပ်က အင်းယားကန်ပတ်လမ်းမှာ"ဟု မမီးမီးက ပြောလာသည်။

ခေတ်ကာလရေစီးကြောင်း၏ အလိုအရ ယခင်က သင်္ကြန်အစားအစာများဖြစ်သည့် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ ရွှေရင်အေး စသည့် ရိုးရာသင်္ကြန်အစားအစာများ နေရာတွင် အရက်၊ ဘီယာနှင့် စိတ်ကြွဆေးများသည် ခေတ်လူငယ်များအကြား အသင့်သုံးသင်္ကြန်ရိုးရာစားသောက်ဖွယ်ရာများသဖွယ် နေရာယူလာသည်။

ရေကစားမဏ္ဍပ်များ၏ စိတ်မြူးကြွဖွယ်ရာ တေးသံသာများအကြား နောက်ဆုံးပေါ် အဝတ်အစားဒီဇိုင်းများ ဝတ်ဆင်ကာ ကခုန်မြူးထူးကြမည့် ခေတ်လူငယ်များအကြား အရက်၊ ဘီယာနှင့် စိတ်ကြွဆေးများသည် သင်္ကြန်အာဟာရဖြစ်လာသည်။ သင်္ကြန်ရေကစားမဏ္ဍပ်များ၏ နောက်ဘက်တွင် လူငယ်များအတွက် အပန်းဖြေအနားယူခန်း၊ အဝတ်လဲနိုင်ရန်အတွက် ဗီနိုင်းပိုစတာများဖြင့် ကာရံထားသော အခန်းငယ်များကြောင့်လည်း အဆိုပါ အခန်းငယ်များအတွင်း ပန်းပွင့်အချို့ ကြွေခဲ့ကြွေခဲ့ရဖူးလေသည်။

"သင်္ကြန်ဆိုတာ လူငယ်တို့အတွက် မြူးစရာပျော်စရာဖြစ်သော်လည်း သင်္ကြန်အာဟာရသဖွယ် မှီဝဲခဲ့ကြသည့် အရက်၊ ဘီယာနှင့် စိတ်ကြွဆေးများကတော့ သောကပွေစေလိမ့်ဦးမည်" သုံးစွဲမိသောက်သုံးမိလိုက်သည်နှင့် သတိလစ်စေရန် ပြုလုပ်နိုင်သည့် မေ့ဆေးအစွမ်းရှိဆေးဝါးများနှင့် ကာမစိတ်ကိုတက်ကြွစေသည့် ညစ်ညမ်းဆေးဝါးများ၊ ညစ်ညမ်းလက်ဖက်ရည်၊ လေဒီကော်ဖီ စသည်တို့ကြောင့် မည်သည့်အကြောင်းအရာမျှ ပြန်မပြောပြနိုင်၊ ကိုယ့်ကိုယ်ကိုမထိန်းနိုင်သည့်ဘဝမျိုး ရောက်ရှိသွားကြသည့် သင်္ကြန်ကာလအတွင်း ဖြစ်ရပ်များစွာလည်း ရှိခဲ့သည်။

ယခုနှစ် ရန်ကုန်တွင်ကျင်းပမည့် မြန်မာ့ရိုးရာသင်္ကြန်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တင်းကျပ်သောစည်းမျဉ်းများဖြင့် ရေကစားကဏ္ဍပ်များအတွင်း အခန်းငယ်များ ထည့်သွင်းတည်ဆောက်ခြင်းကို တားဆီးထားသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ထုတ်ပြန်ကြေညာချက်တွင်လည်း ရေကစားမဏ္ဍပ်များ၌ လျှို့ဝှက်အခန်း၊ အလုံပိတ်အခန်းများ ထည့်သွင်းတည်ဆောက်ခြင်းမပြုရန် ထုတ်ပြန်ထားပြီး ဌာနပေါင်းစုံပါဝင်သည့်စစ်ဆေးရေးအဖွဲ့က လိုက်လံစစ်ဆေးကာ တွေ့ရှိပါက မဏ္ဍပ်ပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဟု ဆိုထားသည်။



၂၀၁၄ ခုနှစ် ရန်ကုန်သင်္ကြန်ပွဲတော် နောက်ဆုံးနေ့မြင်ကွင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ - Myanmar Celebrity.com)

သင်္ကြန်သည်"သင်္ကြန္တ"ဟူသော သက္ကတပုဒ်မှ လည်းကောင်း၊ "သင်္ကန္တ" ဟူသော ပါဠိမှ လည်းကောင်း ဆင်းသက်လာပြီး ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အဓိပ္ပာယ်ရကြောင်း စာဆိုတို့က ဖွင့်ဆိုကြသည်။ ခေတ်ကာလများ ရွေ့လျားလာသည်နှင့်အမျှ ဝေါဟာရများသာမက မြန်မာနိုင်ငံ၏ သင်္ကြန်ဓလေ့ထုံးစံများလည်း ပုံစံသစ်တစ်ခုသို့ ရွေ့လျားလာခဲ့ပြီဖြစ်သည်။

ယခင်ဘိုးဘွားတို့လက်ထက် နှောင်းခေတ်ကာလက သပြေခက်ဖြင့် ရေပက်ခဲ့ကြသော သင်္ကြန်သည် ယနေ့လူငယ်တို့ခေတ်တွင်မူ သရုပ်ပျက်အဝတ်အစား၊ သရုပ်ပျက်အကများ၊ ဒီဂျေတေးသံများ ပျံ့လွင့်နေသည်။ အဆိုပါ ရေကစားမဏ္ဍပ်များတွင် ခုန်ပေါက်အော်ဟစ်ကာ မူးယစ်ရေကစားသူများ၊ အမိုးဖွင့်သင်္ကြန်ကားများပေါ်တွင် မူးယစ်ရေပက်ခံသူများကို တွေ့မြင်လာရသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ ခုတွင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်တို့၏ ညွှန်ကြားမှုဖြင့် သင်္ကြန်ကာလမတိုင်မီနှင့် သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးများကြောင့် လူငယ်များ ဘေးအန္တရာယ် မဖြစ်စေရေးအတွက် အသိပညာပေး ဟောပြောပွဲများနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်ဇရိယာအတွင်း မူးယစ်ဆေးဝါး၊ စိတ်ကြွဆေးနှင့် ကာမစိတ်ကိုနိုးကြွစေသော ဆေးဝါးများကို မတ်လအတွင်း၌ ၅၇ မှုနှင့် ဧပြီ ၅ ရက်အထိ ၂၀ မှု ဖမ်းဆီးရမိခဲ့ကြောင်း ရန်ကုန်အနောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ရန်ကုန်မြို့၏ သင်္ကြန်ကာလအတွင်း လူစည်ကားရာ အင်းယားလမ်းနှင့် ကန်တော်ကြီးပတ်လမ်းတို့ရှိ ရေကစားကဏ္ဍပ်များ ပြင်ဆင်လျက်ရှိနေသည်မှာ ရုပ်လုံးပေါ်နေပြီဖြစ်သည်။ အင်းယားလမ်းရှိ နာမည်ကြီးမဏ္ဍပ်တစ်ခုတွင် ရေကစားရန် လက်မှတ်ဝယ်ယူထားသူ တာမွေတွင်နေထိုင်သည့် ကိုနေသွေးက "ကျွန်တော်ထိုင်မယ့် မဏ္ဍပ်မှာ ဒီနှစ်တော့ အရက်၊ ဘီယာမပေးပါဘူး" ဟု ပြောသည်။

ကိုနေသွေးတစ်ယောက် ထိုသို့ပြောလာသော်လည်း မူးယစ်မဏ္ဍပ်များစွာနှင့် ချိုချဉ်ကွမ်းယာမှ အစပြုကာ အရက်၊ ဘီယာအဆုံး ဝယ်ယူသောက်သုံးနိုင်ရန် လာရောက်ရောင်းချပေးမည့် ဈေးသည်များကတော့ လူစည်ကားရာရေကစားမဏ္ဍပ်များအနီးအနားတွင်သာမက ရန်ကုန်တစ်မြို့လုံးတွင် ရှိနေပေလိမ့်ဦးမည်။

ရန်ကုန်မြို့ပြ၏ ခေတ်ပေါ်သင်္ကြန်သည် သရုပ်ပျက်တံဆိပ်ကို ကပ်နှိပ်ခြင်းခံထားရသော်လည်း ရန်ကုန်မြို့ပေါ်တွင် နှစ်စဉ်ရိုးရာမပျက်ကျင်းပခဲ့သည့် ရခိုင်သင်္ကြန်ကတော့ ခေတ်လူငယ်များ၏ အာရုံကို ယခုတိုင် ဖမ်းစားနေဆဲပင်။

သင်္ကြန်ချစ်သူလည်းဖြစ်၊ ရခိုင်တိုင်းရင်းသူ တစ်ဦးလည်းဖြစ်သည့် မမီးသျှေက "သင်္ကြန်ဆိုရင် ရိုးရာအတိုင်း စည်တာက ရခိုင်သင်္ကြန်ပေါ့။ နေ့လယ်ခင်း မဏ္ဍပ်တွေပိတ်ထားချိန်မှာ မနှစ်ကဆိုရင် သိမ်ဖြူကွင်းမှာလုပ်တဲ့ ရခိုင်သင်္ကြန်က ကွင်းလုံးပြည့်စည်တယ်။ မြန်မာတွေသာမက နိုင်ငံခြားသားတွေလည်း လာကြတယ်။ ဒီနှစ်တော့သုဝဏ္ဏကွင်းမှာ လုပ်မှာ"ဟု ၎င်း၏ ရခိုင်သင်္ကြန်အတွေ့အကြုံကို ပြောပြသည်။

ရခိုင်ရိုးရာသင်္ကြန်ရေကစားမဏ္ဍပ်များသည် ဧပြီ ၁၃ ရက်နေ့(သင်္ကြန်အကြိုနေ့)တွင် ရခိုင်လှပျိုဖြူများဖြင့် နံ့သာသွေးပွဲ၊ နံ့သာသွေးပြိုင်ပွဲနှင့် ရခိုင်ရိုးရာဘုရားရေသပ္ပာယ်ပွဲများကို ရခိုင်စည်တော်ယွန်းကာ စည်ကားစွာ ကျင်းပလေ့ရှိသည်။

ရခိုင်ရေကစားပွဲကျင်းပရာ ဇရိယာအတွင်းရှိ ရေကစားမဏ္ဍပ်အသီးသီးတွင် ဆင်တူဝတ်စုံများ ဝတ်ဆင်ကာ ရခိုင်ရိုးရာလေ့ကို ကျောပေးထိုင်နေကြသည့် ရခိုင်အမျိုးသမီးငယ်လေးများအား ရေလောင်းချင်သည့် လုလင်ပျိုလေးများက မဏ္ဍပ်ရှင်မ (အပျိုထိန်းအမျိုးသမီး)ကို "အို၊ အို အရီးချေ၊ ရီတစ်ခွက်လောက် လောင်းပရစီ ခွင့်ပြုပေးပါ မရီးချေ" (မရီးချေ၊ ရေတစ်ပုံးလောက် လောင်းပါရစေ) ဆိုပြီး ခွင့်တောင်းကာ အပျို လူပျိုနှစ်ယောက်ကြား၌ လျှော်ခြားကာ ယောကျ်ားလေးက မိန်းကလေးကို ရေလောင်းရခြင်းဖြစ်သည်။ "ရခိုင်သင်္ကြန်မှာ ရေကစားကြရင်း မေတ္တာမျှသွားတဲ့ စုံတွဲတွေ အများကြီးရှိပါတယ်" ဟု ရခိုင်တိုင်းရင်းသူ မမီးသျှေက ပြောသည်။

မိဘရပ်ထံပြန်ရန်အတွက် ခက်ခက်ခဲခဲ တန်းစီဝယ်ယူထားရသည့် အိမ်အပြန်ကားလက်မှတ်နှင့် သူငယ်ချင်းများ လက်ဆောင်ပေးလာသည့် သင်္ကြန်ရေကစားမဏ္ဍပ်လက်မှတ်ကို ကိုင်ကာ မည်သည်ကို ဦးစားပေးရမှန်းမသိ ဝေခွဲမရဖြစ်နေသူကား ရှမ်းပြည်နယ်မှ ရန်ကုန်မြို့သို့ လာရောက်အလုပ်လုပ်ကိုင်နေသည့် ကိုမင်းဖြစ်သည်။ ကိုမင်းတစ်ယောက် တစ်နှစ်တာကာလအတွင်း မတွေ့ဆုံခဲ့ရသည့် မိဘဆွေမျိုးများနှင့်လည်း တွေ့ချင်၊ သူငယ်ချင်း အပေါင်းအသင်းများနှင့်လည်း ရန်ကုန်သင်္ကြန်၏ အရသာကို ခံစားချင်ဖြစ်နေလေသည်။

ကိုမင်း၏ သူငယ်ချင်း တစ်စုကတော့ မဏ္ဍပ်ထိုင်ရုံတင်မက အကြတ်နေ့တစ်ရက် ရေပက်ခံကားနှင့်ပါ ရေပက်ခံထွက်ကြဦးမည်။ "ကားနဲ့ လည်ဖို့တော့ သူငယ်ချင်းတွေ စုကြရတယ်။ ကားတစ်စီးကို ဒီနှစ် တစ်သိန်းသုံးသောင်းလောက်ကနေ တစ်သိန်းခွဲအထိ ပေါက်ဈေးရှိတယ်။ တစ်နေကုန်ပေါ့။ လိုက်ထရပ်လိုကားဆိုရင် လူ ၂၀ လောက်ဆံ့တော့ တစ်ယောက်ကို ငွေ ၇၀၀၀ လောက်ပဲ ကျတာပေါ့" ဟု ကိုမင်းက ဆိုသည်။

သင်္ကြန်ကာလအတွင်း ယာဉ်တိုက်မှုများ လျော့ကျစေရေးအတွက် ယာဉ်မောင်းသူများအား Alcohol Tester ဖြင့် စစ်ဆေးမှုများပြုလုပ်ကာ မူးယစ်မောင်းနှင်သည်ကို တွေ့ရှိပါက ယာဉ်မောင်းပြောင်းခိုင်းခြင်း၊ ယာဉ်မောင်းသူ အပိုမပါရှိပါက ယာဉ်အားဆက်လက်ထွက်ခွာခြင်းမပြုရန် တားမြစ်ခြင်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆောင်ရွက်သွားမည်။ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်သည့် နေရာများမှ ယာဉ်များကို ကရိန်းကားများဖြင့် ဆယ်တင်ပေးသွားမည်ဟု ရန်ကုန်(၅၂)လမ်းရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

မြန်မာ့ရိုးရာသင်္ကြန်သည် ပျော်ရွှင်လိုသူများ ပျော်ရွှင်ခွင့်ပြုထားသလို အေးငြိမ်းမှုရှာဖွေလိုသူများအတွက်လည်း အေးငြိမ်းစေလိမ့်မည်။ ဧည့်လမ်းညွှန်တစ်ဦးဖြစ်သည့် မသီရိက ယခုနှစ်သင်္ကြန်ကို ဓမ္မရိပ်၌သာ အချိန်ကုန်ဆုံးမည်ဟု ယတိပြတ်ဆုံးဖြတ်ထားသည်။

ရန်ကုန်မြို့ ကန်တော်ကြီးအတွင်းရှိ ယူတိုးပီးယား KTV ခန်းမ၌ သူငယ်ချင်းများနှင့် သီဆိုကခုန်ရင်း မသီရိက ၎င်း၏ ဆုံးဖြတ်ချက်ကို ထိုကဲ့သို့ဖွင့်ဟခဲ့ခြင်းဖြစ်သည်။ "မဟာစည်ရိပ်သာမှာ စာရင်းပေးထားတယ်။ သင်္ကြန်ဆိုတာ နှစ်တိုင်းလည်း နွှဲခဲ့တာပဲလေ။ ဒီတစ်နှစ်တော့ ကုသိုလ်ကောင်းမှုလုပ်ရင်း၊ တရားအားထုတ်ရင်း ကုန်ဆုံးမယ်။ မဏ္ဍပ်တွေလည်း ထိုင်ခဲ့ဖူး၊ ရေပက်ခံလည်းထွက်ခဲ့ဖူးပြီ။ သင်္ကြန်ဆိုတာ ကိုယ့်အတွက် အတွေ့အကြုံစုံခဲ့ပြီ။ ငြိမ်းချမ်းတာပဲ လိုချင်တော့တယ်" ဟု မသီရိက ဆိုသည်။

မြန်မာလူငယ်တို့ ယခုနှစ်သင်္ကြန်ကို မည်သည့်ဝေါဟာရဖြင့် ဝိသေသပြုနိုင်ကာ သမိုင်းအမွေပေးကြမည်ကိုကား မကြာမီလာတော့မည့် သင်္ကြန်ရက်များတွင် မြင်တွေ့ရတော့မည်သာဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က သင်္ကြန်ကာလအတွင်း ရိုက်နှက်မှု၊ ကာယိန္ဒြေနှောင့်ယှက်မှုများအား ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရန် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကိုကိုးကျွန်းမြို့နယ်မှအပ ကျန် ၄၄ မြို့နယ်ရှိ တရားရုံးများကို ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ အမူးလွန်သူများအား တရားရုံးများက သင်္ကြန်ကာလအတွင်း၌ပင် အင်းစိန်အကျဉ်းထောင်သို့ ပို့ကာ သင်္ကြန်ပြီးသည်နှင့် ပြစ်ဒဏ်ချမှတ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း ဆိုသည်။

ရှေးမြန်မာတို့သည် သင်္ကြန်ကာလအတွင်းတွင် ငိုကြွေးပူဆွေးခြင်း၊ မေထုန်သံဝါသပြုခြင်း၊ အသားဟင်းလျာများစားသောက်ခြင်း၊ အရက်သေစာသောက်စားခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ သစ်ပင်ခုတ်လှဲခြင်း၊ ကုန်ဝယ်ခြင်း၊ ကျီတွင်းသိုလှောင်ခြင်း၊ ဈေးဆိုင်ထွက်ခြင်းတို့ကို ရှောင်ရှားကြသည်ဟု ပန်းတောင်းသန်းကြွယ်ရေးသားသည့် ဆောင်းပါးတစ်ပုဒ်တွင် ပါရှိသည်။ ယခုနှစ် သင်္ကြန်တွင် မဏ္ဍပ်ထိုင်ရန် စိုင်းပြင်းနေသည့် မမီးသျှေက "အရင်နှစ်တွေက ရေပက်ခံထွက်လည်တာများတယ်။ ဒီနှစ်ကတော့ တစ်ရက်ကို မဏ္ဍပ်ထိုင်ပြီး ကျန်တဲ့ရက်တွေကိုတော့ ဆောင်းဘောက်ဖွင့်ပြီး အိမ်ရှေ့မှာပဲ တိုင်ကီနှစ်လုံးနဲ့ ရေပက်မယ်။ ဘီယာတောင် သောက်ဖြစ်မယ်မထင်ဘူး။ ဒီနှစ်ဆိုရင် အဖေကမှာတယ်။ "သင်္ကြန်ထွက်လည်ရင် ကော်ဖီတွေ မသောက်နဲ့၊ ဘီယာဘူးတွေ မသောက်နဲ့။ ရေသန့်တောင် ကိုယ့်ရေကိုယ်သေချာသိမ်းပြီးသောက်၊ အဲဒီလိုမှာတယ်" ဟု ဆိုလေသည်။ ။

***

ပြည်တွင်းရေးရာ

# ပျော်ရွှင်မှုနှင့် စည်းကမ်းရှိမှုကို ထင်ဟပ်စေသည့် သင်္ကြန်ပွဲတော်အဖြစ်ပုံဖော်

**နေဇာဇာထွန်း**

**ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှသည့် သင်္ကြန်အက၊ သင်္ကြန်တေးသွားများနှင့် သင်္ကြန်သံချပ်များကို ခံစားရုံမျှမက ပိတောက်ပန်းရနံ့လေးများ သင်းပျံ့ကြိုင်လှိုင်သည့် သာယာရှုမောဖွယ်နှစ်သစ်ဦး တန်ခူးလရာသီ၏အလှကို ဖော်ကျူးနေသည့် သင်္ကြန်အခါသမယ၏ပုံရိပ်များ မကြာမီရက်ပိုင်းအတွင်း ပြန်လည်သက်ဝင်လှုပ်ရှားလာပေတော့မည်။ နှစ်သစ်တွင် မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် ရေသဘင်ပွဲကို ဆင်နွှဲရုံမျှမက ဗုဒ္ဓတရားတော်နှင့်အညီ ကုသိုလ်ကောင်းမှုမျှဝေ ပေါင်းစပ်ဖန်တီးမှုများသည်ကား လေးစားမြတ်နိုးဖွယ်ကောင်းကာ ထာဝစဉ် တန်ဖိုးထားထိန်းသိမ်းသင့်သည့် မြန်မာတို့၏ နှစ်ဦးသင်္ကြန်ပွဲတော်၏ အနှစ်သာရများပင်ဖြစ်ပါသည်။**

မြန်မာ့ရိုးရာသင်္ကြန်ကို ပျော်ရွှင်ချမ်းမြေ့စွာ ကူးပြောင်းကာ မင်္ဂလာရှိသောနှစ်သစ်အဖြစ် ကြိုဆိုနိုင်ရန် သက်ဆိုင်ရာမှ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ခိုက်ရန်မဖြစ်ပွားစေရေး၊ မြန်မာ့ရိုးရာသင်္ကြန်ကို အကျည်းမတန်စေရေးနှင့် မူးယစ်ကျော့ကွင်းအတွင်း မဝင်ရောက်စေရေးတို့အတွက် ဘက်ပေါင်းစုံမှ ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။

တန်ခူးလ၏ပြယုဂ်ဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုတို့ လွှမ်းခြုံရာ သင်္ကြန်ရေသဘင်ပွဲတော်တွင် အေးချမ်းပျော်ရွှင်စွာဆင်နွှဲနိုင်ရန်နှင့် ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်တို့အတွက် သင်္ကြန်အကြိုကာလမှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ပါသည်။

**ရဲမှူးသိန်းဦး**
**အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး**
**နေပြည်တော်**

အရင်နှစ်နဲ့မတူဘဲ အခုနှစ်သင်္ကြန်အကြိုကာလကစပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်အန္တရာယ်မဖြစ်ပွားစေဖို့အတွက် ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ မတ် ၂၅ ရက်ကစပြီး ပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ မြို့နယ်ရှစ်မြို့နယ်မှာ တပ်ဖွဲ့စု ရှစ်ခုနဲ့ တပ်ဖွဲ့ခွဲမှူးက ဦးစီးပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်မှုအနေနဲ့ (၂၉)ကြိမ် ဆောင်ရွက်ပြီးသွားပါပြီ။

ပြီးခဲ့တဲ့နှစ်တွေရဲ့ သင်္ကြန်ကာလမှာဖြစ်ပွားခဲ့တဲ့ အနေအထားကိုကြည့်ရင် နေပြည်တော်မှာ ၂၀၁၃ ခုနှစ် သင်္ကြန်ကာလအတွင်း ဖြစ်ပွားမှုကိုးမှုရှိခဲ့ပြီး ဒဏ်ရာရသူ ၁၃ ဦးနဲ့ သေဆုံးသူ ခြောက်ဦးရှိခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် သင်္ကြန်ကာလအတွင်းမှာဆိုရင် ဖြစ်ပွားမှု ၁၃ မှုရှိခဲ့ပြီး ဒဏ်ရာရသူ ၅၇ ဦးနဲ့ သေဆုံးသူ ၁၁ ဦးရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဖြစ်ပွားမှုရော ဒဏ်ရာရသူ၊ သေဆုံးသူပါ တိုးလာတာကို တွေ့ရပါမယ်။ နှစ်စဉ်ဖြစ်ပွားမှုတိုးတက်လာတဲ့အနေအထားမှာ ရှိနေပါတယ်။



ရဲမှူးသိန်းဦး
အမှတ်(၁)ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှူး
နေပြည်တော်

သင်္ကြန်ကာလအတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားနိုင်တဲ့ အဓိကအကြောင်းရင်းတွေကတော့ အရက်သေစာ သောက်စားမောင်းနှင်ခြင်း၊ အပျော်လွန်ပြီး စည်းကမ်းမဲ့မောင်းနှင်ခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ ကျော်တက်ပြီး အပြိုင်မောင်းနှင်ခြင်း၊ အုပ်စုဖွဲ့ရင်ပေါင်တန်းမောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ယာဉ်ခေါင်မိုးပေါ်တွင် တက်စီးခြင်း၊ ယာဉ်ပေါ်တွင် လူအဆမတန်တင်ဆောင်မောင်းနှင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ် မဆောင်းခြင်းတို့ပဲ ဖြစ်ပါတယ်။ မနှစ်ကသင်္ကြန်တုန်းကဆိုရင် ယာဉ်ပေါ် အဆမတန်စီးလာလို့ လူ ၄၀ လောက်ဒဏ်ရာရခဲ့တဲ့ဖြစ်စဉ် ရှိခဲ့ပါတယ်။ ယာဉ်ရဲ့ ခံနိုင်ဝန်လောက်သာ တင်ပြီးမောင်းနှင်သင့်ပါတယ်။

ပုံမှန်အားဖြင့် လမ်းဆုံလမ်းခွတွေ၊ သင်္ကြန်မဏ္ဍပ်တွေမှာ လုံလောက်တဲ့ တပ်ဖွဲ့ဝင်အင်အားတွေနဲ့ တာဝန်ချထား ဆောင်ရွက်မှာပါ။ လူအများအပြားစုဝေးရာ ရေပန်းဥယျာဉ်၊ လှေခွင်းတောင်စတဲ့ နေရာတွေမှာလည်း တာဝန်ချထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရမှုများမဖြစ်ပွားစေရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းများလိုက်နာရန် စည်းကမ်းချက်များကိုလည်း နေ့စဉ်ထုတ်သတင်းစာတွေမှာ ထည့်သွင်းကြေညာပေးလျက်ရှိပါတယ်။

သင်္ကြန်ကာလမှာ အဓိကလုပ်ဆောင်နေတဲ့အချက်ကတော့ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက်ပြည်သူတွေကို အသိပေးဖို့နဲ့ ကာကွယ်စောင့်ရှောက်ပေးဖို့တို့ပဲ ဖြစ်ပါတယ်။ လူစည်ကားရာနေရာတွေမှာ ယာဉ်ကြောပိတ်ဆို့မှု၊ လမ်းများပိတ်ဆို့မှုများဖြစ်ပေါ်ရင်လည်း ဆောင်ရွက်ဖို့ ကရိန်းကားတွေကို အဆင်သင့်ထားရှိသွားမှာပါ။ ဒါ့အပြင် ဆိုင်ကယ်တွေနဲ့ ဟိုတယ်အတွင်း လမ်းကိုရှင်းလင်းသွားမှာဖြစ်ပါတယ်။ ယာဉ်စည်းကမ်းထိန်းသိမ်းရေးအနေနဲ့ ရဲတပ်ဖွဲ့ဝင်အင်အား ၂၃၀ နဲ့ ဆောင်ရွက်သွားမှာပါ။ ယာဉ်မတော်တဆမှုဖြစ်ပွားတဲ့အခင်းဖြစ်နေရာကို အမြန်ဆုံးရောက်အောင် အဖွဲ့သုံးဖွဲ့ခွဲပြီး စီစဉ်ထားပါတယ်။

သင်္ကြန်ကာလသည် ပူပြင်းသောအချိန်ဖြစ်သည့်အတွက် ရေးဘုရင်မင်းများလက်ထက်မှစ၍ သပြေခက်ဖြင့် ရေပက်ဖျန်းခဲ့ကြပါသည်။ စတုဒိသာကျွေးခြင်း၊ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ တိရစ္ဆာန်များအား ဘေးမဲ့လွှတ်ပေးခြင်း၊ ဥပုသ်သီလပွားများခြင်းများ၊ ကုသိုလ်ကောင်းမှုများပြုလုပ်ကာ သင်္ကြန်၏ အနှစ်သာရကို ပုံဖော်လာခဲ့ကြပါသည်။ ယနေ့ခေတ်၏ သင်္ကြန်ကို ပုံဖော်ကြည့်မည်ဆိုလျှင် အပျော်အပါးဘက်ကို ဦးတည်လာသလို ရေကစားခြင်းများကလည်း ပုံမှန်မဟုတ်တော့ဘဲ ရေပိုက်ကြီးများဖြင့် အနာတရဖြစ်လောက်သည်အထိ ရှိလာခဲ့သည်။ ဝတ်စားဆင်ယင်မှုအပိုင်းကိုကြည့်လျှင်လည်း သရုပ်ပျက်ဝတ်စားဆင်ယင်မှုများအပြင် အရက်အကြောက်တရားပါ ကင်းမဲ့လာကြသည်။

ယနေ့ခေတ်စားလာသော ကာမလှုံ့ဆော်စေသည့် သကြားလုံး၊ ပီကေနှင့် ကော်ဖီများပါ ထွက်ရှိနေပါသည်။ ဤသည်ကို အမျိုးသမီးငယ်လေးများ အထူးဂရုပြုဖို့လိုပါသည်။ မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း အမျိုးသမီးငယ်လေးများ၏ ဘဝတစ်ဆစ်ချိုး မူးယစ်ကာမကျော့ကွင်းအတွင်း မဝင်ရောက်စေရေး မိမိတို့ကိုယ်တိုင်ထိန်းသိမ်းကြရန်၊ အပျော်လွန်ပြီး အပျက်မဖြစ်စေရန် အရေးကြီးပါသည်။ နှစ်သစ်ကို ကျန်းမာပျော်ရွှင်သောနှစ်အဖြစ် ကြိုဆိုရင်း သင်္ကြန်ကို အန္တရာယ်ကင်းကင်းဖြင့် ဆင်နွှဲသွားကြရန် လိုပါသည်။

❖ စာမျက်နှာ ၆ မှ

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုကို တစ်ဦးကောင်း၊ တစ်ယောက်ကောင်း၊ တစ်ဖွဲ့ကောင်းနှင့် ဆောင်ရွက်၍ မရနိုင်ဘဲ လူတိုင်းပါဝင်မှု (Inclusiveness) ရှိမှသာ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုသည် ပိုမိုထိရောက်မြန်ဆန်အောင်မြင်နိုင်မည်ဖြစ်ပါသည်။ **မိမိတို့နိုင်ငံအနေနှင့် သိက္ခာရှိပြီး တာဝန်သိသည့် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့မိသားစုနိုင်ငံများအကြား ပြန်လည်ဝင်ရောက်ကာ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းနှင့် ယုံကြည်မှု၊ နားလည်မှု၊ ရင်းနှီးမှုများကိုတည်ဆောက်ရင်း နိုင်ငံမှမျှော်မှန်းထားသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးမှုရည်မှန်းချက်များ အောင်မြင်စေဖို့ နိုင်ငံသားတိုင်း၏ လူနေမှုဘဝ အရည်အသွေးတိုးတက်စေဖို့ ဦးတည် ဆောင်ရွက်ကြရမည်** ဖြစ်ပါသည်။

**အသွင်ကူးပြောင်းဆဲ ဒီမိုကရေစီနိုင်ငံ**
**(Transitional Democratic Country)**

မိမိတို့နိုင်ငံတွင် **နှစ်ပေါင်းများစွာ ကျင်လည်ခဲ့ကြသည့် ပတ်ဝန်းကျင်အခြေအနေမျိုးမှခွဲထွက်၍ သမိုင်းတွင် မရှိခဲ့သည့် ပြုပြင်ပြောင်းလဲမှုများအား အကောင်အထည်ဖော်ဆောင်ရာတွင် အချို့သော အပြောင်းအလဲများသည် အလျင်အမြန်ဆောင်ရွက်ရန် လိုအပ်သည့် Revolution အသွင်ကိုဆောင်ပြီး အချို့သည် တဖြည်းဖြည်းဖြစ်ပေါ်သည့် Evolution အသွင် သဏ္ဌာန်ဆောင်မည် ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှု မဟာဗျူဟာသည် ဖြည်းဖြည်းပြောင်းသည့် Gradualism လည်းမဟုတ်သလို လျင်လျင်မြန်မြန်နှင့် အလျင်စလိုပြောင်းလဲသည့် Shock Theraphy နှင့်လည်း မသင့်တော်ပါ။ မှန်မှန်နှင့် မြန်မြန်ပြောင်းလဲရမည့် Steady Fast Strategy ဖြစ်ရပါမည်။ ပြုပြင်ပြောင်းလဲမှုတိုင်းတွင် အတိုင်းအတာတစ်ခုအထိညှိနှိုင်းမှုများ(Adjustment)လိုအပ်နေမည်ဖြစ်ပြီး လှမ်းလိုက်သည့် ခြေလှမ်းတိုင်းခြေကုပ်မြဲစေရန် လိုအပ်ပါမည်။ နောက်ကျသူတို့၏ အကျိုးကျေးဇူး(Late Comer Advantage)အရ အခြားနိုင်ငံများ၏ အတွေ့အကြုံအပေါ် သင်ခန်းစာ ရယူဆောင်ရွက်နိုင်သော်လည်း အချိန်အဆများစွာ လိုအပ်ပါသည်။ မြင်တတ်အောင် ကြည့်တတ်ဖို့ လိုအပ်ပါသည်။ အပြောလွယ်သလောက် အလုပ်ခက်သည့် ကိစ္စရပ်များဖြစ်ပါသည်။**

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ အခြေခံလိုအပ်ချက်များကို ဦးဆောင်အကောင်အထည် ဖော်ဆောင်လျက်ရှိသည့် နိုင်ငံတော်အစိုးရနှင့်တကွ နိုင်ငံတော်အတွက် အကျိုးရှိမည့် ဥပဒေပြဌာန်းပေးလျက်ရှိသည့် လွှတ်တော်၊ တည်ငြိမ်အေးချမ်းမှုအတွက် အရေးပါသည့် တပ်မတော်၊ ဖွံ့ဖြိုးမှုအတွက် ပြည်သူ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသတွင်း အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ မြန်မာ့အသိပညာရှင်၊ အတတ်ပညာရှင်များ စသည့် Stakeholder များ အားလုံး၏(၄)နှစ်ကျော် ကာလအတွင်း ပါဝင်လှုပ်ရှား ဆောင်ရွက်နေမှုများအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုအပ်ပါသည်။

အချုပ်အားဖြင့် **မိမိတို့နိုင်ငံအား ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ တွန်းတင်၍ အရှိန်အဟုန်ဖြင့် အခြားနိုင်ငံများနှင့်အတူ လိုက်မီစေရန် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အားကုန်ကြိုးပမ်းကာ မြန်မာ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကြီးအား Home Grown Model တစ်ရပ်အဖြစ် ကမ္ဘာမှ စိတ်ပါဝင်စားစွာစောင့်ကြည့်နေသူများအားလည်း သက်သေပြကြရဦးမည် ဖြစ်ပါသည်။ ။**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ကြံခင်း မေ ၁၀**

ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် သင်္ကြန်ကာလအတွင်း ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှုများ ပပျောက်စေရေး ရည်ရွယ်၍ ဧပြီ ၉ရက် နံနက်စနာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး အောင်ကို၏ စီစဉ်ညွှန်ကြားမှုဖြင့် ကြံခင်းမြို့မရဲစခန်းမှူး ဒု-ရဲမှူး အုန်းလွင်ဦးဆောင်သော တပ်ဖွဲ့ဝင်များ မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များစုပေါင်း၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ဗိုလ်ချုပ်လမ်းနှင့် ဘုရင့်နောင်လမ်းထောင့်တွင် လည်းကောင်း၊ ဗိုလ်ချုပ်လမ်းနှင့် လမ်းမတော်လမ်းထောင့်တို့တွင်လည်းကောင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စစ်ဆေးမှုများ ပြုလုပ်ခြင်း၊ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**မသူ(ပြန်/ဆက်)**

□□

## နေပြည်တော် မဟာသင်္ကြန်တွင် မဏ္ဍပ်ကြီး ကိုးခု၌ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ တေးသံရှင်များ သီဆိုဖျော်ဖြေမည်

**နေပြည်တော် မေ ၁၀**

နေပြည်တော် မြန်မာ့ရိုးရာမဟာသင်္ကြန်ကို ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်သင်္ကြန်တွင် နေပြည်တော် ဟိုတယ်ဇုန်တွင် မဏ္ဍပ်ကြီးကိုးခုနှင့် နေပြည်တော် သီရိမြို့နယ်များ၊ ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးမြို့နယ်များတွင် မြို့နယ်အလိုက် သင်္ကြန်မဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ "ဒီနှစ်သင်္ကြန်မှာ ပိတောက်ရွှေဝါမဏ္ဍပ် မိသားစုအနေဖြင့် ဒုတိယနှစ်ရေကစားမဏ္ဍပ်အဖြစ် ပါဝင်ရေကစားမှာပါ။ အရင်နှစ်ကထက် မဏ္ဍပ်ကိုပိုပြီးခိုင်မာတောင့်တင်းအောင် ဆောက်ထားပါတယ်" ဟု မဏ္ဍပ်ဆောက်လုပ်ရေးအဖွဲ့ကပြောသည်။

ဖျော်ဖြေရေးကဏ္ဍအနေဖြင့် နာမည်ကြီး ရုပ်ရှင်ဗီဒီယိုသရုပ်ဆောင်များ၊ နာမည်ကြီးအဆိုရှင်များ ပါဝင်သီဆိုဖျော်ဖြေမည့်အပြင် ယိမ်းအဖွဲ့များ၏ သင်္ကြန်အကများနှင့်လည်း မဏ္ဍပ်ကြီးများတွင် ဖျော်ဖြေသွားမည်ဖြစ်သည်။ သင်္ကြန်ရေကစားပရိသတ်များကို ရွှေသန်လျင်မိသားစုမဏ္ဍပ်မှာ ထမင်း၊ ဟင်းမျိုးစုံစွာဖြင့် စတုဒိသာကျွေးမွေးမှာဖြစ်ကြောင်း သိရသည်။

ယခုနှစ်သင်္ကြန်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ မဏ္ဍပ်များတွင် လုံခြုံရေးပိုင်း၌ ယခင်နှစ်ကထက် ပိုမိုဆောင်ရွက်သွားမှာဖြစ်သည့်အပြင် သင်္ကြန်မဏ္ဍပ်အနီးအရက်ဘီယာရောင်းချမှုကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။

**သန်းဦး (လေးမျက်နှာ)**



# သက်ကြီးရွယ်အိုမိဘများအား နှစ်သစ်အကြိုဂါရဝပြု ထောက်ပံ့လှူဒါန်းပွဲကျင်းပ

**ရန်ကုန် မေ ၁၀**



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ အသက် (၇၅) နှစ်နှင့်အထက် ဝန်ထမ်းနှင့်အတူနေ သက်ကြီးရွယ်အို မိဘများအား ဂါရဝပြုခြင်း၊ နှစ်သစ်အကြိုထောက်ပံ့ လှူဒါန်းခြင်းနှင့် အလှူငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ နာယကဒေါ်ခင်အေးနွယ်တို့ တက်ရောက်ပြီး သက်ကြီးမိဘများအား ဂါရဝပြုခြင်းနှင့် နှစ်သစ်အကြိုထောက်ပံ့လှူဒါန်းကြသည်။

ယနေ့ကျင်းပသည့် မြန်မာနှစ်သစ်အကြို သက်ကြီးရွယ်အိုမိဘများ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားသည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ၂၀၁၂ ခုနှစ် ပထမအကြိမ်မှာ ဝန်ထမ်းများနှင့်အတူနေ အသက် (၇၅)နှစ် အထက် သက်ကြီးရွယ်အိုမိဘ ၇၁၇ ဦးအား အလှူငွေနှင့်ပစ္စည်းစုစုပေါင်း ကျပ် ၂၃၁ သိန်းကျော်၊ ၂၀၁၃ ခုနှစ် ဒုတိယအကြိမ် ၈၈၆ ဦးအတွက် အလှူငွေကျပ် ၂၇၄ သိန်းကျော်၊ ၂၀၁၄ ခုနှစ် တတိယအကြိမ် ၁၀၄၆ ဦးအတွက် အလှူငွေကျပ် ၂၉၄ သိန်းကို သက်ကြီးရွယ်အိုမိဘများအတွက် နှစ်စဉ်ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် မြန်မာနှစ်သစ်အကြို သက်ကြီးရွယ်အိုမိဘ ၁၁၂၆ ဦးအတွက် တစ်ဦးလျှင် အလှူငွေကျပ် ၂၀၀၀၀၊ ကွေကာအုပ်၊ အားဆေးနှင့် အသုံးအဆောင်ပစ္စည်း တန်ဖိုးကျပ် ၁၀၀၀၀ အပါအဝင် စုစုပေါင်း ကျပ် ၃၀၀၀၀ တန်ဖိုးအား ပေးအပ်လှူဒါန်းခဲ့ရာ ယနေ့အလှူငွေစုစုပေါင်း ၃၃၇ သိန်းကျော်ဖိုး ထောက်ပံ့လှူဒါန်းခဲ့သည်။

ယခုနှစ် သက်ကြီးရွယ်အိုမိဘ ၁၁၂၆ ဦးအနက် အသက် (၈၀) နှင့်အထက် ၅၅၉ ဦး၊ အသက် (၈၅)နှစ်နှင့် အထက် ၂၁၄ ဦး အသက်(၉၀) နှင့်အထက် ၄၄ ဦး၊ အသက် (၉၅) နှစ်နှင့်အထက် ငါးဦး ပါဝင်ကြပြီး ယခင်နှစ်ကထက် ၈၀ တိုးမြင့်လာသည်။

ယနေ့နံနက်ကျင်းပသော အခမ်းအနားသို့ သက်ကြီးရွယ်အိုမိဘ ၁၅၉ ဦးတက်ရောက်ကြပြီး အခမ်းအနားမတက်ရောက်နိုင်သော မိဘ ၉၆၇ ဦးအတွက် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက် ပေးအပ်လှူဒါန်းပေးနိုင်ရန် စီစဉ်ထားကြောင်းနှင့် ယနေ့မိဘ ၁၁၂၆ ဦးအတွက် အလှူငွေများပေးအပ်လှူဒါန်းနိုင်ရန်အတွက် FMI Co.,Ltd က ငွေကျပ်သိန်း ၂၀၀၊ CAPITAL Co.,Ltd က ငွေကျပ်သိန်း ၁၀၀၊ D36 ဆောက်လုပ်ရေးမှ ငွေကျပ်သိန်း ၅၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲကိုယ်စား အသင်းနာယက ဒေါ်ခင်အေးနွယ်က မှတ်တမ်းတင်ဂုဏ်ပြုအခမ်းအနားတွင် ထည့်သွင်းပြောကြားကြောင်း သိရသည်။

**(စောသိန်းဝင်း)**

# သိပ္ပံစာရေးဆရာကြီး သိပ္ပံမျိုးတင် ကွယ်လွန်



သိပ္ပံမဂ္ဂဇင်း ထုတ်ဝေသူနှင့် စာတည်းမှူးချုပ်၊ သိပ္ပံပင်တိုင်ဆောင်းပါးရှင် စာရေးဆရာကြီး သိပ္ပံမျိုးတင်သည် မေ ၉ ရက် ညနေ ၃ နာရီခွဲတွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ပြီဖြစ်သည်။ ဆရာကြီးသည် ၂၀၁၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ရရှိခဲ့သူဖြစ်ပြီး ၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပေးအပ်သော ဆေးလိပ် သို့မဟုတ် ကျန်းမာရေးဆေးသိပ္ပံစာပေဆုကို ရရှိခဲ့သည်။ ဆေးလိပ်နှင့် ပတ်သက်သည့် ဟောပြောမှု၊ ရေးသားတင်ပြနိုင်မှုတို့ကြောင့် ထိုဆုကိုရရှိခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ ကိုဘေးမြို့ ကမ္ဘာ့အမျိုးသမီးများ ဆေးလိပ်တိုက်ဖျက်ရေးညီလာခံတွင် ဉာဏ်ကြီးရှင် ၁၀ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

၁၉၆၅ ခုနှစ် နိုဝင်ဘာလတွင် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ၌ "ကြယ်တံခွန်" ဆောင်းပါးကို စတင်ရေးသားခဲ့ပြီး ထိုအချိန်မှစတင်၍ သိပ္ပံဆောင်းပါးများကို အနှစ် (၂၀)တိုင် တစိုက်မတ်မတ် ရေးသားခဲ့ကာ သိပ္ပံစာရေးဆရာအဖြစ် ထင်ရှားလာသူဖြစ်သည်။ ၁၉၆၇ ခုနှစ်တွင် 'မျိုးတင်' ကလောင်အမည်ဖြင့် သိပ္ပံလုံးချင်းစာအုပ်ကို ပထမဆုံးထုတ်ဝေခဲ့သည်။ ထိုနှစ်တွင် ရေဒီယိုပြည်သူ့အကျိုးပြုဟောပြောချက်များကို စတင်ထုတ်လွှင့်ပေးခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ့အသံမှ "သိပ္ပံပညာသိကောင်းစရာ"ကဏ္ဍကို စတင်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် သိပ္ပံမျိုးတင် ကလောင်အမည်ကို ရရှိလာကာ ၁၉၈၀ ပြည့်နှစ် အောက်တိုဘာလတွင် သိပ္ပံမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့သည်။ ဆရာကြီးသည် စာပေလောကတွင် သိပ္ပံစာပေများသာမက အခြားဗဟုသုတစာပေအမျိုးအစားမျိုးစုံဆောင်းပါးများ နှစ်သောင်းကျော်ရေးသားခဲ့သည်။ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ဝေသော ကမ္ဘာ့ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်များ (၁၅) ကြိမ်မြောက် ထုတ်ဝေခြင်း၌ ကမ္ဘာ့ထင်ရှားကျော်ကြားသူများစာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ထည့်သွင်းဖော်ပြခံခဲ့ရသည်။ အာကာသဆိုင်ရာစာပေများကို ပြောင်မြောက်စွာ ရေးသားနိုင်ခဲ့သောကြောင့် အမေရိကန်နိုင်ငံ ကမ္ဘာဂြိုဟ်များ လေ့လာရေးအဖွဲ့၏ အသိအမှတ်ပြုခြင်းခံရပြီး ထိုအဖွဲ့တွင် အသင်းသားတစ်ဦးဖြစ်လာသည်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ထုတ် သတင်းစာတစ်စောင်တွင် နီကိုတင်းအကြံပြုချက်ဆောင်းပါး ဖော်ပြခြင်းခံရသဖြင့် ယင်းအကြံပြုချက်အတိုင်း သိပ္ပံပညာရှင်များက လက်ခံခဲ့သည်။ ထို့ကြောင့် ဆရာကြီးသည် မြန်မာစာပေလောကတွင်သာမက နိုင်ငံအတွက်ပါ ဂုဏ်ယူစရာပုဂ္ဂိုလ်ကြီးဖြစ်ခဲ့သည်။

ဆရာကြီးသည် စာပေလောကတွင်သာမက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့် ဖက်ဆစ်တော်လှန်ရေးတွင် ပါဝင်ခဲ့ပြီး မင်္ဂလာဒုံပထမပတ်ဗိုလ်သင်တန်းကျောင်းဆင်းဖြစ်သည်။ တပ်မတော်အင်ဂျင်နီယာတပ်တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် ပြင်ဦးလွင်(မေမြို့)ဗဟိုအင်ဂျင်နီယာတပ်၌ တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ် ၁၉၅၁ ခုနှစ်က ကိုက် ၃၀၀ အကွာအဝေးသို့ ပစ်လွှတ်နိုင်သည့် ဒုံးပျံကို မြန်မာနိုင်ငံတွင် ပထမဆုံးတီထွင်ခဲ့သူဖြစ်သည်။

ဆရာကြီးသည် စာပေနှင့် သိပ္ပံပညာဖြင့် နိုင်ငံ့အကျိုးပြုခဲ့သူဖြစ်ပြီး ကွယ်လွန်ချိန်တွင် အသက် (၉၂) နှစ်ရှိပြီဖြစ်သည်။

**(ကြေးမုံ)**

# အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ထန်းတပင် မေ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်အတွင်းရှိ ကျေးရွာများသို့ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးပွင့် (အထူး) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ မေ ၈ ရက်မှ ၉ ရက်အထိ မြို့နယ်ဦးစီးမှူး ဦးခင်မောင်သန်းနှင့် ဝန်ထမ်းများသည် မရွှေဥကျေးရွာအုပ်စုအတွင်း အသက်(၁၀)နှစ်ပြည့်သူ ၂၀ နှင့် အသက် (၁၈)နှစ် ပြည့်ပြီးသူ ၂၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်း၊ အသက် (၁၈) နှစ်ပြည့်ပြီးသူ ၁၇ ဦးအား (၁၈) နှစ်ပြည့်ကတ်ပြားအသစ် လဲလှယ်ပေးခြင်း၊ အိမ်ထောင်စုစာရင်း ပျောက်ဆုံးပျက်စီးနေသော အိမ်ထောင်စု ၂၀ အား အိမ်ထောင်စု လူဦးရေစာရင်း ၆၆/၆ ထုတ်ပေးခြင်းတို့ကို နေ့ချင်းပြီး အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ထန်းတပင်မြို့နယ် နဲသမိန်ကျေးရွာအုပ်စုသို့ မေ ၁၀၊ ၁၁ ရက်နေ့များ၌ အခမဲ့နေ့ချင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အိသင်းထိုက် (IPRD)**

# တပ်ကုန်းမြို့နယ်အတွင်း လေပြင်းထပ်မံတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့်စာသင်ကျောင်းများ အမိုးလန်၊ စာသင်ကျောင်းဆောင်တစ်ဆောင် ပြိုကျပျက်စီး

**တပ်ကုန်း မေ ၁၀**

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ်အတွင်း မေ ၉ ရက် ည ၇ နာရီခွဲက လေပြင်းထပ်မံတိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် စာသင်ကျောင်းများ အမိုးလန်၊ စာသင်ကျောင်းဆောင် တစ်ဆောင် ပြိုကျပျက်စီးကြောင်း သိရသည်။

ယင်းလေပြင်း တိုက်ခတ်မှုကြောင့် အေးချမ်းသာစံပြကျေးရွာတွင် လူနေအိမ် ၁၀၈ လုံးနှင့် သိမ်၊ ဆွမ်းစားကျောင်းဆောင်တစ်ဆောင်၊ ဒဟတ်ကုန်းကျေးရွာတွင် လူနေအိမ် အလုံး ၇၀နှင့် အထက်တန်းကျောင်းခွဲကျောင်းဆောင်ငါးဆောင်၊ သော်တာကျေးရွာတွင် လူနေအိမ် ၁၅၃ လုံး၊ မိုးနံကုန်းကျေးရွာတွင် လူနေအိမ် ၃၆ လုံး၊ ထရံကာကျေးရွာတွင် လူနေအိမ် ၁၄ လုံး၊ ရှားတုံးအိုင်ကျေးရွာတွင် ကျောင်းဆောင်တစ်ဆောင်၊ ဥသျှစ်ကုန်းကျေးရွာတွင် လူနေအိမ် ၁၀ လုံး၊ တဲမြင့်ကျေးရွာတွင် လူနေအိမ် တစ်လုံး၊ စာသင်ကျောင်းဆောင်တစ်ဆောင်၊ ညောင်ကိုင်းကျေးရွာတွင် စာသင်ကျောင်းဆောင်တစ်ဆောင်၊ သစ်ဆိမ့်ပင်ကျေးရွာတွင် စာသင်ကျောင်းဆောင် တစ်ဆောင်၊ ကျေးချောင်းမြောက် ကျေးရွာတွင် လူနေအိမ် ၅၉ လုံး၊ ကျေးချောင်းတောင်ကျေးရွာတွင် လူနေအိမ် ၂၈ လုံးနှင့် ကျောင်းဆောင်တစ်ဆောင် အမိုးလန်၍ ကျောင်းဆောင်တစ်ဆောင် ပြိုကျပျက်စီးပြီး ဥသျှစ်ကုန်းကျေးရွာ၏ အရှေ့ဘက်တွင် လျှပ်စစ် 33KV (တာဝါ) နှစ်တိုင် ပျက်စီးသွားကြောင်း ကနဦးသတင်းအရ သိရသည်။



**(တင်စိုးလွင်)**

# ပိုင်ကျုံမြို့၌ လေပြင်းမုန်တိုင်းကြောင့် သစ်ပင်နှင့် အိမ်များပျက်စီး

**ပိုင်ကျုံ မေ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့တွင် မေ ၈ ရက် ညနေ ၆ နာရီတွင် လေပြင်းမုန်တိုင်း ပြင်းထန်စွာတိုက်ခတ်ခဲ့သဖြင့် ရပ်ကွက်နှင့် လမ်းများတွင် သစ်ပင်များပြိုလဲခြင်း၊ နေအိမ်များပြိုလဲခြင်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ရှိ ကုက္ကိုပင်ကြီးမှာခါးလယ်မှ ပြတ်ကျကာ မြေစိုက်နံရံကပ်ဘုတ်ပေါ် ပိကျသွားခဲ့ကြောင်း သိရသည်။

အဆိုပါရပ်ကွက်နှင့် လမ်းများတွင် ပြိုလဲသွားသောသစ်ပင်များ၊ နေအိမ်များအား ပိုင်ကျုံမြို့ အုပ်ချုပ်ရေးမှူး ဦးဆောင်သောဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက နှစ်ရက်အတွင်း စုပေါင်း ရှင်းလင်းဆောင်ရွက်၍ ပျက်စီးမှုများအား ပြန်လည်ပြုပြင်ကြသဖြင့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

အလိမ္မာ စာမှာရှိ

# ဖယ်လ်ကာအိုသည် သဘာဝကလက်ဆောင်ပေးထားသော စွမ်းရည်ပိုင်ရှင် တိုက်စစ်မှူးဟု အဂူရိုချီးကျူး



ဆာဂျီယိုအဂူရိုက မန်ယူတိုက်စစ်မှူး ဖယ်လ်ကာအိုသည် လက်ရှိတွင် မန်ယူ၌ ရုန်းကန်နေရသော်လည်း အရည်အသွေးပိုင်းတွင် သဘာဝကပေးသောစွမ်းရည်ကို လက်ဆောင်ရရှိထားသည့် ကစားသမားဟု ချီးကျူးခဲ့သည်။

ဖယ်လ်ကာအိုသည် ပြီးခဲ့သည့် စက်တင်ဘာလက မိုနာကိုမှ မန်ယူသို့ အငှားဖြင့် ပြောင်းရွှေ့လာခဲ့ပြီးနောက် ၁၂ ပွဲဝင်ရောက်ကစားကာ လေးဂိုးသွင်းယူပေးခဲ့သည်။ သို့သော် နည်းပြဗန်ဟားလ်က ဖယ်လ်ကာအိုအား ပုံစံကောင်းတစ်ရပ်ကို ပြန်လည်ရရှိရန် မန်ယူလူငယ်အသင်းတွင်သာ ဝင်ရောက်ကစားစေခဲ့သည်။

အဂူရိုက "မန်ယူမှာ အရည်အသွေးမြင့်တိုက်စစ်မှူးတွေ အများကြီးရှိပါတယ်။ ဖယ်လ်ကာအိုအနေနဲ့ အခုရာသီမှာ သူ့အတွက် ခက်ခဲနေပေမယ့် သူ့ရဲ့အရည်အသွေးနဲ့ အဆင့်အတန်းမြင့်တဲ့ခြေစွမ်းကို ကျွန်တော်တကယ့်ကို လေးစားမိပါတယ်။ သူက သဘာဝက လက်ဆောင်ပေးထားတဲ့ စွမ်းရည်ပိုင်ရှင်တိုက်စစ်မှူးမျိုးပါ။ မန်ယူက တစ်ဦးချင်းကောင်းကစားသမားတွေ များနေတဲ့အသင်းပါ။ ဒါပေမယ့် အသင်းလိုက်ကောင်းတဲ့အသင်းကမှ မယုံနိုင်စရာရလဒ်တွေ ရရှိမှာပါ။ သူတို့တွေ လက်ရှိတိုက်စစ်အင်အားနဲ့ အချို့ပွဲမှာ အမြင့်ဆုံးပုံစံနဲ့မကစားနိုင်ခဲ့တာဟာ သူတို့ အသင်းရဲ့ အားနည်းချက်ပါ။ သူတို့ကို အနိုင်ရဖို့ မန်စီးတီးကစားသမားတွေက ကောင်းကောင်းသိတယ်"ဟုဆိုသည်။

မန်ယူနှင့် မန်စီးတီးသည် လက်ရှိတွင် အမှတ်ပေးဇယား တတိယနေရာနှင့် စတုတ္ထနေရာတို့တွင် အထက်အောက်ရပ်တည်နေပြီး ရမှတ်တစ်မှတ်သာကွာဟရာ ချန်ပီယံလိဂ်ဝင်ခွင့်တစ်နေရာအတွက် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိသည်။ **(မေလှဲ့သင်း)**

## ဘာစီလိုနာနှင့် စာချုပ်သက်တမ်းတိုးရန် အဲလ်ဗက်စ်နီးစပ်နေ

စပိန်ထိပ်သီးကလပ် ဘာစီလိုနာအသင်း၏ ဘရာဇီးနောက်ခံကစားသမား ဒန်နီအဲလ်ဗက်စ်သည် လာမည့်ရက်အနည်းငယ်အတွင်း အသင်းနှင့်စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုရန် နီးစပ်နေကြောင်းသိရသည်။

အဲလ်ဗက်စ်မှာ ဘာစီလိုနာအသင်း၏အမာခံကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သလို အင်္ဂလန်ကလပ်အသင်းများဖြစ်ကြသည့် မန်ယူ၊ မန်စီးတီး၊ ချယ်လ်ဆီးအသင်းတို့က ၎င်းအားခေါ်ယူရန် အပြိုင်စောင့်ကြည့်နေကြသည်။

ထို့ပြင် အဲလ်ဗက်စ်အနေဖြင့်လည်း ဘာစီလိုနာအသင်းတွင် မပျော်ရွှင်တော့ကြောင်းသတင်းများထွက်ပေါ်နေပြီး လာမည့်နွေရာသီတွင် စပိန်မြေကို စွန့်ခွာဖွယ်ရှိကြောင်း သတင်းကြီးနေသူလည်းဖြစ်သည်။ သို့သော် ဘာစီလိုနာအသင်းအနေဖြင့် ၎င်းအားလက်လွှတ်ရန် ဆန္ဒမရှိဘဲ သုံးနှစ်သက်တမ်းရှိ စာချုပ်သက်တမ်းတစ်ရပ်ကို တိုးမြှင့်ချုပ်ဆိုရန် ကမ်းလှမ်းထားကြောင်း စပိန်သတင်းစာ Marca ကဖော်ပြခဲ့သည်။ ထို့ကြောင့် အဲလ်ဗက်စ်မှာ အသင်းနှင့်စာချုပ်သစ်ထပ်မံချုပ်ဆိုဖြစ်ခဲ့ပါက ၂၀၁၈ ခုနှစ်အထိအသင်း၌ ဆက်လက်ရှိနေမည်ဖြစ်ပြီး မြင့်မားသည့် လုပ်ခလစာငွေပမာဏကိုလည်း တိုးမြှင့်ရရှိသွားမည်ဖြစ်ကြောင်းသိရသည်။ အသက်(၃၁) နှစ်အရွယ်ရှိ ဘရာဇီးလက်ရွေးစင်နောက်ခံလူ အဲလ်ဗက်စ်မှာ ဆီဗီလာအသင်းမှ ဘာစီလိုနာအသင်းသို့ ၂၀၀၈ ခုနှစ်ကပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ပွဲပေါင်း ၂၀၀ ကျော်ပါဝင်ကစားပေးခဲ့သလို ဆုဖလားအောင်မြင်မှုများစွာလည်း ရရှိခဲ့ဖူးသူဖြစ်သည်။ **(ကိုရဲ)**

## အိုဇေးလ်အနေဖြင့် ဝေဖန်မှုများကို ခြေစွမ်းဖြင့် တုံ့ပြန်သက်သေပြရန်လိုဟု ပီရက်ဇ်ဆို

အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်း ပီရက်ဇ်က အိုဇေးလ်သည် ၎င်းမြင်ဖူးသမျှ ကစားသမားများထဲတွင် အကောင်းဆုံးတစ်ဦးဖြစ်ပြီး ရီးယဲလ်တွင်ကစားခဲ့စဉ်က ခြေစွမ်းမျိုး အဆိုပါကစားသမားတွင် ပျောက်ဆုံးနေခဲ့ပြီဟု ဝေဖန်မှုများကို ကွင်းတွင်း ခြေစွမ်းဖြင့် တုံ့ပြန်သက်သေပြရန် တိုက်တွန်းခဲ့သည်။

ပီရက်ဇ်က အာဆင်နယ်မဂ္ဂဇင်းသို့ ပြောကြားခဲ့ရာတွင် "ကျွန်တော့်အတွက်တော့ အဲဒီလီဗာပူးနဲ့ပွဲမှာ အကောင်းဆုံးကစားသမားက အိုဇေးလ်ပါပဲ။ ဒီလို သူ့ရဲ့အပေါ်မှာ ဝေဖန်တာတွေကို မှားယွင်းတယ်ဆိုတာ အလုပ်နဲ့ သက်သေပြနိုင်တဲ့အတွက် သူ့အစားကျွန်တော်ကျေနပ်ရပါတယ်။ သူ အာဆင်နယ်ရောက်ရှိလာပြီးကတည်းက ဒီနှစ် ဘောလုံးရာသီမှာတော့ လူအတော်များများက သူ့ကိုဝေဖန်ခဲ့တယ်။ သူနဲ့ကျွန်တော် ပုံမှန်လေ့ကျင့်ခန်း ဆင်းရင်းနဲ့ ကျွန်တော်မြင်ဖူးသမျှထဲက အကောင်းဆုံးကစားသမားတစ်ယောက်ဆိုတာ သူ့ကိုပြောဖြစ်ခဲ့တယ်"ဟု ဆိုသည်။

တူရကီနွယ်ဖွား ဂျာမနီကွင်းလယ်လူ အိုဇေးလ်သည် ရှော်လ်ကေး၊ ဝါဒါဘရီမင်၊ ရီးယဲလ်မက်ဒရစ်တို့တွင် ကစားခဲ့ဖူးပြီး ရီးယဲလ်တွင် ကွင်းလယ်တိုက်စစ်ကို ဦးဆောင်ကစားခဲ့သူဖြစ်သည်။ **(မေလှဲ့သင်း)**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**
**ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

၁။ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အတွင်း ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ ကျေးလက်အိမ်ရာနှင့် ယင်လုံအိမ်သာလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| | | |
|---|---|---|
| (က) | ကျေးလက်လမ်း | (၆၄/၅)မိုင် |
| (ခ) | ကျေးလက်တံတား | ၄၁၅ ပေ |
| (ဂ) | Box Culvert | ၃၂ စင်း |
| (ဃ) | ကျေးလက်ရေပေးရေး | ၁၁၂ ခု |
| (င) | ကျေးလက်ယင်လုံအိမ်သာ | ၂၄၁ လုံး |
| (စ) | ကျေးလက်မီးလင်းရေး (ဆိုလာစနစ်) | ၃၆၁၇ ခု |
| (ဆ) | ကျေးလက်စံပြအိမ်ရာ | ၁၁၇ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို(၁၀-၄-၂၀၁၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဘားအံမြို့၊ အမှတ်(၄)ရပ်ကွက်၊ သံလွင်လမ်း၊ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ရောင်းချမည်ဖြစ်ပြီး (၁၀-၅-၂၀၁၅) ရက်နေ့ ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၅၈-၂၃၃၈၇၊ ၂၃၄၄၅၊ ၂၃၄၄၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ။**



**ကရင်ပြည်နယ်လွှတ်တော်**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ကရင်ပြည်နယ်လွှတ်တော်ရုံး တည်ဆောက်ရန် ဆောက်လုပ်ရေးကုမ္ပဏီများအား တင်ဒါခေါ်ယူအပ်ပါသည်။
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် ၂၂-၄-၂၀၁၅
၃။ တင်ဒါပိတ်မည့်ရက် ၈-၅-၂၀၁၅
၄။ အထက်ပါ လုပ်ငန်းနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများအား အောက်ဖော်ပြပါနေရာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ကရင်ပြည်နယ်လွှတ်တော်ရုံး**
**ဖုန်း-၀၅၈-၂၁၁၅၂၊ ၀၅၈-၂၃၂၁၆၊ ၀၉-၄၉၃၄၀၅၂၈**


## စီးရီးအေအရင်ခုန်သံ-၃၀

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၃၀ ကို မေ ၁၁၊ ၁၂၊ ၁၃ ရက်နေ့တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ နာပိုလီနဲ့ ဖီအိုရင်တီးနား၊ တိုရီနိုနဲ့ ရိုးမား၊ အေစီမီလန်နဲ့ ဆမ်ဒိုးရီးယားတို့ တွေ့ဆုံနေတဲ့ပွဲစဉ်တွေလို ပွဲကောင်းများစွာ ပါဝင်နေတဲ့ အတွက် အကြိတ်အနယ်ရှိမှာသေချာနေကာ စိတ်ဝင်စားဖို့လည်း ကောင်းပါတယ်။

**ဂျီနိုအာ - ကယ်ဂလီယာရီ** **ည ၁၀း၃၀ (၁၁-၄-၂၀၁၅)**

ဂျီနိုအာရဲ့ ခြေစွမ်းပိုင်းက အားနည်းမှုတွေရှိနေတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက် ဂိုးသွင်းခြေတည်ငြိမ်မှုမရှိခဲ့ဘဲ တစ်ဂိုးထက်ပိုရတဲ့ပွဲမရှိခဲ့ဘူး။ ဒါပေမယ့် ကယ်ဂလီယာရီကလည်း တန်းဆင်းဇုန်အတွင်းရောက်ရှိနေကာ ခြေစွမ်းပိုင်းအားနည်းလွန်းပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ ဂျီနိုအာတို့ နိုင်ပွဲပြန်ရသွားမှာပါ။

**ပါးမား - ဂျူဗင်တပ်** **ည ၁၀း၃၀ (၁၁-၄-၂၀၁၅)**

ချန်ပီယံလိဂ်ကစားရဖို့ရှိတဲ့အတွက် ဂျူဗင်တပ်တို့ ခြေကုန်ထုတ်ကစားဖို့ ခက်ပါလိမ့်မယ်။ ဒါပေမယ့် စီးရီးအေမှာ အမှတ်ကွာဟမှုကို ဆက်ထိန်းနိုင်ဖို့တော့ ဂရုတစိုက်ကစားသွားမှာပါ။ ဒ့ါအပြင် ပါးမားရဲ့အသင်းလိုက်စွမ်းဆောင်ရည်နဲ့ စိတ်ဓာတ်ပိုင်းကလည်း အားနည်းနေတာကြောင့် ဂျူဗင်တပ်ပဲနိုင်ပွဲရသွားမှာပါ။

**ဗီရိုနာ - အင်တာ** **နံနက် ၁း၁၅ (၁၂-၄-၂၀၁၅)**

ပါးမားကိုတောင် အနိုင်မယူနိုင်ခဲ့တဲ့အထိ အင်တာမီလန်ရဲ့ခြေကပျက်ယွင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်တိုက်အနိုင်မရခဲ့ပါဘူး။ ဗီရိုနာကတော့ လက်ရှိကစားပုံမတည်ငြိမ်ဘူးဆိုပေမယ့် လက်ရှိရပ်တည်မှုအရ တန်းဆင်းဇုန်နဲ့ကပ်နေလို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာပါ။ ဗီရိုနာ အနိမ့်ဆုံးသရေရမယ်။

**ဆီစီနာ - ချီယေဗို** **ညနေ ၅း၀၀ (၁၂-၄-၂၀၁၅)**

တန်းဆင်းဇုန်ထဲက ဆီစီနာရဲ့ လက်ရှိကစားပုံမဆိုးဘူးလို့ဆိုနိုင်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရှုံးပွဲတစ်ပွဲသာရှိတာကို သတိပြုရမယ်။ ဒါပေမယ့် ချီယေဗိုကလည်း လက်ရှိအချိန်မှာ တန်းဆင်းဇုန်နဲ့ကပ်နေတာကြောင့် အားစိုက်ကစားမှာပါ။ ဆီစီနာတို့အခက်တွေ့နိုင်ပြီး အမြင့်ဆုံးသရေပဲရမယ်။

**လာဇီယို - အမ်ပိုလီ** **ည ၇း၃၀ (၁၂-၄-၂၀၁၅)**

လက်ရှိ လာဇီယိုရဲ့ခြေစွမ်းပိုင်းက အတော်လေးအားကောင်းနေပါတယ်။ နိုင်ပွဲတွေဆက်နေသလို တိုက်စစ်ကစားပုံကလည်း ထက်မြက်နေကာ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါကြောင့် အမ်ပိုလီခြေမဆိုးဘူးဆိုပေမယ့် ဒီပွဲမှာတော့ ရှုံးကန်ရဖို့ရှိပါတယ်။ လာဇီယိုပဲအိမ်ကွင်းမှာနိုင်ပွဲရယူသွားမှာပါ။

**နာပိုလီ - ဖီအိုရင်တီးနား** **ည ၇း၃၀ (၁၂-၄-၂၀၁၅)**

နှစ်သင်းစလုံး ဒီပွဲစဉ်အပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ရှိပါတယ်။ ဒါကြောင့် ခြေကုန်ထုတ်ဖို့ခက်ပေမယ့် လက်ရှိအနေအထားအရ ဒီနှစ်သင်းစလုံးဟာ ဥရောပဝင်ခွင့်ရရှိဖို့ အားပြိုင်နေရတာကြောင့် ဂရုတစိုက်ကစားသွားမှာပါ။ လက်ရှိခြေအရ ဖီအိုရင်တီးနားကသာပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးမယ့် နာပိုလီတို့ ကပ်နိုင်သွားမှာပါ။

**အူဒီးနီးစ် - ပါလာမို** **ည ၇း၃၀ (၁၂-၄-၂၀၁၅)**

ပါလာမိုဟာ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရတဲ့အပြင် ပါလာမိုဟာ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် ခြေစွမ်းပိုင်းပါမတည်ငြိမ်တတ်ပါဘူး။ အူဒီးနီးစ်ကတော့ လက်ရှိခြေစွမ်းပိုင်းမဆိုးတဲ့အပြင် အိမ်ကွင်းလည်းဖြစ်နေတာကြောင့် အားစိုက်မှာဖြစ်သလို နိုင်ပွဲလည်းရသွားမှာပါ။

**တိုရီနို - ရိုးမား** **ည ၇း၃၀ (၁၂-၅-၂၀၁၅)**

ယူရိုပါလိဂ်ကထွက်ခဲ့ရတဲ့အတွက် ရိုးမားတို့ စီးရီးအေအပေါ်မှာသာ အာရုံစိုက်ပြီး ကစားပုံနဲ့ရလဒ်ပိုင်းလည်း ပြန်ကောင်းလာပါတယ်။ ဒါပေမယ့် တိုရီနိုကလည်း အခုနောက်ပိုင်းကစားပုံကောင်းနေသလို အိမ်ကွင်းလည်းဖြစ်လို့ ရိုးမားတို့အခက်တွေ့သွားမှာပါ။ ဥရောပဝင်ခွင့်အတွက် ရုန်းကန်နေတဲ့ တိုရီနို ကပ်နိုင်သွားမယ်။

**အတ္တလန္တာ - ဆာစူအိုလို** **ည ၇း၃၀ (၁၂-၄-၂၀၁၅)**

အတ္တလန္တာဟာ တန်းဆင်းဇုန်နဲ့နီးကပ်လွန်းနေတဲ့အတွက် အိမ်ကွင်းပွဲစဉ်တွေမှာ အများခံမှာမဟုတ်ဘူး။ ဆာစူအိုလိုက အခုနောက်ပိုင်းကစားပုံအရ အတ္တလန္တာထက် ပိုမိုကောင်းမွန်ပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာ ခြေမတည်ငြိမ်တတ်တာကို တွေ့ရတယ်။ တန်မဆင်းရဖို့ ရုန်းကန်လာမယ့် အတ္တလန္တာ ကပ်နိုင်သွားမှာပါ။

**အေစီမီလန် - ဆမ်ဒိုးရီးယား** **နံနက် ၁း၁၅ (၁၃-၄-၂၀၁၅)**

လက်ရှိအချိန်မှာ အေစီမီလန်ရဲ့ကစားပုံ အနည်းငယ်ပြန်ငြိမ်လာတာတွေ့ရတယ်။ ဒါကြောင့် အိမ်ကွင်းလည်း ဖြစ်ပြီး ဥရောပဝင်ခွင့်လည်းမှန်းနိုင်သေးလို့ ခြေကုန်ထုတ်မှာပါ။ ဒါပေမယ့် ဆမ်ဒိုးရီးယားခြေက ပိုမိုတည်ငြိမ်သလို ဥရောပဝင်ခွင့်အတွက် အများမခံတဲ့အခြေအနေမှာရှိတဲ့အတွက် အားစိုက်ကစားမှာပါ။ အေစီမီလန် သရေထက်မပိုပါဘူး။

**(ရှိုင်းမင်းမင်း)**

# သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲများ ကျင်းပ

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို တစ်နိုင်ငံလုံးရှိပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဆင်နွှဲနိုင်ရေးအတွက် မှုခင်းကျဆင်းရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး၊ လိင်စိတ်ကြွဆေး၊ တားမြစ်ဆေးဝါးများ သုံးစွဲ/ရောင်းဝယ်မှုမရှိစေရေး အသိပညာပေးခြင်းနှင့် စစ်ဆေးအရေးယူခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ ဗန်းမော်မြို့နယ်၊ လွယ်ဂျယ်မြို့နယ်၊ မိုးမောက်မြို့နယ်နှင့် မန်စီမြို့တို့ရှိ ဆေးဆိုင်များအား သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက ကာမရာဂနှိုးဆွဆေး/တားမြစ်ဆေးများ ရောင်းဝယ်ခြင်း ရှိ၊ မရှိစစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ဧပြီ ၂ ရက်က မိုးမောက်မြို့နယ် မြို့သစ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ဧပြီ ၄ ရက်က ရွှေကူမြို့ အမှတ်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌လည်းကောင်း၊ ဧပြီ ၆ ရက်က မိုးညှင်းမြို့နယ် ရန်အောင်မာန်ပြေဆုတောင်းပြည့်ဘုရားဓမ္မာရုံ၌လည်းကောင်း၊ ဧပြီ ၇ ရက်က တနိုင်းမြို့ ဆင်ဆာ့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့များမှတပ်ဖွဲ့ဝင်များက သင်္ကြန်ကာလအတွင်း မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး၊ ယာဉ်/လမ်း စည်းကမ်းလိုက်နာရေး၊ လိင်စိတ်ကြွဆေးများ၊ တားမြစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲမှုမရှိစေရေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ကျိုင်းလပ်မြို့နယ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် သင်္ကြန်ကာလအတွင်း ပြည်သူများကြား ကျရောက်လာနိုင်သည့် မူးယစ်ဆေးဝါး၊ လိင်စိတ်ကြွဆေးနှင့် အခြားအန္တရာယ်ဖြစ်စေနိုင်သည့် ဆေးဝါးများအန္တရာယ်မှ ကင်းဝေးစေရန် ကြိုတင်မြော်တွေးလျက် ဧပြီ ၈ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ် တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ ဝမ်ကျင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ပြုလုပ်သော သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲတွင် အမှတ်(၃၀)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(တာချီလိတ်)မှ ရဲအုပ် ဝင်းကျော်ကျော်က သင်္ကြန်ကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲ၍ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ဖြစ်ပေါ်တတ်သော ဆိုးကျိုးအန္တရာယ်များ၊ ဆေးဆိုင်ကြီးများနှင့် လမ်းဘေးဆေးဆိုင်များတွင် လိင်/ကာမဆိုင်ရာ နှိုးဆွစေသောဆေးများ ရောင်းချခြင်းမရှိစေရေး၊ မူးယစ်ဆေးဝါးများ သုံးစွဲရောင်းဝယ်ပါက အရေးယူခံရမည့် ပြစ်မှုပြစ်ဒဏ်များအကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မြဝတီမြို့တွင် ကာမစိတ်နှိုးဆွစေသော ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၀**

ဧပြီ ၆ ရက်က မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် မြဝတီမြို့ ရပ်ကွက်(၁) ဆီးဂဲလ်ဂိတ်ဝင်းအတွင်း စက္ကူဂျပ်ဖာ တစ်ဖာထမ်းလာသူ အဒူရဟေး(ခ) ကောင်လေး (ခ) မောင်လင်းထိန်အား ရှာဖွေရာ ဂျပ်ဖာအတွင်းမှ ကာမစိတ်နှိုးဆွစေသော ဆေးဝါး ၁၄ မျိုးနှင့် လိင်/ကာမ ဆက်ဆံရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ သန္တာလမ်းအမှတ်(၁) ရပ်ကွက် ဘုရင့်နောင်ဈေးဆိုင်ခန်းအမှတ်(၃)ရှိ ယူစွပ်(ခ)ခင်မောင်ဌေး၏ဆေးဆိုင်ကိုရှာဖွေရာ ကာမစိတ်နှိုးဆွစေသော ဆေးဝါး ၂၂ မျိုးနှင့် လိင်/ကာမဆက်ဆံရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်။





အဒူရဟေး(ခ)ကောင်လေး (ခ)မောင်လင်းထိန်နှင့် ယူစွပ်(ခ)ခင်မောင်ဌေးတို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ကာမစိတ်နှိုးဆွစေသော ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှုနှင့် ပတ်သက်ပြီး အဒူရဟေး (ခ) ကောင်လေး (ခ) မောင်လင်းထိန်(၃၈)နှစ်နှင့် ယူစွပ်(ခ) ခင်မောင်ဌေး (၃၀)နှစ် တို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ကော့သောင်းနှင့် မူဆယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၀**

**ကော့သောင်းမြို့နယ်**

ဧပြီ ၆ ရက်က မူးယစ်တပ်ဖွဲ့စု(၃၄) ကော့သောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ရန်ကြီးအောင်(၃)လမ်းနေ မြင့်လွင်(ခ)ရှမ်းပုတ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့ခန်း ကြမ်းပြင်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅ ပြားနှင့် ဆေးခြောက် သုည ဒသမ ၀၁၁ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် မြင့်လွင်(ခ) ရှမ်းပုတ်(၄၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မူဆယ်မြို့နယ်**

ဧပြီ ၇ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်) ၁၀၅ မိုင်သွားကားလမ်း လုံခန်ကျေးရွာအဝင် ညောင်ပင်အနီး လမ်းမပေါ်တွင် ပန်ဆိုင်း(ကြူကုတ်)မှ ၁၀၅ မိုင်သို့ ဝူလောက်အန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ တူးဘောက်အတွင်းရှိ လက်ကိုင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၆၀၀ သိမ်းဆည်းရမိသဖြင့် ဝူလောက်အန်(တရုတ်နိုင်ငံသား) (၄၁)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



# မောင်တောမြို့တွင် ကာမနှိုးဆွဆေးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၀**

ရခိုင်ပြည်နယ် မောင်တောမြို့ မောင်တောမြို့မဈေးအတွင်း ကာမနှိုးဆွဆေးများရောင်းချနေကြောင်းသတင်းအရ မောင်တောမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမှတ်(၄၆)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၇ ရက် နံနက် ၁၁ နာရီက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ မောင်တောမြို့နယ် အီတာလျာယာကျေးရွာနေ ဂျဟာတ်(၃၁)နှစ်၏ ဈေးလိုင်းခန်း ၁၉(င)၊ အခန်းအမှတ်(၂၃)အတွင်းမှ ကာမနှိုးဆွဆေးများ၊ လသာကျေးရွာနေ ဆိုင်ဘူလာ(၂၃)နှစ်၏ ဈေးလိုင်းခန်း ၁၉(င)၊ အခန်းအမှတ်(၁၃)အတွင်းမှ ကာမနှိုးဆွဆေးများ သိမ်းဆည်းရမိခဲ့သဖြင့် ဂျဟာတ်နှင့် ဆိုင်ဘူလာတို့အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**


**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်**
**လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Newsprint Paper -9000Tons
(ခ) Web Offset Ink(Black) -31000Kg
(ဂ) Web Offset Ink(Cyan) -41000Kg
(ဃ) Web Offset Ink(Magenta) -41000Kg
(င) Web Offset Ink(Yellow) -41000Kg
(စ) CTP Plate(889x609x0.3)mm(Fuji) -29600shts
(ဆ) CTP Plate(889x609x0.3)mm(Kodak) -88000shts
(ဇ) CTP Plate(889x577x0.3)mm(Kodak) -22000shts
(ဈ) Developer(Kodak) -4800Liters
(ည) Replenisher(Fuji) -1300Liters
(ဋ) Ortho Film(22"x32")(50sheet/box) -200Boxes
(ဌ) Wipe on Aluminium Plate -7000shts (650x550x0.24)mm
(ဍ) Developing Lacquer -450Liters
(ဎ) Fountain Solution(for web offset) -3200Liters
(ဏ) Plate Cleaner(for web offset) -225 Liters

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၀-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း အောက်ပါ လိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၅-၂၀၁၅ရက် နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက် ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်း စဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်-၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၀၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်-၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၂၇



**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်**
**ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါရုံးသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) Office Security System - ၅စုံ
(ခ) Electronic Sign Pen - ၅ချောင်း
(ဂ) Digital Camera D-800(with Lens) - ၅လုံး
(ဃ) Computer Core i7 - ၂၀လုံး
(င) Printer(A4) - ၁၅လုံး
(စ) Fax Machine - ၂၀လုံး
(ဆ) Colour Scanner(A4) - ၁၀လုံး
(ဇ) Colour Printer/Copier(A4) - ၁၀လုံး
(ဈ) Dell Server - ၁လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၀-၄-၂၀၁၅ရက်မှ ၁၅-၅-၂၀၁၅ရက်အထိ နေ့စဉ်နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၅-၂၀၁၅ရက် နံနက် ၉း၀၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ်(၇)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၀၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်-၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၀၂၈

တင်ဒါတင်သွင်းရန်လိပ်စာ
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်-၇၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၃၂၇



**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့စီးပွားရေးဘဏ်**
**တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၊ ရမည်းသင်း ဘဏ်ခွဲအဆောက်အအုံသစ်ဆောက်လုပ်ခြင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါ သည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ၂၂-၄-၂၀၁၅ ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၁-၅-၂၀၁၅ရက်၊ ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံ တင်သွင်းရမည်။

၄။ အိတ်ဖွင့်တင်ဒါရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

တိုင်းဒေသကြီးမန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်(တိုင်းဒေသကြီးရုံး)၊ အမှတ်(၁၈၆)၊ ၈၃လမ်း၊ ၂၅ လမ်းနှင့် ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၅၆၄၃၊ ၀၂-၂၄၉၄၃

၅။ အသေးစိတ်သိရှိလိုပါက အထက်ဖော်ပြပါလိပ်စာနှင့်ဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပြည်တွင်းရေးရာ

# မြင်းမူမြို့နယ်၌ စာတတ်မြောက်ရေးလှုပ်ရှားမှု စာသင်ဝိုင်းတစ်ရာကျော်ဖြင့် သင်ကြားပေးလျက်ရှိ



**မင်းမူ မေ ၁၀**

၂၀၁၅ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် ဧပြီ ၁ရက်မှ စတင်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်တွင် စာသင်ဝိုင်း ၁၁၄ဝိုင်းဖြင့် စာမတတ်သူများအား သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ရွှေဘိုတက္ကသိုလ်မှ ဆရာ၊ ဆရာမ ၁၀ဦးနှင့် တက္ကသိုလ် ကျောင်းသား ကျောင်းသူ ၁၁၂ ဦးတို့က ကျေးရွာ ၅၅ရွာသို့ သွားရောက်ပြီး စာသင်ဝိုင်းများ ဖွဲ့၍ စာအရေး၊ အဖတ်ကျွမ်းကျင် တတ်မြောက်အောင် သင်ကြားပေးလျက်ရှိသည်။

စာသင်ကြားပေးနေသူ ဆရာမ ဒေါ်သီသီခိုင်(ပထမနှစ်၊ မဟာဝိဇ္ဇာ-မြန်မာစာ)က " ကျွန်မတို့က တပင်ရွှေထီးရပ်ကွက်မှာ စာသင်ဝိုင်းနှစ်ဝိုင်းနဲ့ စာသင်သူ ၁၄ ဦးကို သင်ပေးနေတာပါ။ အမေအရွယ်၊ အဒေါ်အရွယ်တွေ ဆိုပေမယ့် စာတတ်ချင်တဲ့ စိတ်တွေနဲ့ လာသင်ကြတာဆိုတော့ သင်ပေးရတာ အဆင်ပြေပါတယ်။ နေ့ခင်းဘက်မှာ သူတို့ အလုပ်မအားကြလို့ ညပိုင်းမှာလည်း သင်ကြားပေးနေပါတယ်" ဟု ပြောသည်။

အချို့ရပ်ကွက်နှင့် ကျေးရွာများတွင် ဒေသခံပြည်သူများသည် နေ့ခင်းပိုင်းတွင် ဝမ်းရေးအတွက် လုပ်ငန်းများ လုပ်ကိုင်နေကြရသဖြင့် စာသင်ကြားနိုင်ရေးကို သက်ဆိုင်ရာရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီးများနှင့် သင်ကြားပေးသည့် ဆရာ၊ ဆရာမများ စီစဉ်ညှိနှိုင်းကြကာ ညပိုင်းတွင် သင်ကြားပေးလျက်ရှိသည်။

စာသင်ယူနေသည့် အသက် ၅၃ နှစ်ရှိပြီဖြစ်သော ဒေါ်စန်းက " ကျွန်မက အသက်ကြီးပြီဆိုပေမယ့် စာတော့ တတ်ချင်တယ်။ စာမတတ်တော့ အားငယ်ရတယ်။ မရေးတတ်၊ မဖတ်တတ်တော့ လူဖြစ်ရှုံးတာပေါ့။ ဒါကြောင့် စာလာသင်ယူတာပါ။ ကျွန်မတို့ လက်လုပ်လက်စားတွေ နေ့ခင်းမှာ မအားလို့ ဆရာမလေးတွေက ညပိုင်းမှာ သင်ပေးတော့ ကျေးဇူးပိုတင်ရတာပေါ့" ဟု ပြောသည်။

မြင်းမူမြို့နယ်တွင် ၂၀၁၅ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအဖြစ် မေ ၁၅ရက်အထိ စာသင်ဝိုင်းများဖြင့် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ**

# နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားမှုများရှိနေဆဲဖြစ်

**တာမိုးညဲ မေ ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် တာမိုးညဲမြို့နယ်အတွင်း အခြေချနေထိုင်ကြသည့် ကချင်၊ ပလောင်၊ ရှမ်းစသည့် တိုင်းရင်းသားမျိုးနွယ်စုများသည် ၎င်းတို့၏ နိုင်ငံသားအခွင့်အရေးများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပိုမိုတန်ဖိုးထားလာပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများ၏အစီအစဉ်ဖြင့် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ အစုအဖွဲ့အလိုက်လာရောက်လျှောက်ထားမှုများရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

"အသိအမြင်ကျယ်ပြန့်လာတဲ့ခေတ်အခြေအနေအရ ယနေ့ခေတ်မှာ ရွှေ့ပြောင်းလုပ်ကိုင်သူတွေ၊ ကုန်စည်ကူးသန်းရောင်းဝယ်မှု တွေရှိလာသလို ဒေသတွင်းတည်ငြိမ်မှုတွေထိန်းသိမ်း နေတဲ့ ကာလအတွင်းမှာ နိုင်ငံသားအခွင့်အရေးနဲ့ တန်ဖိုးကို သူတို့ပိုပြီးသိလာကြပါတယ်၊ ရှိတဲ့ဝန်ထမ်းအင်အားနဲ့ မိုးပွင့်အထူးစီမံချက်တွေ ဆောင်ရွက်နေသလို ရုံးထိုင်အဖွဲ့တွေဆီဆက်သွယ်ပြီး လာရောက်လျှောက်ထားတဲ့ တိုင်းရင်းသားတွေကိုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားတွေ နေ့ချင်းပြီးဆောင်ရွက်ပေးနေပါတယ် "ဟု တာမိုးညဲမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်ရာက ပြောသည်။

မေ ၇ရက်တွင် တာမိုးညဲမြို့နယ် မုံးစီး၊ မုံးဟွမ်၊ နမ့်မော၊ မုန်းပေါ၊ ကြိမ်းဟုန်ပြိန်းခံ၊ နမ့်တောင်း ကျေးရွာများမှ လာရောက်လျှောက်ထားကြသော ပလောင်၊ ကချင်နှင့်ရှမ်းလူမျိုး တိုင်းရင်းသား ၄၅ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဖေယျာတု**

# ဝါးခယ်မ၌ သင်္ကြန်ကာလအတွင်းမှုခင်းများမဖြစ်ပွားစေရေး ပေါင်းစပ်ညှိနှိုင်း

**ဝါးခယ်မ မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၇ရက် နံနက် ၉နာရီတွင် သင်္ကြန်ကာလအတွင်းမှုခင်းများမဖြစ်ပွားစေရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်တရားသူကြီး၊ လက်ထောက်အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီတို့မှ တာဝန်ရှိသူများနှင့် ရဲစခန်းမှူး၊ မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူး (၁၄) ဦးတို့က သင်္ကြန်ကာလအတွင်းမှုခင်းများမဖြစ်ပွားစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းအသိပညာပေးရေးနှင့် စစ်ဆေးအရေးယူမည့် ကိစ္စရပ်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်းသိရသည်။

**(ဌေးလွင်)**

# တံတားနှင့် ကျေးရွာချင်းဆက် ကျောက်ချောလမ်းဖွင့်

**မြောင် မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် သရက်သာမှ ကျောက်ရစ်ကျေးရွာသို့သွားရာလမ်းပေါ်ရှိ ချောင်းကူး -သာဇေယျ- တံတားဖွင့်ပွဲနှင့် ကျောက်ရစ်-ဘူးကိုင်း ကျေးရွာချင်းဆက် ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၇ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သာဇေယျ တံတားမှာ အလျား ၁၄၆ ပေ၊ အကျယ် ၁၂ ပေ၊ ချဉ်းကပ်လမ်းအရှည်တစ်ဖက်လျှင် ၄၀ ပေ၊ စုစုပေါင်း တံတား အရှည် ၂၂၆ပေ ရှိပြီး သံကူကွန်ကရစ် နှစ်တိုင်စင်ဖြင့် ဆောက်လုပ်ထားရှိကာ စုစုပေါင်းကုန်ကျငွေကျပ် ၃၅၅ သိန်း ဖြစ်၍ ဦးမျိုးမြင့် ဇနီး ဒေါ်ခင်ဆွေမာသန်း မိသားစုတို့က လှူဒါန်းခြင်းဖြစ်သည်။ တံတား တည်ဆောက်ပြီးစီးမှုကြောင့် မြစ်ရေဝင်ကျေးရွာများသည် လည်းချောင်း၏ အနောက်ဘက်ကမ်းရှိ ကျေးရွာများ အမြို့မြို့အနယ်နယ်သို့ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။ **တင်ကိုကို**


## ပဲခူးတိုင်းဒေသကြီးလွှတ်တော်
## ပဲခူးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့်အောက်ပါလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်ပါသည်-

(က) အဝင်လမ်းနှင့်ကားပါကင်လုပ်ငန်း လုပ်ငန်း(၁)ရပ်
(ခ) Sign Board Work လုပ်ငန်း(၁)ရပ်
(ဂ) လုံခြုံရေးဂိတ် လုပ်ငန်း(၁)ရပ်
(ဃ) လွှတ်တော်ကိုယ်စားလှယ်များတည်းခိုဆောင် လုပ်ငန်း(၁)ရပ်
(င) Passage လုပ်ငန်း(၁)ရပ်
(စ) 800-gals Steel Trestle Work လုပ်ငန်း(၁)ရပ်
(ဆ) CCTV System လုပ်ငန်း(၁)ရပ်
(ဇ) PA System လုပ်ငန်း(၁)ရပ်
(ဈ) Fire Alarm System လုပ်ငန်း(၁)ရပ်
(ည) LED Display System လုပ်ငန်း(၁)ရပ်
(ဋ) Fire Fighting System လုပ်ငန်း(၁)ရပ်
(ဌ) Conference & Voting System လုပ်ငန်း(၁)ရပ်
(ဍ) Video System လုပ်ငန်း(၁)ရပ်
(ဎ) Aircon System လုပ်ငန်း(၁)ရပ်

၂။ တင်ဒါစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများက ၁၀-၄-၂၀၁၅ရက်မှ ၃၀-၄-၂၀၁၅ရက်အတွင်း ရုံးချိန်တွင် တင်ဒါပုံစံတစ်စောင်လျှင် သတ်မှတ်ထားသော နှုန်းဖြင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှာ ၈-၅-၂၀၁၅ရက်ဖြစ်ပါသည်။ သတ်မှတ်ရက်၊ သတ်မှတ်ချိန်ထက်ကျော်လွန်ပြီး နောက်ကျတင်သွင်းလာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) ဖုန်း-၀၅၂-၂၂၂၀၂၁၁
(ခ) ဖုန်း-၀၅၂-၂၂၂၀၂၂၃
(ဂ) ဖုန်း-၀၅၂-၂၂၀၁၈၄၄

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အောင်ချမ်းသာအိမ်ရာ တိုက်(D-1)၊ အခန်း (၀၀၄) ကိုမူလ အမည်ပေါက်ပိုင်ရှင် ဦးဇော်ထွန်း [၁၂/ကမရ(နိုင်)၀၀၅၈၅၀]ထံမှ စာချုပ်စာတမ်းများဖြင့်ဝယ်ယူထား သူ ဒေါ်မို့မို့[၂/ဘအန(နိုင်)၀၁၀၂၅၄]က ပိုင်ရှင်အမည်ပြောင်းလဲခွင့် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက် အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ(ရန်ကုန်)၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကုံကော်ရိပ် PPTT(မူလတန်းပြ)
စနေ၊ တနင်္ဂနွေ တန်းခွဲ
နေ့စဉ်တက် ရက်ပြက်တန်းခွဲ
ပန်းဆိုးတန်း၊ လှည်းတန်း၊ တာမွေ | ဧပြီလ 18 ရက်နေ့စမည်
(၃၆၅)ပ-ထပ်၊ မဟာဗန္ဓုလလမ်း၊ ပန်းဆိုးတန်းမှတ်တိုင်အနီး Ph: 09-31340284
တိုက်(၁)တ-ထပ်၊ ဦးထွန်းလင်းချမ်းလမ်းထိပ်၊ လှည်းတန်းလမ်းဆုံ၊ အင်းစိန်လမ်းမကြီး Ph: 09-31548597
(၂၉ဂ)တ-ထပ်၊ ကျိုက္ကဆံလမ်း၊ တာမွေယာယီဈေးရှေ့ Ph: 09-978785990

## လယ်တီဝိပဿနာ(၇)ရက်တရားစခန်းဖိတ်ကြားလွှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ တောကျောင်းရွာနှင့် ထန်းတောကုန်းရွာရှိ ဒီပင်္ကရာကျောင်းတိုက်၏ ဆဋ္ဌမအကြိမ်မြောက် လယ်တီဝိပဿနာဖူးမစဲသာသနာ့ရိပ်သာ(၇)ရက်တရားစခန်းအား မကြာမီဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

ဖွင့်လှစ်မည့်နေ့ရက် - ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း(၂)ရက်၊ နံနက်(၆)နာရီ

စာရင်းပေးသွင်းရမည့်နေ့ရက် - ၁၃၇၆ ခုနှစ်၊ တန်ခူးလပြည့်နေ့မှတန်ခူးလပြည့်ကျော်(၁၂)ရက်အတွင်း

**လယ်တီကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးပဏ္ဍိစ္စ** ဖုန်း-၀၉-၇၉၇၅၆၄၀၆၀၊ ၀၉-၄၇၀၅၁၉၉၀ သို့ စာရင်းပေးသွင်းနိုင်ပါသည်။

လှူဒါန်းလိုသောအလှူရှင်များအနေဖြင့်လည်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

English Speaking
U WIN MAW(PES)
(၄-လ)အတွင်း ကျွမ်းကျင်စွာ
ပြောနိုင်ရမည်။
(တစ်လ-၅၀၀၀ိ/-)၊
၂၃၆/3(င)၊ရတနာလမ်း၊
မြေနီကုန်း၊စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။Ph: 09-5155324

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

## အမြန်ရောင်းမည်

တစ်နှစ်ခွဲခန့် အသုံးပြုပြီး၊ အသစ်နီးပါး ကောင်းမွန်သော Ultrasound, X-ray, ECG နှင့်ဆေးရုံ သုံးပစ္စည်းမျိုးစုံ ရောင်းရန်ရှိသည်။ဆက်သွယ်ရန်- 09-799570677, 09-799570580

■ အသက်သာဆုံး ဝန်ဆောင်ခြေး အပြည့်စုံဆုံးဝန်ဆောင်မှု၊
■ သင်ကြားမှုအကောင်းဆုံးဆရာများ၏ သင်ကြားမှု၊ လေ့ကျင့်မှုများဖြင့်
■ ချုပ်ချယ်မှုကင်း၍ စိတ်အေးချမ်းမြေ့စွာ ပညာသင်ကြားခွင့်ရယူလိုသူများအတွက်
■ တတ်တော်အောင်မြင်ထူးချွန်စေရမည်
ဦးတိုးကျော် (အင်္ဂလိပ်စာ) တည်ထောင်ဦးစီးသင်ကြားသော
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက် အမှတ် - ကက-၁၁/၀ဂ/၀၀၅
ပညာမွန်၊ စေတနာမွန်
အောင်ထူးချွန်
ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်ဘော်ဒါ (ကျိုက်ထို)
၅တန်းမှ၁၀တန်းထိမေလ (၅)ရက်နေ့ဖွင့်မည်
နှစ်စနှစ်ဆုံးဘော်ဒါဝန်ဆောင်ခြေးများ
၅၊ ၆၊ ၇ -တန်း(12)သိန်း | ၈၊ ၉ တန်း (15)သိန်း
၁၀- တန်း (18)သိန်း | နေရာသေချာရန်ကြိုအပ်လက်ခံပြီ
အမှတ် (၆၃၀)၊ ဗိုဝေါလမ်း(မြောက်)၊ ကော့စံနိုင်ရပ်ကွက်၊ ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။09-261755336, 09-978785990


မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

အခန်းဆက်ဆောင်းပါး

# ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည်

## နတ်မောက်ထွန်းရှိန်

**ယမန်နေ့မှအဆက်**

"ထီးပေါင်းကားတောင်၊ ညောင်ပင်ကြီးရင်း၊ တပ်ရာနင်းသည့်၊ ဆောင်းတွင်းနှင်းဝေဝေ၊ နွေသို့လည်းရောက်၊ နန်းသစ်ဆောက်၊ နှစ်ယောက်မင်းများနောင်၊ တောင်သ မန်တောင်ကျည်း၊ နန်းလည်းခြောက်ဆောင်ဆောက် လတ္တံ့။ တောင်လေးလုံးကြီး၊ ရွှေစည်တီးသည့် ပြည်ကြီး အလိုဖြစ်လတ္တံ့။

ထီးပေါင်းကားကြီး ထီးလည်းမှိုသို့ ပေါက်လတ္တံ့၊ ဆင်ဖြူ ဆင်နီ၊ မမြင့်မီခင်ရောက်လတ္တံ့။ ဘုရားကြီးစွာ၊ မဟာမုနိရောက်လတ္တံ့"ဟု ရှေးသိုက်စာဟောင်းများလည်းပေါ်လာသည်။

ဘုရားဗျာဒိတ်သိုက်စာဟောင်းနှင့်အညီ အမရပူရမြို့တော်သည်လည်း ထီးပေါင်းကားအရပ်၌ တည်သည်။ မြို့တော်၏ လက်ယာက တောင်သမန်အင်း၊ ဒုဋ္ဌာဝတီမြစ်၊ လက်ဝဲဘက်က တက်သေးအင်း (ယခုမန္တလေးကန်တော်ကြီး)၊ အရှေ့ဘက်အောင်ပင်လယ်၊ ကြူဝန်းဆည်၊ အနောက်ဘက်က ဧရာဝတီမြစ်တို့ ခြံရံ၏။ သက္ကရာဇ် ၁၁၄၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်မှစ၍ ထီးပေါင်း ကားအရပ်၌ မြို့တော်တည်ရန် ရှင်းလင်းစေ၏။ ပြာသိုလ ပြည့်ကျော် ၁၁ ရက်တွင် မြို့တော်ရွှေပန္နက်၊ ငွေပန္နက်စိုက်၏။

တစ်ချိန်တည်းမှာပင် ပြာသာဒ်တော်၊ သီဟာသနပလ္လင်၊ အနောက်ပွဲထက်၊ ဇေတဝန်ဆောင်တော်၊ ပဒုမာသန ပလ္လင်၊ ဟံသာသနပလ္လင်၊ ပရိတ်နာဆက်ဆောင်တော်၊ သင်္ခါသနပလ္လင်၊ တောင်စမုတ်ဆောင်တော်၊ မိဂါသနပလ္လင်၊ မြောက်စမုတ်ဆောင်တော်၊ မောရိယာ သနပလ္လင်၊ ဗြဲတိုက်ဆောင်တော်၊ ဂဇာသနပလ္လင်၊ လွှတ်တော်၊ ဇေတဝန်ဆောင်တော်များကိုလည်း စလုပ်စေ၏။ မြို့တော်တစ်မျက်နှာတံခါးသုံးပေါက်စီပြဆုံး ဆယ့်ငါး လုပ်ဆောင်သည်။

သက္ကရာဇ် ၁၁၄၅ ခုနှစ် နယုန်လဆန်း ၅ ရက်၊ တနင်္လာနေ့ ပြဿဒ်တော်ရွှေထီး၊ ပလ္လင်တော်ရှစ်ရပ်များ တင်စေသည်။ စွယ်တော်ကျောင်း၊ ပဟိုရ်အတွင်းစွယ်တော်ကျောင်း၊ ထီးများနှင့် ရွှေနန်းတော် အဆောင်ဆောင် မှန်ကင်းများကို တင်စေသည်။ နယုန်လဆန်း ၁၂ ရက်တွင် ဘဝရှင်မင်းတရားကြီး အင်းဝမှ အမရပူရသို့ ရွှေဖောင်တော်၊ ရွှေလှေတော်၊ ဆင်လုံးမြင်းရင်း၊ စစ်အင်္ဂါလေးပါးနှင့် အမရပူရရွှေမြို့တော်သို့ ပြောင်းရွှေ့စံတော်မူသည်။ ရွှေမြို့တော်လေးထောင့် စေတီတော်ကြီးမှစ၍ ကောင်းမှုတော်၊ စေတီတော်၊ ဇရပ်တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဥမင်၊ အရိယသံဃာတော်မြတ်အပေါင်းတို့ သီတင်းသုံးနေတော်မူရန် ဘုံသုံးဆင့်၊ လေးဆင့်၊ ငါးဆင့်ရှိသော ရွှေကျောင်းတန်ဆောင်း၊ ဇရပ်တို့ကိုလည်း အထူးထူးအဆန်းဆန်း ရွှေအတိပြီးစေလျက် ရွှေမြို့တော်ဝန်းကျင် ရွှေတောင်၊ ငွေတောင်ပေါက်သကဲ့သို့ များစွာတည်ထား ဆောက်လုပ်တော်မူသည်ဟု အမရပူရမြို့တည်၊ နန်းတည် ဗဒုံမင်းအကြောင်းအရာများ၊ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၌ အကျယ်တဝင့် ဖော်ပြထားသည်။

ဗဒုံမင်းသည် နိုင်ငံတော်အလုံးကို စနစ်တကျ ရှိစေလိုသော မင်းဖြစ်ဟန်ရှိသည်။ သူ့လက်ထက်တွင် စစ်တမ်းများ ကောက်စေသည်။ မြို့ရွာအုပ်ချုပ်မှု စနစ်တကျ ထူထောင်သည်။ မြို့ရွာ၊ နယ်နိမိတ်အပိုင်းအခြား လက်စွဲကိုယ်ရံတော် စုသား၊ ငန်းသား၊ အသည်တိုင်မှုထမ်းတို့ကိုလည်း အိမ်ခြေနှစ်ဆယ့်ငါးလျှင် တစ်တိုင်စည်းကြပ်ဖွဲ့စည်းစေသည်။ နယ်နိမိတ်အပိုင်းအခြား မြို့၊ ရွာ၊ အိမ်ခြေ၊ စုငန်းစာရင်းများကိုလည်း အခွန့်ရှည်စေသောငှာ ထန်းဖူးထက်တင်၍ ရွှေတိုက်တော်မှာ သွင်းစေသည်။

ဗဒုံမင်းရတနာပူရ အင်းဝနေပြည်တော်မှ ရွှေ့ပြောင်းလျက် အမရပူရ နေပြည်တော် မြို့နန်းတည်ထောင်ချိန်နှင့် အတူပင် ဘုန်းတော်ကြီး ကျောင်းတိုက်ကြီးများကိုလည်း နန်းတော်နှင့် မနီးမဝေးတွင် နေရာပေး တည်ဆောက်စေခြင်းဖြစ်သည်။ မင်းမှုထမ်းများ မှူးတော်၊ မတ်တော်၊ မိဖုရား၊ မင်းသားများအတွက် အိမ်တော်၊ ဝင်းတော်တို့ကိုလည်း စနစ်တကျ လေးထောင့်စပ်စပ် အကွက်ချ ပေးသနားသည်။ နန်းတော်၏ ပတ်လည်တွင် ဝင်းအိမ်တော်များ နေထိုင် ချထားခြင်း ခံရသူများ၏ နေထိုင်ချထားခြင်းခံရသူများ၏ အမည်နာမများဖြင့် စနစ်တကျ သတ်မှတ်ထား တော်မူသည်ကိုလည်း တွေ့ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

**[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၁၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါ အထားအသိုများကို မူရင်း အတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]**

ဘုရားဗျာဒိတ်သိုက်စာဟောင်းနှင့်အညီ အမရပူရမြို့တော်သည်လည်း ထီးပေါင်းကားအရပ်၌ တည်သည်။ မြို့တော်၏ လက်ယာက တောင်သမန်အင်း၊ ဒုဋ္ဌာဝတီမြစ်၊ လက်ဝဲဘက်က တက်သေးအင်း . . .

# တောင်ကြီးမြို့နယ်၌ အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာများချပေးသည့် အခမ်းအနားကျင်းပ

**တောင်ကြီး မေ ၁၀**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံဖော်ထုတ်သော တောင်ကြီးမြို့နယ်တွင် အေးသာယာပြည်သူ့ဝန်ထမ်း အိမ်ရာချမျှတ် ပေးသည့် အခမ်းအနားကို မေ ၈ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့မြို့နယ်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက အဖွင့်အမှာစကားပြောသည်။

ဆက်လက်၍ ကော်မတီ (၃)ရပ်မှ ပြည်သူ့ဝန်ထမ်းအိမ်ရာများကို ပြည်သူများကိုယ်စားတိုက်(၁)၊ တိုက်(၂)၊ မြေညီထပ်၊ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထထပ်တို့အား မဲနှိုက်ချမှတ်ပေးကြကြောင်းသိရသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံဖော်ထုတ်သော တောင်ကြီးမြို့နယ်တွင် အေးသာယာပြည်သူ့ဝန်ထမ်းအိမ်ရာကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လမ်းတံတားဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် ကျပ်သန်း ၉၀၀၀၀၀၀၀၀ ကျော်၊ လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းအတွက် ကျပ်သန်းပေါင်း ၂၄၆၈၀၉၆၄၀၀ ကျော်နှင့် သန့်ရှင်းသော လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၄၁၈၇၈၇၄၀၀၀ ကျော်စုစုပေါင်း ကျပ်သန်းပေါင်း ၇၅၅၅၉၇၀၄၀၀ ကျော်ကို ကျခံသုံးစွဲ၍ စီမံဖော်ထုတ်ပေးလျက်ရှိပြီး တိုက်ခန်းဝယ်ယူရရှိမည့်သူသည် အဆောက်အအုံ၏ အခန်းတန်ဖိုး ကျသင့် ငွေကိုသာ ပေးချေရမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ အေးသာယာပြည်သူ့ဝန်ထမ်း အိမ်ရာသည် လေးခန်းတွဲ ငါးထပ်၊ ၁၃၅ လုံး၊ အခန်းပေါင်း ၂၇၀၀ ကို အလုံး ၄၀ ဆောက်လုပ်ပြီးစီးပြီး အလုံး ၆၀ ကိုစတင်ဆောင်ရွက်နေကြောင်းနှင့်ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် မင်းကျန်စစ် ဆောက်လုပ်ရေးကုမ္ပဏီမှ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**





**အုန်းခြံရောင်းမည်**

ဧရာဝတီတိုင်းဒေသကြီး၊ ချောင်းသာကမ်းခြေအနီး၊ ရွှေသောင်ယံမြို့၊ အဏ္ဏဝါသိပ္ပံကျောင်းအေး၊ ဘိုးဘွားပိုင် အုန်းခြံမြေ (၁) ဧကလျှင် သိန်း (၁၂၀၀) ဖြင့် (၅) ဧက ရောင်းရန်ရှိသည်။

ဆက်သွယ်ရန် - ၀၉- ၄၉ ၃၂၀ ၂၃၃ ၊ ၀၉- ၂၆ ၁၀၀ ၀၄၅၂
၀၉- ၄၉ ၃၂၀ ၉၃၉ ၊ ၀၉- ၂၅ ၃၀၅ ၆၈၆၀

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon,Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**Job Vacancy**
**(Full-time & Part-time)**
Eye Level Learning Center
No.(9), Building(A), Pearl Condo, Saya San Road, Bahan, Yangon.
mrinfostar@gmail.com
09-259301418, 09-43051318
English Main Teacher - 5 Persons
Englilsh Asst Teacher - 10 Persons
Math Main Teacher - 5 Persons
Math Asst Teacher - 10 Perosns
Remarks:Can apply Foreigner & Citizen.

**ကိုသန့်ဇင် CAR RENTAL**
ကားမျိုးစုံကို ခရီးစဉ်
လချုပ် အချိန်ပိုင်း ငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၁၇၆၈၀၊ ၀၉-၅၀၅၉၈၂၃

**ကွန်ဒိုအမြန်ရောင်းမည်**
(၆)ရပ်ကွက်၊ဗြဟ္မာ စိုလမ်း၊တောင်ဥက္ကလာ
၄၊၅၊၆၊ဂလှာ၊(၃၉× ၅၇) ပေ Lift, Garden,Tile, CCTV,
(Model Room ပြလှာတွင်ကြည့်နိုင်သည်)
သိန်း(၁၅၀၀) အလျော့အတင်းရှိသည်။
Ph:09-798843668,09-795836437

**စွန့်ပစ်မြေကြီးအလိုရှိသည်**
ရွှေသံလွင်စက်မှုဇုန်
ဆက်သွယ်ရန်-
ဖုန်း-၀၉-၉၇၄၆၈၆၃၄၄

**မီး သတိပြု**






အတ္ထုပ္ပတ္တိ

*၁၉၃၈ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း ဆရာရေးသား ခဲ့သော ဆောင်းပါးအများစုအနက် ဗိုလ်တထောင် သတင်းစာပါ 'ပွင့်ပွင့်လင်းလင်းပြောပါရစေ' ကဏ္ဍမှ ဆောင်းပါးများနှင့် မြန်မာ့အလင်း၊ အိုးဝေ၊ သွေးသောက်၊ ရှုမဝစသည့် သတင်းစာ၊ မဂ္ဂဇင်းများမှ ဆောင်းပါးများအား အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ဆရာသိန်းဖေမြင့်၏ အလွှာစုံနယ်ပယ်စုံမှ လူပုဂ္ဂိုလ် အကြောင်းပြု အနုပညာမြောက်ရေးဖွဲ့မှုနှင့် 'မှု' အပေါ်အလေးအနက်ထားရေးသားထားမှုတို့ကို တည်းဖြတ် ခြင်းမပြုဘဲ မူရင်းအတိုင်း ဖတ်ရှု ရခြင်းဖြင့် လူပုဂ္ဂိုလ် အတ္ထုပ္ပတ္တိစာပေ၏ သရုပ်သကန်ကိုသိရှိလိမ့်မည်ဟု ယုံကြည်ပါသည်။*

**à သိန်းဖေမြင့်**

# စိန်စတင်း



တို့ဗမာသီချင်း (၃၅)နှစ်မြောက်နှင့် ဝိုင်အမ်ဘီသခင်တင် အထိမ်းအမှတ်ပွဲသဘင်မှာ တို့ဗမာသီချင်းဆိုချင်လို့ စောင်းဆရာဦးဘသန်းထံ ချဉ်းကပ်ပြီး အကူအညီတောင်းကြတယ်။

ဦးဘသန်းက ခဏလောက်စဉ်းစားပြီး "ဟာရနိုင်တယ်ဗျို့။ အတော်ပဲ သို့ပေမယ့် စောစောကြိုပြောထားရမယ်။ သူ့ဆရာ ဘုန်းတော်ကြီးဆီမှာ ခွင့်ပန်ရမယ်။ အလွန်တော်တဲ့သူငယ်ကလေး"လို့ အားတက်သရော ပြောလိုက်တယ်။ ကျွန်တော်နှင့်ပါလာတဲ့ ဂီတာဝိဇ္ဇာဦးစိမ်းမောင်က

"ဘယ်သူလဲဟင်"

ဦးဘသန်း

"စိန်စတင်းတဲ့"

"ဩော် ကြားဖူးတယ်။သူ့လက်သံကို ကြားဖူးတယ်။ နောက်ပေါက်တွေထဲမှာ လိုက်မမီတဲ့ပါရမီရှင်ကလေး ပဲ"

ကျွန်တော်တို့နှင့် ပါလာသော ဂီတစာဆို ရန်နိုင်စိန်က

"စိန်စတင်းလား။ ကျွန်တော်လား သူ့လက်သံကြားဖူးတယ်။ ဘုရားပေးတဲ့ လက်အစစ်ဗျို့"

ကျွန်တော်ကတော့ သူ့လက်သံလည်း မကြားဖူးဘူး။ သူ့နာမည်လည်း မကြားဖူးဘူး။ သို့ပေမယ့် ကျွန်တော်ယုံကြည်လေးစားတဲ့ ဂီတပညာရှင်ကြီး သုံးဦးကသို့ ကလောက်ချီးကျူးမှတော့ တကယ်တော်သူဖြစ်ရမှာပဲလို့ စိတ်မှာ မှတ်ယူလက်ခံလိုက်တယ်။

ဒါ့ကြောင့် စိတ်စတင်းကိုရအောင် လိုက်ကြရတော့တယ်။ စောင်းဦးဘသန်း၊ ဂီတာဦးစိမ်းမောင်၊ ရန်နိုင်စိန်နှင့်ကျွန်တော်တို့ လိုက်ကြခြင်းဖြစ်တယ်။

စိန်စတင်းကို အုပ်ထိန်းသူ ဆရာတော်ဦးရေဝတ၊ သို့မဟုတ် အရှင်ရေဝတာဘိဝံသဟာ မြို့မကျောင်းအနီး အိမ်တော်ရာကျောင်းတိုက်မှာ သီတင်းသုံးနေတယ်။ သူ့ကျောင်းပေါ်ရောက်တယ်ဆိုရင်ပဲ အင်မတန် ကြီးမားခံ့ညားတဲ့ ဆိုင်းဝိုင်းကြီးကို တွေ့မြင်ကြရတယ်။ ကျွန်တော်တို့ရဲ့ ကြံရွယ်ချက်ကို ဆရာတော်ဦးရေဝတအား လျှောက်ထားတော့ လိုက်လျောကူညီရန် များစွာစိတ်အားထက်သန်တာကို တွေ့ရတယ်။ စိန်စတင်းကိုတော့ မတွေ့ရသေးဘူး။ တစ်နေရာကို ဆိုင်းတီးလိုက်သွားတယ်။

ကျောင်းပေါ်မှာရှိတဲ့ ကြီးကျယ်ခံ့ညားတဲ့ ဆိုင်းဝိုင်းကြီးက အသစ်စက်စက်ပါ။

ဆရာတော်ဟာ ကိုယ်တိုင်တီးမှုတ်ခြင်း ဝါသနာမပါ။ မတတ်ကျွမ်းဖြစ်ရုံမက ဝေရမဏီအရသော်လည်း တပည့်သားမြေးကိုပြုစုရန် တာဝန်ရှိနေတဲ့ အတွက်ကြောင့် စိန်စတင်းရဲ့ဆွေမျိုးသားချင်းများ အကူအညီဖြင့် ဆိုင်းဝိုင်းကြီးကို တည်ထောင်ရတယ်။ ဝါဂီနစ်အနုပညာများကို အားပေးအားမြှောက်ပြုရတော့တယ်။

မှန်စီရွှေချအနုပညာလက်ရာပြောင်မြောက်လှတဲ့ ဆိုင်းဝိုင်းကြီးပါပဲ။ တော်လှန်ရေးခေတ်နှင့်အညီ စိန်ဖူးများကိုစပါးသီးနှံဝိုင်းထားတယ်။

ဆရာတော် ဒီဇိုင်းပေးတဲ့အတိုင်း မန္တလေးမြို့မှ မှန်စီရွှေချဆရာ ဦးမြချိုနှင့် ဆရာပေါင်းစုံက ရုပ်လုံးဖော် ပေးကြတယ်။

ဆိုင်းဝိုင်းကြီးကို တန်ဖိုးတွက်ရင် ငွေနှစ်သောင်းလောက်တန်မည်တဲ့ဗျာ၊ ဆိုင်းဝိုင်းကြီးကို အံ့သြချီးကျူးပြီးတဲ့နောက် ဆရာတော်က စိန်စတင်းရဲ့ အမျိုးသားမှတ်ပုံတင်ကတ်ပြားကို ထုတ်ပြပြီး "ဒီသူငယ်ပဲတကာကြီးရဲ့"လို့ ဂုဏ်ယူပြောပြလိုက်တယ်။

စိန်စတင်းဟာ ၁၅ နှစ်ကျော်လွန်လို့ ၁၆ နှစ်ထဲမှသာရှိသေးတယ်။ ဒီအရွယ်မှာ ဝိုင်းဆရာရွှာစားကြီးဖြစ် နေပြီး တကယ့်ဂီတပညာရှင်ကြီးတွေရဲ့ ချီးကျူးခြင်းကို ခံနေရပြီး အံ့သြစရာပေပဲ။

ငယ်မူပြန်သူတွေ ဖတ်ဖတ်မောရသော ဇာတ်တိုက်ပွဲ ကျွန်တော့်အိမ်မှာ သီချင်းတိုက်ကြတော့ စိန်စတင်းကို လူကိုယ်တိုင်ပထမဆုံးတွေ့ရခြင်း ဖြစ်တယ်။ မင်းသားလုပ်လျှင်လည်း စွံမည့်ရုပ်ကလေး။

တို့ဗမာသီချင်းနှင့် တလိုင်းမ မမြကျင်သီဆိုတဲ့ မော်တော်ကားသီချင်းကို ဂီတာဦးစိမ်းမောင်နှင့် ဦးဘသန်းတို့က စန္ဒယားနှင့် ချပေးပြီး စိန်စတင်းက ပတ္တလားနှင့် လိုက်တယ်။

ပတ္တလားလက်ခတ်ကိုင်ပုံနှင့် ပတ္တလားတီးပုံ၊ ထွက်လာသော ပတ္တလားသံစသည်တို့ကို တွေ့မြင်ကြား သိရတော့ ကျော်တိုင်းလည်း ဟုတ်ပေတာပဲလို့ မှတ်ချက်ချလိုက်ပါတယ်။ ဘာဖြစ်လို့ စိန်စတင်းလို့ ခေါ်ကြတာလဲ၊ စတင်းဂန်းလို လက်သံပြောင်သော နာမည်လေလား။ ကျွန်တော်စုံစမ်းကြည့်တယ်။

စိန်စတင်းခေါ် မောင်တင်အောင်ကို ဓနုဖြူမြို့နယ် ညောင်ချောင်းကျေးရွာမှာ ၁၉၅၀ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက် ၁၃၁၁ ခုနှစ် တပေါင်းလဆန်း ၅ ရက်နေ့တွင် မွေးဖွားသတဲ့။ သူပုန်တွေလှုပ်ရှားနေစဉ် မိခင် ဖြစ်သူဟာ ဗုံးခိုကျင်းထဲမှာ ပုန်းနေရစဉ် စတင်းဂန်းသံများကြားလျက် မွေးဖွားလာတဲ့အတွက် စတင်းလို့ ခေါ်ခဲ့ကြသတဲ့။ ဆိုင်းဆရာဆိုရင် စိန်တပ်တဲ့အလေ့အထကြောင့် စိန်စတင်းလို့ ဖြစ်သွားတာပါပဲ။ ရွာစား ကြီးဆိုတဲ့ဘွဲ့တော့ မထည့်ကြတော့ပါ။

နောက်ဆုံးဇာတ်တိုက်ခြင်းကို အိမ်တော်ရာကျောင်းတိုက် ဦးရေဝတကျောင်းပေါ် ဆိုင်းဝိုင်းကြီးရှိရာမှာ ပြုလုပ်ကြတယ်။ ဒီဆိုင်းဝိုင်းသစ်ကြီးမှာ ပထမဆုံးတီးကြခြင်းပါဘဲ။

မော်တော်ကားသီးချင်းကို တလိုင်းမ ဒေါ်မြကျင်က သီဆိုကပြတယ်။ စိန်စတင်းတို့ ဝိုင်းကနေပြီး အငြိမ့်ဆိုင်းတီးပေးကြတယ်။ ဒေါ်မြကျင်ဟာ အသက်၆၂ နှစ်ရှိပြီ။ မစခင်မှာ ဒေါ်မြကျင်က စိန်စတင်းတို့ အဖွဲ့ကို သိပ်တွန်းမပို့ရန် တောင်းပန်ထားတယ်။ ဝိုင်အမ်ဘီဆရာတင်ရဲ့ မူတိုင်း တီးတွက်ခပ်ခက်ခက်တွေပါတယ်။ ပျော့ပျော့အေးအေး ခြေဆင်းလိုက်ပြီး နောက်ပိုင်းကျတော့ အလွန်မြူးထူးတက်ကြွတဲ့သီချင်းဖြစ်တယ်။ တီးသူကလည်း ထိန်းမရဘူး။ တွန်းပို့အောင် သီချင်းဂီတကိုက ဆွဲဆောင်နေတယ်။ ကသူကလည်း ထိန်းလို့မရဘူး။ တွန်းကသွားလေအောင် သီချင်းဂီတက ဆွဲဆောင်သွားတယ်။ ၆၂ နှစ်အရွယ် ဒေါ်မြကျင်ဟာ ၁၆ နှစ်ထဲ ဝင်ခါစ စိန်စတင်းတွန်းပို့သလို တွန်းကသွားတော့တယ်။ ငယ်မူတွေပြန်ပြီး ကလိုက်တာပြီးတော့မှ ဖတ်ဖတ် မောနေတာပဲ။

ပြီးတော့ သန်းသန်းဆင့်က သီဆိုကပြတယ်။ အငြိမ့်ထုံးစံအတိုင်း ငွေမောင်းနှင့် ပေါက်ခေါ်တို့က ပြတ်လုံးထုတ်ကြတယ်။ သန်းသန်းဆင့်အကက တစ်ဘာသာကြည့်ကောင်းတယ်။

သည့်နောက် တို့ဗမာသီချင်းဆိုကြတီးကြပြန်ရော။ မစခင် တို့ဗမာသီချင်းမှ အချို့အပိုဒ်များကို ဆိုင်းဝိုင်းနှင့် စည်းချည်းတီးကြတယ်။ ၃၅ နှစ်လုံးလုံး ကြားနေကျအသံကို ပိုသာသာယာ ပိုကြည်ကြည်လင်လင်ကြားလိုက်ရတယ်။ ပြီးတော့ သခင်ဘသောင်းက တို့ဗမာသီချင်းအဓိပ္ပာယ်ရှင်းပြတယ်။ အသက် ၆၅ နှစ်ရှိနေပြီဖြစ်တဲ့ သခင်ဘသောင်းလည်း ငယ်မူတွေပြန်ပြီး လက်သီးလက်ရုံးတွေတန်းလာတယ်။ လေကုန်မြှင့် ပြီးအော်တယ်။ သခင်ဘသောင်းရှင်းပြပြီးနောက် ရွှေညာမောင်က တို့ဗမာသီချင်းကို သီဆိုတယ်။ ဂီတဟာ ပထမမှာ ရိုးတယ်။ ပတ်စာစမ်းရုံသာ စမ်းရတဲ့အပိုင်း၊ ဒုတိယအဆင့်ကျတော့ ဂီတဟာ သာယာလာတယ်။ ကြွေကွဲစရာကောင်းလာတယ်။ နောက်တစ်ဆင့်ကူးလိုက်တော့ တက်တက်တက်သွားလိုက်တော့ မိုးကိုဒူးနှင့် တက်တိုက်စေအောင်ဖြစ်တယ်။ သီချင်းရဲ့စကားလုံးက လေခင်းသံလိုတက်ကြွ၊ စည်တော်သံလို နှိုးဆွ၊ ရွှေညာမောင်ရဲ့ အသံကလည်း တက်ကြွ မြည်ဟိန်း၊ သံပြိုင်ဝင်ဆိုသူများရဲ့ အသံကလည်း တက်ကြွ စည်းလုံးဖြစ် လေတော့ နားထောင်သူတွေကြက်သီးထကြတယ်။ ဘယ်တုန်းကမျှနှင့် မတူသော ခံစားမှုများကို ခံစားကြ ရတယ်။

သို့ပေမယ့် သီချင်းလည်းပြီးရော ငယ်မူပြန်သူသခင်ဘသောင်းနှင့် ရွှေညာမောင်တို့လည်း ဖတ်ဖတ်မောမောကြရော၊ ချွတ်ယွင်းချက်အချို့ကို ပြင်ချင်လို့ ရွှေညာမောင်ကို ထပ်ဆိုပါဦးလို့ ခိုင်းတော့ မဆိုနိုင်တော့ပါဘူး။ ပွဲနေ့ကျတော့ ဆိုနိုင်အောင် အသံနှင့် အားမွေးရဦးမယ်တဲ့ဗျ။

(၁၉၅၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့ထုတ် မြဝတီမဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၁၂၊ အောက်တိုဘာ ၁၉၅၃မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)




ပြည်တွင်းရေးရာ



# သူငယ်ချင်းလို့ပဲ

## qufac:rnf..cdf

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ “သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်” ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယခင်အပတ်မှအဆက်**

ကျွန်တော့်မေမေသည် စိတ်ဆိုးတတ်သူမဟုတ်။ ဒေါ်စာဥစကားကြောင့် ဟက်ဟက်ပက်ပက်ရယ်မောသည်။

“ ဖြစ်ရလေ စာဥရယ်၊ ကြီးတောင့်ကြီးမားနဲ့ ဘာတွေများ စိတ်တွေများနေရသလဲ၊ ကဲ . . . ကဲ . . . ပြန်ကြော် ပြန်ကြော် . . . ”

ငါးပိကြော် ပြန်ကြော်ရန်အတွက် ဒေါ်စာဥတွင်မက မမေစန်းရော၊ ကိုမောင်ညိုရော ဦးလေးကိုဖိုးခင်ရော အလုပ်များကြသည်။ သူတို့အားလုံးက ဒေါ်စာဥကြီးကို ကျိန်ဆဲကြသည်။ ဇာတ်လမ်းအစုံသိလျှင် သူတို့ကျိန်ဆဲရမည့်သူမှာ ဒေါ်လေးဒေါ်စာဥကြီးမဟုတ်။ ကျွန်တော်သာလျှင် ဖြစ်သင့်သည်ထင်၏။

နောက်တစ်နေ့ ၈-နာရီခန့် ဦးလေးကိုဖိုးခင်ကြီးက အိုး၊ ခွက်၊ ပန်းကန်စသည်တို့ကို ကားဖြင့်တင်ပြီး ဦးထွန်းမောင်ကြီးခြံဆီသို့ ကိုမောင်ညိုနှင့်အတူ သွားနှင့်သည်။ ကျွန်တော်တို့အိမ်သား၊ ခိုင်တို့အိမ်သားများနှင့်ကျွန်တော် ဖိတ်ထားသဖြင့် လိုက်လာသော ငြိမ်းမောင်တို့သည် နောက်မှ ခြေလျင်လျှောက်ကြသည်။

မိုးရေဖြင့် ဆေးကြောထားသဖြင့် လမ်းဘေးတစ်ဝိုက်ရှိ သစ်ပင်အပေါင်းမှာ စင်ကြယ်စိမ်းလန်းနေသည်။ မြေပြင်၌လည်း သဲဖြူဖြူတို့ ဖွေးလက်သန့်ရှင်းနေသည်။ ဖေဖေနှင့် ဦးမြဘူးသည် ဆေးပြင်းလိပ် ကိုယ်စီခဲရင်း တုတ်ကောက်တစ်ချောင်းစီဖြင့် စကားတပြောပြောနှင့် နောက်မှလိုက်သည်။ ဖေဖေတို့ရှေ့၌ မေမေ၊ ဒေါ်လှယဉ်နှင့် ကြိုင်တို့ရှိသည်။ ကိုကို၊ ကျွန်တော်၊ ငြိမ်းမောင်၊ မြိုင်နှင့် ခိုင်တို့က ရှေ့မှဖြစ်၏။ အားလုံးရှေ့မှာမူကား မမေစန်းနှင့် ဒေါ်စာဥကြီးတို့ရှိ၏။

မမေစန်းနှင့် ဒေါ်စာဥကြီးတို့ ခေါင်းတွင် လမ်း၌တွေ့ရာ ကောက်ပန်ထားသဖြင့် သစ်စိမ်း၊ သစ်ရွက်၊ တောပန်း၊ တောပွင့်တို့ဖြင့် ဝေနေသည်။

မမေစန်းက သူ့အသံစာစာဖြင့် သီချင်းတကြော်ကြော် အော်ဆိုနေသည်။ ကိုကိုနှင့် ကျွန်တော်တို့ တစ်သိုက်က ဩသံပေး၍ လက်ခုပ်ဝိုင်းတီးသည်။ ထိုအခါ ဒေါ်စာဥကြီးသည် ပုတ်လောက်ရှိသော သူ့ခန္ဓာကိုယ်ကြီးကို လှုပ်ကာ ယိမ်းကာဖြင့် ဖိုးဝရုပ်ကြီးပမာ ကွေးနေအောင် ကသည်။

ကျွန်တော်တို့တစ်သိုက်ကမူ ပျော်ရွှင်နေ၏။ ကျွန်တော်က ကျွန်တော်တို့နည်းတူ ပျော်ရွှင်စေရန် စေတနာဖြင့် ကြိုင့်ကို လှမ်းခေါ်သည်။

“လာပါ မမကြိုင်ရ . . . မောင်တို့ဆီ လာပါ”

ကြိုင်သည် ကျွန်တော့်အား လှမ်းပြုံးပြရှာသည်။ သို့ရာတွင် မေမေတို့အနီးမှ မခွာ။ ခိုင်သည် မဲ့ကာရွဲ့ကာဖြင့် ကြိုင့်ဆီသို့ မသိမသာ မေးငေါ့ပြရင်း ဆို၏။

“အလကား . . . ခေါ်မနေနဲ့ မောင်၊ သူက အပျို အပျို ဆိုတော့ . . . ဟန်ကြီးပန်ကြီး လျှောက်ချင်တာပေါ့ . . . လျှောက်ပါစေ ”

ခိုင့်စကားကြောင့် ကိုကိုက ရယ်နေသော်လည်း မြိုင်ကမူ မျက်စောင်းကလေး မသိမသာထိုးကာခိုင့်ကို ဟန့်တားသည်။

ဒေါ်စာဥကြီးသည် ရှေ့ဆုံးမှနေပြီး မမောနိုင်၊ မပန်းနိုင် က,ရင်း ဆက်သွားသည်။ ကျွန်တော်တို့လည်းပျော်ပျော်ပါးပါးဖြင့် နောက်မှလိုက်သည်။ နံနက် ၉-နာရီခန့်တွင် သန်လျင်ကျောက်တန်း ကားလမ်းဘေးရှိ ဦးထွန်းမောင်ခြံသို့ ရောက်ကြသည်။

ကျွန်တော်တို့ ရောက်သောအခါ၌ ဦးထွန်းမောင်ကြီးသည် ဦးလေးကိုဖိုးခင်၊ ကိုမောင်ညိုတို့ အကူအညီဖြင့် အစားအသောက်များ ချက်ပြုတ်ရန် အဆင်သင့်ရှိနေသည်။ ကိုကိုက ဦးထွန်းမောင်ကြီးအားလှမ်းမေးသည်။

“ ဗျို့ . . . ဦးထွန်းမောင်ကြီး၊ ဘာဟင်းတွေချက်မလို့လဲဗျို့ ” ဦးထွန်းမောင်ကြီးကလည်း ထုံးစံအတိုင်း အားရပါးရ ပြန်ဖြေသည်။

“ထုံးစံအတိုင်းပဲ၊ လည်လှီးသား သက်သတ်လွတ်ဗျို့ ”

ကျွန်တော်တို့အားလုံးသည် ခေတ္တအမောအပန်းဖြေပြီး ခြံတွင်း၌ လှည့်လည်ကြည့်ရှုသူက ကြည့်ရှုကြသည်။ ထမင်းဟင်းချက်ရန် ပြင်သူက ပြင်သည်။

ဦးထွန်းမောင်ကြီး ခြံအတွင်း၌ သစ်ပင်ကြီးငယ်စုံသည်။ အချို့သစ်ပင်တို့တွင် နွယ်ပင်ကြီးများလည်းရှိသည်။ ကျွန်တော်၊ ခိုင်နှင့် ငြိမ်းမောင်တို့သည် မငြီးငွေ့နိုင်သော တာဇံလုပ်တမ်း ကစားကြသည်။ ကျွန်တော်တို့ ကစား၍ အားရမှ လူကြီးများဆီ ပြန်လာသောအခါ ထမင်းဟင်းများ ကျက်နေပေပြီ။ ဟင်းများမှာ ကောင်း၍ အနံ့တို့လည်း မွှေးကြိုင်နေပေသည်။

ဦးထွန်းမောင်ကြီးခြံအတွင်း၌ ကြက်များပေါသဖြင့် ကြက်သားလည်လှီးဆီပြန်ဟင်း ကောင်းကောင်း တစ်ခွက်ပါသည်။ တောင်ပို့မှို ဟင်းချိုချိုလည်းပါသည်။ ငါးပိကြော်နှင့် တို့စားရန် ခြံတွင်းထွက် သခွားသီး လတ်လတ်ဆတ်ဆတ်များနှင့် မယ်ဒရီရွက်များလည်းပါသည်။

တညင်းပင်ကြီးအောက်မှာ ငှက်ပျောဖက်များခင်း၍ စီတန်းစားသောက်ကြရ၏။ မျက်နှာချင်းဆိုင်တွဲ၍ စားကြလေရာ ဖေဖေနှင့် ဦးမြဘူးက တစ်တွဲ၊ မေမေနှင့် ဒေါ်လှယဉ်က တစ်တွဲ၊ ကိုကိုနှင့် ကြိုင်က တစ်တွဲ၊ မြိုင်နှင့် ကျွန်တော်က တစ်တွဲ၊ ငြိမ်းမောင်နှင့် ခိုင်က တစ်တွဲ၊ ကိုမောင်ညိုနှင့် မမေစန်းက တစ်တွဲစသည် ဖြစ်၏။ အမှန်ဆိုလျှင် ဦးလေးကိုဖိုးခင်နှင့် ဒေါ်စာဥကြီးက တစ်တွဲဖြစ်ဖို့ကောင်းသည်။ သို့ရာတွင် ဦးလေး ကိုဖိုးခင်ကြီးသည် ဦးထွန်းမောင်ကြီးနှင့် တွဲရသည်။ ဒေါ်စာဥကြီးမှာမူ တစ်ဖက်ထိပ်၌ တစ်ယောက်တည်း ထိုင်စား၏။

ကျွန်တော်သည် ကိုကိုနှင့် ကြိုင်ကို လှမ်းကြည့်မိသည်။ မတည့်သူချင်းမှ မျက်နှာချင်းဆိုင် စားရလေဘိခြင်း။ ကြိုင်သည် မျက်လွှာအောက်ချကာ ထမင်းငုံ့စားသည်။ ကိုကိုကမူ မည်သို့မျှ အမူအယာ မပျက်၊ တစ်ကြိမ်တွင် ကြိုင့်ထမင်းပုံ၌ ဟင်းနည်းနေသည်။ တစ်ဖက်ထိပ်မှ ဒေါ်စာဥကြီးက ဟင်းခွက်ကမ်းပေးသည်ကို ကိုကိုက သူ့လက်တံရှည်ကြီးများနှင့် လှမ်းကာ ဟင်းဖတ်များအား ကြိုင့်ထမင်းပုံတွင်းသို့ ထည့်ပေးသည်။ ကြိုင်သည် ကိုကို့အား တစ်ချက်မော့ကြည့်သည်။ မျက်နှာ၌ ရှက်သွေးဖြန်းရင်း ကြိုင်သည် မရဲတရဲပြုံး၍ “ သိုင်းခရူ . . . ”ဟု ဆိုသည်။

မြိုင်သည် ကိုကိုနှင့် ကြိုင်အား မသိမသာ လှမ်းကြည့်၏။

ကိုကိုက ဟင်းဖတ်အချို့ကို မြိုင့်ထမင်းပုံတွင်းသို့လည်း ထည့်ပေးလိုက်သည်။

“အို ကိုကိုကလည်း မြိုင့်မှာ ဟင်းတွေ ရှိပါသေးတယ်။ ကိုကို့ထမင်းပုံမှာတော့ ဟင်းမရှိတော့ဘူး ”

“ကိစ္စမရှိပါဘူး မြိုင်ရာ . . .၊ ကိုကို ဟင်းထပ်တောင်းမှာပေါ့ . . . ။ ဗျို့ ဒေါ်လေး ပန်းကန်ထဲ ဟင်းကုန်နေပြီ ဖြည့်ဦးဗျို့ ”

ဒေါ်စာဥက ဟင်းခွက်ကို လှမ်းယူသည်။ သို့ရာတွင် ဟင်းခွက် ပြန်မရောက်မီ မြိုင်က သူ့ထမင်းပုံရှိ ဟင်းတုံးတို့ကို တစ်ဝက်ခွဲ၍ ကိုကို့ထမင်းပုံတွင် ထည့်ပေးသည်။

ဒေါ်စာဥထံမှ ဟင်းခွက်ရောက်လာသောအခါ ကျွန်တော်၊ ငြိမ်းမောင်၊ ခိုင်တို့က ခွဲဝေယူလိုက်ကြသည်။

ထမင်းစားသောက်ပြီးသောအခါ လူကြီးများ သစ်ပင်ရိပ်တွင် တစ်ရေးတစ်မော အိပ်ကြသည်။

ကိုကို၊ မြိုင်နှင့် (ဤအကြိမ်မူ) ကြိုင်တို့သည် ခြံတွင်းသို့ စကားတပြောပြောနှင့် လျှောက်ကြည့်ကြသည်။ ကျွန်တော်တို့ ကလေးသုံးဦးက ပထမသော် ကိုကိုတို့နှင့် လိုက်သေးသည်။ ထို့နောက် သူတို့ပြောသော စကားတို့ကို နားထောင်ရသည်မှာ ပျင်းသဖြင့် ကျွန်တော်တို့ဘာသာ ကျွန်တော်တို့ လမ်းခွဲထွက်လာကြသည်။

ဤခြံကြီးအတွင်းသို့ အကြိမ်ကြိမ်ရောက်ဖူးသော ကျွန်တော်က ခေါင်းဆောင်၍ သစ်ပင်များကိုလိုက်ရှာသည်။ သို့ရာတွင် ရာသီမဟုတ်သဖြင့် သရက်ပင်၊ မရန်းပင်၊ ကနစိုးပင်များတွင် ဘာသီးမျှ မရှိ။ ကံအားလျော်စွာ အသီးများရှိသေးသော မာလကာပင်တစ်ပင်ကို တွေ့သည်။ ထုံးစံအတိုင်း ကျွန်တော်က မာလကာပင်ပေါ်တက်၍ အသီးများ ခူးချပေးသည်။ ငြိမ်းမောင်နှင့် ခိုင်က အောက်မှ ကောက်ကြသည်။ ကျွန်တော်က မာလကာပင်ပေါ်မှ မဆင်းခင် ခိုင်သည် . . .

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**ပထမငယ်တန်းဖြေဆိုတော်မူသော သံဃာတော်များအား လျှောက်ထားခြင်း**

ပထမငယ်တန်းဖြေပြီး ပထမလတ်တန်းစသည့်အထက် အထက် ဗုဒ္ဓစာပေပရိယတ္တိကို မန္တလေးမြို့တွင် သင်ကြားအားထုတ်လိုပါလျက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကြောင့် အခက်အခဲရှိနေသည်ဆိုပါက ချမ်းမြသာစည်ကျောင်းအနေဖြင့် ပြည့်စုံစွာတာဝန်ယူ၍ ပရိယတ္တိစာပေကိုပါ ပို့ချသင်ကြားပေးမည် ဖြစ်ပါသည်။ ကျန်းမာရေးအတွက်လည်း လိုအပ်သလို စောင့်ရှောက်ပေးမည်။ သို့ပါ၍ ကြွရောက်လိုသည့် (ငယ်၊ လတ်၊ ကြီး)သံဃာတော်များ ကြွရောက်နိုင်ပါကြောင်း လျှောက်ထားပါသည်ဘုရား။

**ဆရာတော်ဦးမုနိက၊ ချမ်းမြသာစည်ကျောင်းတိုက်၊ လေယာဉ်ကွင်းဟောင်းအနီး၊ (၇၈)လမ်း။ (ရန်ကုန်-မန္တလေးလမ်းမ)၊ ဖုန်း-၀၂-၆၆၀၈၅၊ ၀၉-၂၀၃၀၃၃၇**



**ပဥ္စမအကြိမ်မြောက်**

**သင်္ကြန်(၅)ရက်အထူးတရားစခန်းပွဲ**

**သုခကာမီ(ရေနံချောင်း)သီလရှင် စာသင်တိုက်**

မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ သုခကာမီ(ရေနံချောင်း)သီလရှင်စာသင်တိုက်တွင် သင်္ကြန်အကြိုနေ့မှစ၍ နှစ်ဆန်း(၁)ရက်အထိ (၁၃-၄-၂၀၁၅)ရက်မှ (၁၇-၄-၂၀၁၅)ရက်အထိ (၅)ရက် အဓိဋ္ဌာန်အထူးတရားစခန်းပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားရှုမှတ်လိုသူယောဂီသူတော်စင်များ ၁၂-၄-၂၀၁၅ရက်ထက် နောက်မကျစေဘဲ စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၉-၅၀၃၅၁၄၄၊ ၄၂၀၇၃၄၆၁၄၊ ၀၉-၄၂၀၇၃၄၆၁၅၊ ၀၉-၇၃၂၄၁၁၂၂၊ ၀၉-၇၃၀၃၃၇၄၁

လှူဒါန်းဖွယ်ရာအဖြာဖြာ-

အရုဏ်ဆွမ်း(တစ်သိန်းကျပ်)၊

နေ့ဆွမ်း(တစ်သိန်းငါးသောင်းကျပ်)၊

ဖျော်ရည်(သုံးသောင်းကျပ်)နှုန်းဖြင့်

ဖုန်းနံပါတ်-၀၉-၅၀၃၅၁၄၄သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



**သုခကာမီ ရေနံချောင်း သီလရှင်စာသင်တိုက်**

**နွေရာသီ ဓမ္မာစရိယ ပညာဒါနသင်တန်း(သီလရှင်သီးသန့်)**

**ဦးသဒ္ဓမ္မသိရီဘိဝံသ**

သ. စ. အ. ဓမ္မာစရိယ(အဂ္ဂမဟာအကျော်)

ဓမ္မိကကျောင်း မိုးကောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ် မန္တလေး၊ အရှင်မြတ်မှဦးစီး၍

ဦးပဏ္ဍဝံသာလင်္ကာရာဘိဝံသ(သ. စ. သ. အ. ဓမ္မာစရိယ)အရှင်မြတ်နှင့်

ဦးဇော်မင်း(သာသနာ့ဓဇဓမ္မာစရိယ၊ အဂ္ဂမဟာအကျော်)တို့

ပူးတွဲပံ့ပိုးပေးသော ဓမ္မာစရိယစာဝါ ကျမ်းရင်းသုံးကျမ်းကို (၄၅)ရက်တိုင်တိုင် အခြေခံမှစတင်၍ ပြီးပြည့်စုံစွာနည်းရသည်အထိ ပို့ချပေးပါမည်။

| | |
|---|---|
| ပို့ချမည့်နေ့ရက် | - ကဆုန်လဆန်း (၄)ရက်၊ (အင်္ဂါနေ့)မှ နယုန်လပြည့်ကျော် (၃)ရက်၊ (ဗုဒ္ဓဟူးနေ့) ၂၀၁၅ခုနှစ်၊ ဧပြီလ (၂၁)ရက်မှ ဇွန်လ (၄)ရက်အထိ |
| စာဝါချိန် | - နေ့စဉ်စာဝါ(၄)ကြိမ် |
| သင်တန်းဌာန | - သုခကာမီရေနံချောင်း သီလရှင်စာသင်တိုက်၊ ဒုဋ္ဌဝတီလမ်း၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ (သင်္ကန်းကျွန်းကြီး ကားမှတ်တိုင်၊ အမှတ်(၃)လမ်းမကြီး) |
| စာရင်းပေးသွင်းရန် | - ဖုန်း ၀၉-၅၀၃၅၁၄၄၊ ၄၂၀၇၃၄၆၁၄၊ ၀၉-၄၂၀၇၃၄၆၁၅ |

မှတ်ချက်။ ။ နယ်မှသီလရှင်များ သီတင်းသုံးရန် နေရာထိုင်ခင်းစီစဉ်ပေးပါမည်။ သင်တန်းသားများကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ပါမည်။

လှူဒါန်းဖွယ်ရာအဖြာဖြာ - သင်တန်းကာလ(၄၅)ရက်အတွင်း အရုဏ်ဆွမ်း(ခုနစ်သောင်းကျပ်)၊ နေ့ဆွမ်း (တစ်သိန်းငါးသောင်းကျပ်)၊ ဖျော်ရည်(သုံးသောင်းကျပ်)နှုန်းဖြင့် ဖုန်းနံပါတ် ၀၉-၅၀၃၅၁၄၄သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



**(သတ္တမ)အကြိမ်မြောက်**

**လှည်းကူးပညာရေးကောလိပ် မြတ်ဆရာပူဇော်ပွဲ**

လှည်းကူးပညာရေးကောလိပ်တွင် ပညာသင်ကြားပို့ချပေးခဲ့ကြသော အသက်(၆၀)ပြည့်(အငြိမ်းစား)ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်ကြားလွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်အပူဇော်ခံကြပါရန်နှင့် ကျောင်းသားဟောင်း၊ ကျောင်းသူဟောင်းအားလုံး မပျက်မကွက် တက်ရောက်ဂါရဝပြုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | - ၂၀၁၅ခုနှစ်၊ မေလ(၃)ရက်(တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | - နံနက် ၉း၀၀နာရီ |
| ကျင်းပမည့်နေရာ | - အာစရိယခန်းမ၊ လှည်းကူးပညာရေးကောလိပ် |

ကျင်းပရေးကော်မတီ



**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၇၊ မြေကွက်အမှတ်-၃၄၊ မြေကွက်တည်နေရာအမှတ်-၃၄၊ သဒ္ဒါရုံလမ်း၊ ၄၇ ရပ်ကွက်၊ ဒဂုံမြောက် ဦးပု (AB ၀၆၃၂၀၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးပုကွယ်လွန်သဖြင့် ဒေါ်စန်းရင်[၁၂/လမန(နိုင်)၀၁၁၀၂၈]မှ တရားဝင်တစ်ဦးတည်းသော ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတို့တင်ပြ၍ ၎င်းထံမှ GP ၃၃၀၇၂ (၂၂-၁၂-၁၄)ဖြင့်ရရှိသူ ဦးဟိန်းညီညီ[၉/မခန(နိုင်)၁၈၀၈၅၄]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း ကျမ်းကျိန်လွှာပူးတွဲတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

ဆောင်းပါး

# သတိနှင့်ယှဉ်အသိဝင်အရက်မမူးခင်

**à မောင်မောင်(ယထ)**

ယနေ့ကာလတွင် သာမန်အချိန်၌ပင် ယာဉ်မတော်တဆဖြစ်စဉ်များ၊ ယာဉ်အန္တရာယ်များ ထူပြောလွန်းလှပါသည်။ အများအသိဖြစ်၏။ သင်္ကြန်ကာလ ရေကစားထွက်သည့် မော်တော်ယာဉ်များနှင့် အခြားယာဉ်များ၏ ယာဉ်မောင်းများ အရက်သောက်စားမူးယစ်၊ အပျော်လွန်၊ အမူးလွန်မည်ဆိုပါက စဉ်းစားသာကြည့်ကြပါ။ သက်ဆိုင်ရာ တာဝန်ရှိသည့် ယာဉ်ထိန်းတပ်ဖွဲ့အနေဖြင့် ဆိုခဲ့ပါ ယာဉ်မောင်းများကို အရက်မူးတိုင်းတာသည့် ကိရိယာဖြင့် စစ်ဆေးမည်။ တွေ့ရှိပါက ထိရောက်ဟန့်တားနိုင်လောက်သည့် ပြစ်ဒဏ်များ ချမှတ်သည်အထိ အရေးယူသွားမည်။ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်အတွက် လူသားအရင်းအမြစ်များ လျော့နည်းကျဆင်းမှု မရှိစေရန် ရည်ရွယ်ချက်သန့်သန့်ဖြင့် အလေးအနက်ထား သတင်းထုတ်ပြန်သွား၏။ ပြည်သူလူထုအကျိုးငှာ စေတနာကောင်းဖြင့် ဝန်ဆောင်မှုပေးခြင်းဖြစ်ပါ၏။

အရက်မူးခြင်းနှင့် ပတ်သက်သမျှ သိမှတ်ဖွယ်ရာ အဖြာဖြာကို အနာဂတ်၏ မျိုးဆက်သစ်များထံ အလွယ်တကူ သိရှိမှတ်သားလိုက်နာနိုင်ကြရန် လက်ဆင့်ကမ်းမျှဝေပေးလိုက်ပါ၏။

အရက်ကိုမသောက်နှင့်ဟူ၍ တားသည့်ဥပဒေမရှိပါ။ သို့သော် အရက်သောက်ပြီး အမူးလွန်၍ အပြစ်ဖြစ်ပါက အရေးယူသည့်ဥပဒေ အစုံအလင်ရှိသည်။ ယုတ်စွအဆုံး မူးပြီးယာဉ်မောင်းခဲ့လျှင် အရေးယူနိုင်သည်။ ယင်းအပြင် သူအရက်အလွန်အကျွံမူးနေသည်။ ယခုအတိုင်းအပြင်ထွက်လွှတ်ထားပါက အမှုကြီး တစ်စုံတစ်ရာ ဖြစ်နိုင်သည့်အလားအလာများစွာရှိသည်ဟု ယူဆပါက ထိုသူအား ကြိုတင်ကာကွယ်တားဆီးထိန်းသိမ်းအရေးယူနိုင်သည့် ဥပဒေလည်းရှိသည်။ ၂၄ နာရီ ထိန်းသိမ်းထားနိုင်သည်။ ၂၄ နာရီပြည့်လျှင် အမူးလည်းပြေလောက်ပြီ။ အမူးပြေလျှင် သင်သွားလိုရာ သွားနိုင်ပြီ။ အရက်သည် သောက်တတ်လျှင်ဆေး၊ မသောက်တတ်လျှင် ဘေးဖြစ်စေသည်ဟု အများသူငါပြောကြသည်။ သို့ဖြင့် အရက်ကို ကြိုက်တတ်၍ သောက်သောက်၊ မကြိုက်သော်လည်း တစ်ဦးနှင့်တစ်ဦး မိတ်ဖြစ်ဆွေဖြစ် သောက်သောက်၊ စိတ်ညစ်၍ သောက်သောက်၊ ပျော်၍ပဲသောက်သောက် အမူးဒီဂရီအဆင့်ဆင့်တက်သွားသည်ကို စစ်ဆေးတိုင်းတာနိုင်သည့် ရိုးရာအစဉ်အလာ 'ကိုယ်ပိုင်အရက်မူးတိုင်းကိရိယာ(အယ်ကိုဟောတက်စတာ)' သည် ရှေးယခင်ကတည်းက ရှိပြီးဖြစ်၏။ ထိုအယ်ကိုဟောတက်စတာသည် ကာယကံရှင်နှင့်အတူကပ်ပါနေပြီး ရာသက်ပန် ထာဝရ မပျက်စီးနိုင်။ သို့ပါ၍ အနီး 'အယ်ကိုဟောတက်စတာ' ကို 'အထူးလက်ဆောင်အဖြစ် ပေးအပ်ပါရစေ။

'ဧကော' တစ်ခွက်သောက်သော် 'လေကျေ' ၏။

'ဒွိကော' နှစ်ခွက်သောက်သော် 'မင်းသား' အသွင်ဆောင်၏။

'တြိကော' သုံးခွက်သောက်သော် 'ဘီလူး' အသွင်ဆောင်၏။

'စတုကော' လေးခွက်သောက်သော် 'ခွေး' ကဲ့သို့ လေးဖက်ထောက်သွား၏။

(ရိုးရာအစဉ်အလာ မှတ်သားမှုဗဟုသုတ)

အရက်မူးတိုင်းကိရိယာဖြင့် ယာဉ်မောင်းများ၏ 'ထွက်သက်လေ' ကို စစ်ဆေးမှာဖြစ်ကြောင်း ကြားသိရ၏။ စစ်ဆေးကိရိယာထဲသို့ ပါးစပ်ဖြင့် အဆုတ်ထဲက လေမှုတ်သွင်းရ၏။ ဤသို့ ထွက်သက်လေထဲမှာ ပါသည့် 'အရက်အငွေ့' အလိုက်၊ သွေးထဲမှာ ရောနှောနေသည့် 'အရက်ပမာဏ' ကို အခုကိရိယာက ဖော်ပြပေးမှာဖြစ်ပြီး သွေးထဲမှာ သတ်မှတ်ထားတဲ့ 'BAC' ထက်ကျော်နေသည့် ယာဉ်မောင်းများ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

အနီး 'ပစ္စည်း (Materials)' မပေါ်ပေါက်မီက အခြေအနေ အချိန်အခါများကို ပြန်ပြောင်း သတိရမိပါ၏။ အရက်သောက်မသောက်၊ အရက်မူးမမူး၊ စစ်ဆေးရာမှာ သက်ဆိုင်ရာတာဝန်ရှိ ဆေးဝန်ထမ်းနဲ့ ရဲတပ်ဖွဲ့ဝင်များက ကြမ်းပြင်မှာ မြေဖြူခဲ (မရလျှင် မီးသွေးခဲလည်း ဖြစ်ချင် ဖြစ်မည်) ဖြင့် မျဉ်းကြောင်းတစ်ခုဆွဲလိုက်သည်။ ထို့နောက် အရက်သောက်ထားသော ကျေးဇူးရှင် အမှုသည် (အမှုသယ်လာသည့် အမှုသယ်ဆိုလျှင်လည်း မှားလိမ့်မည် မထင်ပါ)ကို မျဉ်းကြောင်းပေါ်မှာ လမ်းလျှောက်စေပါသည်။ ကြိုးတန်းလျှောက်စေပါသည်။ တကယ့်ကြိုးတန်းလျှောက်စေခဲ့လျှင် သူ့ကို လုပ်ကြံသကဲ့သို့ဖြစ်မှာ သေချာပါသည်။ ဖြောင့်ဖြောင့်တန်းတန်း မလျှောက်နိုင်ဘဲ ဒယိမ်းဒယိုင်ဖြင့် ကြာမြင့်စွာ လျှောက်နေခဲ့လျှင် ကြိုးတန်းပေါ်က ပြုတ်ကျသည်ဟု သတ်မှတ်သည်။ FOUL ဖြစ်သည်။ အရက်မူးနေသည်ဟု သတ်မှတ်၏။ နောက်တစ်ခု စစ်ဆေးပြန်သည်။ သူဝတ်ထားသော ရှပ်အင်္ကျီကြယ်သီးကို ဖြုတ်စေသည်။ ပြီးလျှင် ပြန်တပ်စေသည်။ အရက်မူးနေသည့် 'ကိုမူး' သည် အသည်းအသန် ခက်ခက်ခဲခဲ ပင်ပန်းကြီးစွာ ဖြုတ်၊ ပြန်တပ်ရာမှာလည်း ဤအတိုင်းပင် လွန်စွာပင်ပန်းခက်ခဲ ကြာမြင့်စွာ တပ်နေပါသည်။ ကြယ်သီးပြန်တပ်ရာမှာ ကြယ်သီးပေါက်နှင့် ကြယ်သီးတလွဲ (ဤသည်ကို ကျည်လွဲတယ်ဟု ပြောကြ၏။ ကျည်ဆန်လွဲသည်မဟုတ်၊ ကြယ်သီး လွဲခြင်း) ဖြစ်နေသည်ကိုလည်း တွေ့ရ၏။ ဤသို့ဖြစ်ပါက အရက်မူးသည်ဟု သတ်မှတ်၏။ အပ်နှင့် အပ်ချည်ယူပြီး 'အပ်ပေါက်' ထိုးစေသည်။ ထိုးလို့ကိုမရတော့၊ သို့ဆိုပါလျှင် အရက်မူးနေသည်ဟု မှတ်ချက်ပြုသည်။ ကြယ်သီးတပ်၊ အပ်ပေါက်ထိုး၊ ကြိုးတန်းလျှောက် စစ်ဆေးမှုကို အောင်မြင်ခဲ့ပါက ဆေးစာမှာ အရက်နံ့ရသည်၊ အရက်သောက်ထားသည်။ သို့သော် အရက်မမူးဆိုသော မှတ်ချက်ကို ကိုမူးတစ်ယောက်ခမျာ လက်ဝယ်ပိုင်ပိုင်ရပြီး ရင်ကိုကော့၊ ဖင်ကိုနောက်ပစ်၊ ဂျိုင်းကြားလေဝင် ဘဝင်မြင့်ပြနိုင်ခဲ့ပါပြီ။

ကျွန်တော် လက်ဆောင်ပေးမည့် 'ကိုယ်ပိုင်အရက်မူးတိုင်းကိရိယာ' ကိုယ်ပိုင်အယ်ကိုဟောတက်စတာ (Private Alcohol Tester) သည် ငွေကုန်ကြေးကျမရှိ၊ (Free of Charge)၊ သယ်ဆောင်စရာပစ္စည်း (Materials) လည်း မလို၊ ကိုယ်နဲ့မကွာရှိနေပြီး မည်သူမျှ မမြင်ရသည့် 'စိတ်ကိရိယာလေး' ဖြစ်ပါသည်။ သတိလေးတစ်ချက် ရလိုက်သည်နှင့် ထိုစိတ်ကိရိယာလေးဖြင့် တစ်ခါတိုင်းလိုက်သကဲ့သို့ ဖြစ်သွား၏။ စိတ်ကိရိယာလေးမှာ အရက်ပမာဏ (တချို့အရက်ပမာဏများပေမယ့် ခံနိုင်ရည်ရှိပြီး 'ကွက်တွင်း' လိုလူစားဟု ပြောကြ၏။ မည်မျှလောင်းထည့်ထည့် အရက်သိုလှောင်ရုံ၊ သတ်မှတ်စံချိန်၊ စံညွှန်းကျော်သော်လည်း မမူး၊ ပျင်းတောင် ပျင်းသေးတယ်ဟူ၏။) . . ပေါ်မူတည်ပြီး စိတ်အခြေအနေနှင့် ရုပ်အခြေအနေ စိတ်နောက်ကိုယ်ပါသွားသည့်အခြေအနေတို့ကို အဆင့်လေးဆင့် မီတာနံပါတ် လေးခုဖြင့် အတိအကျ အမိအရ၊ မျိုးဆက်သစ်လူငယ်များသို့ ဘဝပေးအသိ၊ ဘဝအတွေ့အကြုံများကို ပြန်လည်ဖောက်သည်ချ လက်ဆင့်ကမ်းလိုက်ပါ၏။

'ဧကော' တစ်ခွက်သောက်သော် လေကျေ၏။ ပထမအဆင့် မီတာနံပါတ် (၁)။ ထမင်းမစားမီ၊ ဆေးဖြစ်ဝါးဖြစ် သောက်တတ်သူများအနေဖြင့် လေခံမနေဘဲ၊ လေကျေ၏။ 'အေ့' Sorry ဆိုပြီး လေတက်သွားသည်။ ခုမှ လေလေးမိုးလေးမှန်သွားသည်။ အစာကျေသည်၊ ရင်ချောင်သည်၊ စားဝင်အိပ်ပျော်သည်၊ ကျန်းမာရေးနှင့် ညီညွတ်သည်၊ ပြောလို့ဆိုလို့ကောင်း၊ တွေးလို့ခေါ်လို့ကောင်း ဟူ၏။

'ဒွိကော' နှစ်ခွက်သောက်သော် မင်းသားအသွင်ဆောင်၏။ ဒုတိယအဆင့် မီတာနံပါတ် (၂)။ ဤသည့် မီတာတက်လာလျှင်ဖြင့် နည်းနည်းပေါ်တောတော၊ ချာတာတာဖြစ်လာပြီ၊ စိတ်ရွှင်လန်းတက်ကြွ၊ ကြွတက်ပြီး ဆိုမည်၊ ကမည်၊ တီးမည်၊ မှုတ်မည်၊ ကာရာအိုကေတွေဆိုမည်၊ ကချင်ထကမည်၊ သီချင်းအော်ပြီးဆိုချင်ဆိုမည်၊ ပြောချင်သည်ကို အများကြီးပြောမည်၊ အပ်ကြောင်းထပ်မည် ငိုချင်ငိုမည်၊ ရယ်ချင်ရယ်မည်၊ သူဆိုသည့်သီချင်းကို သူ့နားကမူလအဆိုတော်၏အသံကို နားရည်ဝ၊ ခံစားကြားနေရပြီး၊ သူ့ပါးစပ်က ထွက်လာသောအသံက သူ၏ ပင်ကိုငှက်ဆိုးထိုးသံ။ ဤသည်ကို သူ့ကိုယ်သူ အသံကောင်းသည်ထင်ပြီး ဟစ်ဟစ်ပြီးဆိုနေပါသည်။ ပတ်ဝန်းကျင်ကို အသံဖြင့်ကောင်းကောင်းနှိပ်စက်နေပါသည်။

'တြိကော' သုံးခွက်သောက်သော် ဘီလူးအသွင်ဆောင်၏။ တတိယအဆင့် မီတာနံပါတ် (၃) ဤသည့် မီတာတက်၍လာသော် 'ဘီလူးကြီး' တစ်ကောင်ကဲ့သို့ ကိုက်စားပစ်မည်ပုံပေါ်နေ၏။ အနီးအဆင့်တွင် 'ဆင်မယဉ်သာ' ကြီးဖြစ်သော်လည်း မြင်မြင်သမျှ အစွယ်နဲ့လိုက်ထိုး၊ နှာမောင်းနဲ့ရိုက်၊ နင်းချေတတ်သည်ဟူ၏။ ပြဿနာရှာပြီ 'ပွဲကြမ်းပြီ'။ မင်းဘာကောင်လဲ ငါဘာကောင်လဲဖြစ်ပြီး။ ခွေး လူမထင်ဘူးဖြစ်ပြီ၊ စိန်ခေါ်ပြီ၊ ရာဇဝင်ရိုင်းပြီ၊ အရာရာကို ရင်ဆိုင်ရဲသွားပြီ၊ ဖြစ်ချင်ရာဖြစ်၊ သတ္တိတွေရှိသွားပြီ။ ယာဉ်မောင်းဆိုလည်း 'ဗိုလ်' မထားဘူး။ ဘယ်သူ့ကားမှ သူ့ကိုကျော်မတက်နဲ့ ကြက်ခေါင်းဆိတ်မခံ၊ ကိုယ်က အတင်းကျော်တက်မယ်။ တစ်ဖက်ယာဉ်ကြော မျက်နှာချင်းဆိုင်ယာဉ်ကို တစ်အားကျုံး၊ ကုန်းနင်းမည်။ သည့်ပြင် တစ်သီတစ်တန်းကြီး အဆင့်ဆင့် ကျုံးရုန်း၊ သိမ်းကျုံး၊ တံမြက်စည်းလှည်းတိုက်သွား၊ မြေလှိုးမိုးပျံ၊ ပြန်ကျ၊ ဇာတ်သိမ်းမည်။

**စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၁ သို့

## သတိလေးတစ်ချက် ရလိုက်သည်နှင့် ထိုစိတ်ကိရိယာလေးဖြင့် တစ်ခါ . . .


### ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ရန်ကုန်မြို့
### ပစ္စည်းဟောင်းများရောင်းချရန် ဈေးပြိုင်တင်ဒါကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် ပြန်လည်အသုံးပြုရန်မလိုအပ်သောလေအေးပေးစက်အဟောင်းများ၊ အထွေထွေပစ္စည်းအဟောင်းများအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင်(၅၀၀၀/-)နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာန၌ဝယ်ယူပြီး ၂၉-၄-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၃း၀၀နာရီနောက်ဆုံးထား၍ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့




### ရထားပို့ဆောင်ရေးဝန်ကြီးဌာန
### ကုန်းလမ်းပို့ဆောင်ရေး
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်ရှိ(၅)ထပ်အဆောက်အအုံ(စတုတ္ထထပ်)တွင် ထိရောက်မြန်ဆန်သည့် သတင်းအချက်အလက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးစနစ်(Intelligent Transport System) တပ်ဆင်အသုံးပြုရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် | - | ၂၄-၄-၂၀၁၅ရက် (သောကြာနေ့) |
| | - | နံနက် ၉း၀၀နာရီမှ ညနေ ၄း၀၀နာရီထိ |
| တင်ဒါတင်သွင်းရမည့်နေရာ | - | ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ ကုန်းလမ်းပို့ဆောင်ရေးရုံးချုပ်၊ နေပြည်တော် |

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးအခြေစိုက်အလုပ်ရုံအမှတ်(၃)၊ (၈)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၁-၄-၂၀၁၅ရက်မှစတင်၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ ၀၁-၆၆၀၈၅၁၊ ၀၁-၆၆၀၃၇၂၊ ၀၉-၃၃၇၈၆၈၁၅၊ ၀၉-၄၂၁၀၉၆၃၆၁၊

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ






# ဟားခါးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**ဟားခါး ဧပြီ ၁၀**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး အစီအစဉ်အရ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင် အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲသို့ ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦး တက်ရောက် အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ အမျိုးသားအဆင့် ကျေးလက်ဒေသ၊ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်(RDSF)၏ ရည်ရွယ်ချက်များနှင့် နိုင်ငံတော်၏ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်တွင် (RDSF) ၏ အထောက်အကူပြုမှု အခြေအနေကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာညိုကလည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း၊ (RDSF) ၏ မဟာဗျူဟာမြောက်မှုများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဖွဲ့အစည်းအသီးသီး၏ အခန်းကဏ္ဍများ စသည့်ခေါင်းစဉ်များကို သင်တန်းနည်းပြ ဒေါ်ခင်စောမူကလည်းကောင်း အသီးသီး ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**(ချင်းပြည်နယ် ပြန်/ဆက် )**

# အရွဲကျေးရွာအုပ်စု၌ နွေရာသီဗုဒ္ဓဝင်နှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲပြုလုပ်

**ညောင်တုန်း ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အရွဲကျေးရွာအုပ်စု အမြောင်းကျေးရွာတွင် ဝေဠုဝန်ကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဦးသုနန္ဒ၏ဦးဆောင်မှုဖြင့် နွေရာသီဗုဒ္ဓဝင်နှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ဧပြီ ၇ ရက် နံနက်က အဆိုပါကျောင်းတိုက်အတွင်းရှိ ဘဝလမ်းညွှန် စာကြည့်တိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မတ်လအတွင်းကဖွင့်လှစ်ခဲ့ပြီး ကျေးရွာအတွင်း မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသား၊ ကျောင်းသူ ၁၂၇ ဦးတက်ရောက်ကြပြီး သင်တန်းဆရာမနှစ်ဦး၊ ဆရာတစ်ဦးတို့ လာရောက်ကူညီသင်ကြားပေးကြသည်။ သင်တန်းကာလမှာ တစ်လတာကြာမြင့်ကြောင်း သိရသည်။

"ဘုန်းဘုန်းကတော့ အနာဂတ်အတွက် အများကြီးမျှော်လင့်ထားပါတယ်။ မျှော်လင့်တဲ့အတိုင်းလည်း ဆောင်ရွက်နေပါတယ်။ မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်ကလေးတွေကို အခုလိုနုနယ်စဉ်အချိန်ကစပြီး ဘာသာတရားကိုင်းရှိုင်းတတ်လာအောင်၊ ယဉ်ကျေးလိမ္မာတဲ့ သားကောင်း၊ သမီးကောင်းကလေးတွေဖြစ်လာအောင်၊ ဘာသာရေးနယ်ပယ်အပြင် လောကီ၊ လောကုတ္တရာမှာ အမှားနဲ့အမှန်၊ အကောင်းနဲ့အဆိုးတွေကို ဝေဖန်ပိုင်းခြားတတ်လာအောင် သင်ကြားပို့ချပေးထားပါတယ်။ ဒီအမြောင်းကျေးရွာကလေးဟာ အိမ်ခြေနှစ်ရာလောက်နဲ့ လူဦးရေကိုးရာလောက်ရှိတဲ့ရွာမှာ ကျောင်းသား၊ ကျောင်းသူ ၁၂၇ ဦးလာရောက်သင်ကြားတယ်ဆိုတာ အောင်မြင်မှုတော့ရလာပါတယ်။ အခုလိုဆောင်ရွက်ခဲ့တာ သုံးနှစ်ရှိပါပြီ။ တစ်နှစ်ထက်တစ်နှစ် ပိုများလာပါတယ်။ လာမယ့်နှစ်တွေမှာလည်း ဒီရွာကလေးတင်မက အခြားနီးစပ်ရာရွာငယ် ကလေးတွေကိုပါ သင်ကြားပို့ချဖို့ ရည်ရွယ်ချက်ရှိပါတယ်။ ကျေးရွာမှာရှိတဲ့ အလှူရှင်တွေကလည်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ကျော်ဦးဆောင်ပြီး ကလေးတွေကို နံနက်ပိုင်းအာဟာရတွေ၊ နေ့လယ်ပိုင်း အဖျော်ယမကာတွေနဲ့ သင်တန်း ကာလတစ်လျှောက်လုံး နေ့စဉ်လှူဒါန်းကြတယ်။ အားလုံးပြည့်စုံအောင်ဆောင်ရွက်ပေးကြပါတယ်" ဟု ဆရာတော်က မိန့်ကြားသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော မူလတန်း၊ အလယ်တန်း၊ အထက်တန်းများမှ ကျောင်းသား၊ ကျောင်းသူများကို ဆရာတော်မှ ဆုပစ္စည်းနှင့်ငွေသားဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**




# ငွေတိုက်စိုး ကုမ္ပဏီ မိသားစုက ဆင်းရဲနွမ်းပါးသူ အိမ်ထောင်စု ၂၄၀ အတွက် ဆန်များထောက်ပံ့လှူဒါန်း

**မလှိုင် ဧပြီ ၁၀**

ရန်ကုန်မြို့နေ အလှူရှင် ဦးတင်ထွန်း ဇနီးဒေါ်ခင်ဌေးဦး (ငွေတိုက်စိုး ကုမ္ပဏီ) မိသားစု က ဧပြီ ၇ ရက်တွင် မလှိုင်မြို့နယ် မြို့ပေါ်ရပ်ကွက်လေးခုမှ ဆင်းရဲနွမ်းပါးသူ အိမ်ထောင်စု ၂၄၀ အား တစ်အိမ်ထောင်လျှင် ဆန် ၁၀ ပြည်နှုန်းဖြင့် ကိုယ်တိုင်လာရောက် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ယခု လှူဒါန်းမှုမှာ ဒုတိယအကြိမ်ဖြစ်ပြီး လှူဒါန်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့ပေါ်ရပ်ကွက် (၄) ခုမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မြို့မိမြို့ဖများ သွားရောက်အားပေးကူညီခဲ့ကြသည်။

'အဖွားတို့ အတွက်တော့ အဆင်ပြေတာပေါ့။ မိသားစုနည်းတော့ အထောက်အပံ့အများကြီးဖြစ်ပါတယ်။ ကျေးဇူးလည်းအထူးတင်ပါတယ်။ နောက်လဲလှူနိုင်ပါစေ" ဟု ဆန်လာယူသူ အဘွားတစ်ဦးက ပြောသည်။

**အောင်ဌေး(မလှိုင်)**

# မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ လူစုလူဝေးအား စနစ်တကျကိုင်တွယ် ထိန်းသိမ်းနည်းသင်တန်းဖွင့်

**မိုးညှင်း ဧပြီ ၁၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမတွင် ဧပြီ ၆ ရက် နံနက် ၈ နာရီတွင် လူစုလူဝေးအား စနစ်တကျကိုင်တွယ်ထိန်းသိမ်းနည်း သင်တန်းအမှတ်စဉ် (၂/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးထွန်းထွန်းဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်၊ ကန့်ကွက်ဆန္ဒပြမှုများ ဖြစ်ပွားပါက (EU) အစီအစဉ်ဖြင့်ပို့ချမည့်စနစ် ထိန်းသိမ်းနည်းများ၊ ပြဿနာမဖြစ်အောင် ရှောင်ရှားထိန်းသိမ်းတတ်ရန် လိုကြောင်း၊ ပြည်သူများကို တရားဥပဒေနှင့်အညီ ကာကွယ်မှုပေးနိုင်ရန် ရဲတပ်ဖွဲ့ဝင်များက လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးမှုကို ရှင်းလင်းစွာသိရှိနားလည်အောင် လေ့လာထားရန်လိုကြောင်းစသည်များကို ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါအခမ်းအနားသို့ မိုးညှင်းမြို့နယ်ရဲမှူး၊ မိုးကောင်းမြို့နယ်ရဲမှူး၊ ဖားကန့်မြို့နယ်ရဲမှူး၊ ခရိုင်ရုံးမှ အရာရှိတပ်ဖွဲ့ဝင်များ၊ သင်တန်းနည်းပြဆရာများ၊ သင်တန်းသားအရာရှိ သုံးဦး၊ အခြားအဆင့်အဖွဲ့ဝင် ၁၉ ဦး စုစုပေါင်းသင်တန်းသား ၂၂ ဦး၊ သတင်းမီဒီယာများ တက်ရောက်ကြပြီး သင်တန်းကို ဧပြီ ၆ ရက်မှ ၁၄ ရက်ထိ (EU) သင်တန်းဆင်းများမှ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမာဃ(မိုးညှင်း)**

Konica ချောစု Wedding Dress Photo Studio



အောင်မင်းခန့် + ခင်ဝင့်ဝါ

မင်္ဂလာ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
ဘွဲ့ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်
* အမှတ် (၇၀)၊ လမ်းမတော် လှည်းတန်းလမ်း၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၂၂၅၀၈၄
* အမှတ် (၃၆)၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်။ ဖုန်း-၅၂၂၃၀၄

## ဆင်မင်းပုဆိုး

နှစ်သစ်ကူး အချိန်အခါသမယတွင် ဆင်မင်းပုဆိုးမှ အသစ်ထပ်မံထုတ်လုပ်သော ချည်ချောပုဆိုးများကို မိမိတို့၏ ကုမ္ပဏီဝန်ထမ်းများနှင့် ချစ်ခင်နှစ်သက်သောသူတို့အား လက်ဆောင်ပေးရန်အတွက် အထူးထုတ်လုပ်ထားပါသည်။ ဆင်တူအော်ဒါထည်များကိုလည်း မှာယူရရှိနိုင်ပါသည်။

ဆိုင်(၁) အမှတ်(၁၅၅)၊ လမ်း ၃၀၊ ၈၂×၈၃လမ်းကြား၊ မန္တလေးမြို့။
Ph:02-34101, 02-24286, 09-5184426

ဆိုင်(၂) (G-48)၊ မြေညီထပ်၊ မိန်းလမ်း၊ ဝင်ပေါက်(8)၊ ယုဇနပလာဇာ၊ ရန်ကုန်မြို့။
Ph:01-200747, Ext: 1090, 09-43177199

## ဝန်ထမ်းအလိုရှိသည်

၁။ စာရင်းစစ် ကျား (၁) ဦး
- အစိုးရစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း ဒီပလိုမာလက်မှတ်ရရှိပြီး စာရင်းစစ်လုပ်ငန်းအတွေ့အကြုံရှိသူ
- စာရင်းအင်းဆိုင်ရာဘွဲ့ရသူ
- အသက် (၄၀)နှစ် အထက်ဖြစ်ရမည်။

၂။ Adming Manager ကျား (၁) ဦး
- Office ပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုအတွေ့အကြုံအနည်းဆုံး (၅)နှစ်အထက်ရှိသူဖြစ်ရမည်။
- စီမံခန့်ခွဲမှုဆိုင်ရာ ဘွဲ့တစ်ခုခုရရှိထားပြီးသူဖြစ်ရမည်။
- အလုပ်သမားဥပဒေရေးရာ ကျွမ်းကျင်သူဖြစ်ရမည်။
- အသက် (၄၀)နှစ် အထက်ဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်တကွလိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ မျှော်မှန်းလစာထည့်သွင်း၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ရှမ်းရွှေတောင် လက်ဖက်နှင့် နှစ်ပြန်ကြော်
စားသောက်ကုန်လုပ်ငန်း
အမှတ် (၄၉၂)၊ သစ္စာလမ်းမကြီး၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၄၄၅၆၆, ၀၉ ၉၁၀၄၄၅၄၅

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 705968

B.L.T Travels
သင်္ကြန်အထူးခရီးစဉ် Apr12
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
ကျိုက်ထီးရိုး 15000 ✧ ချောင်းသာ 20000
09-73163538, 09-31785622

မျိုးမြတ်သူ
ကိုမျိုး + မစန္ဒာ
A/C Express 13 April 6:30 pm
ပြင်ဦးလွင်၊ မန္တလေး၊ တောင်ကြီး
120000
09-254058712, 09-31568500



# ပထမပြန် စာမေးပွဲ စာအောင်ဆုများဆက် ကပ်လှူဒါန်း

**ကျုံပျော် ဧပြီ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဧရာမင်းခန်းမတွင် ဧပြီ ၇ ရက် နံနက် ၇ နာရီက ၂၀၁၄ ခုနှစ် ပထမပြန် စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသော စာအောင်သံဃာတော်များအား စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအား ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ပြည်လုံးပေါ် ဘုရားကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒာဝံသ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းက သာသနာရေးဆိုင်ရာ ကိစ္စရပ်များအား လျှောက်ထားခဲ့သည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာနမှ ကျင်းပစစ်ဆေးသည့် ၂၀၁၄ ခုနှစ် ပထမပြန်စာမေးပွဲတွင် အောင်မြင်ခဲ့သည့် စာအောင်သံဃာတော် ငါးပါးတို့အား စာအောင်ဆုနှင့် လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းနှင့် အလှူရှင် အသီးသီးတို့က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်က ဩဝါဒ စကားမြွက်ကြားရာတွင် ပထမပြန်စာမေးပွဲများကို မြန်မာသက္ကရာဇ် (၁၀၀၀) ပြည့်နှစ် သာလွန်မင်းတရားကြီး လက်ထက်မှ စတင်၍ ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ၃၇၆ နှစ်ရှိပြီဖြစ်ကြောင်း၊ ဗုဒ္ဓသာသနာတော် အရှည်တည်တံ့နိုင်ရေးအတွက် ယခုကဲ့သို့ ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ မိမိတို့ မြို့နယ်တွင် ပထမပြန်စာမေးပွဲ ဖြေဆိုတိုင်း သံဃာတော်များအတွက် ဆွမ်းကွမ်း မပူပင်ရအောင် မြို့နယ်ရှိ တာဝန်ရှိသူများနှင့် အလှူရှင် အသီးသီးတို့က အမြဲ စီစဉ်ဆောင်ရွက်ပေးသည့်အတွက် အားလုံးကို ကျေးဇူးတင်ကြောင်း ဩဝါဒစကား မြွက်ကြားပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## နွေရာသီပန်းချီသင်တန်းဆင်းပွဲ ထားဝယ်တွင်ကျင်းပ

**ထားဝယ် ဧပြီ ၉**

ထားဝယ်ခရိုင် ပန်းချီပန်းပုအစည်းအရုံးနှင့် ပညာရေးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီပန်းချီသင်တန်းဆင်းပွဲကို ထားဝယ်မြို့ ဇရစ်ရပ် အခြေခံပညာမူလတန်းကျောင်း၌ ဧပြီ ၄ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ထားဝယ်ခရိုင်ပန်းချီ ပန်းပုအစည်းအရုံးဥက္ကဋ္ဌ ဦးလှရွှေက သင်တန်းဆင်းအမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းဆင်းပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများကို ပန်းချီပန်းပုဥက္ကဋ္ဌ ဦးလှရွှေက သင်တန်းဆင်း ပန်းချီလက်ရာဂုဏ်ပြုဆုကို ချီးမြှင့်ပြီး ဒုတိယဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် နည်းပြဆရာမဒေါ်ဖြိုးသရဖီထင်တို့က တက်ရောက်လာသော သင်တန်းသားများသို့ သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ခဲ့သည်။

သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ မတ် ၃ ရက်မှ ဧပြီ ၄ ရက်ထိဖြစ်ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

## နတ်တလင်းမြို့တွင် ရှင် ၁၀၈ ပါး စုပေါင်းရှင်ပြုပွဲပြုလုပ်



**နတ်တလင်း ဧပြီ ၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ မြို့နယ်ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဇဋိလအား ဦးထိပ်ပန်ဆင်လျက် နှစ်ဖက်မိဘများ အမှူးထားပြီး သမ္မတရုံးဝန်ကြီးဌာန(၁)ပြည်ထောင်စု ဒုတိယဝန်ကြီးဦးကျော်ကျော်ဝင်းနှင့်ဇနီး ဒေါ်အမာ မိသားစုတို့က ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူအား ဧပြီ ၆ ရက် တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ယင်းနေ့ နံနက် ၉ နာရီတွင် မြို့တွင်းသို့ ဒေဝါဝင်း၊ ရာဇာဝင်းများဖြင့် ဆင်၊ မြင်း၊ နွားလှည်းယဉ်များ၊ တီးဝိုင်းများနှင့် လှည့်လယ်ခြင်း၊ နတ်တလင်းမြို့နယ်အတွင်းရှိ ရှင်ကြန္တသီရိ(ပထမလတ်တန်း-သာမဏေကျော်-တတိယဆင့်)အား ဥပသမ္ပဒကံဆောင်မင်္ဂလာပြုလုပ်၍ ဒုလ္လဘကိုးပါး၊ ရှင်သာမဏေလောင်း ၁၀၈ပါးမသဲဝါလင်းလက်အားနားသမင်္ဂလာ ဆင်ယင်ကျင်းပခဲ့သည်။ ဧပြီ ၇ ရက် နံနက်၉ နာရီခွဲတွင် ပင့်ဖိတ်ထားသော သံဃာတော်အရှင်သူမြတ် ၆၀ ပါးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် တရားတော်နာရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

**ဝ၇၁**

## သတိနှင့်ယှဉ် .... စာမျက်နှာ(၁၉)မှ

လူမှုပတ်ဝန်းကျင်မှာလည်းသူ၏ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေ မှိုင်းမွန်နေပြီ။ ဖြူစင်ကြည်လင်နေသည့်စိတ်နေရာတွင် မည်းမှောင်၊ ညစ်ထေး၊ အောက်တန်းကျ စုတ်ပြတ်သည့် စိတ်များ လွှမ်းခြုံမိသွားပြီ။ ဖြစ်ချင်ရာဖြစ် စိတ်နောက်ကိုယ်ပါသွားပြီ။ အသိစိတ်ပျောက်ပြီ။ အနီအဆင့်သည် ပြဿနာ အဖြစ်ဆုံး၊ အန္တရာယ်အလွန်ကြီးမားဆုံးအဆင့်။

'စတုကော' လေးခွက်သောက်သော် ခွေးကဲ့သို့ လေးဘက်ထောက်သွား၏။ စတုတ္ထနှင့်နောက်ဆုံးမီတာ နံပါတ် (၄)။ တတိယအဆင့်၊ မီတာနံပါတ် (၃)ကို ကျော်သွားသည်နှင့် စတုတ္ထနှင့် နောက်ဆုံးမီတာက လူစင်စစ်က ခွေးလုံးလုံးဖြစ်သွားပြီဟုသာ ဆိုလိုက်ချင်ပါ၏။ 'ချေးမှန်း၊ ငှက်ပျောမှန်း မသိ' မှားကုန်ပြီ။ လျှာလေး၊ အာလေး၊ လျှာမထိန်းနိုင်၊ ခြေလက်မထိန်းနိုင်၊ ခြေနှစ်ချောင်းဖြင့် လမ်းမလျှောက်နိုင်၊ ခြေနှစ်ချောင်းပေါ် မရပ်နိုင်၊ လမ်းဘေးမှာ ခွေးကဲ့သို့ လေးဖက်ထောက် ဒယီးဒယိုင် တွားသွားရင်း 'မှောက်' သွားပါတော့သတည်း။

ပက်လက်လန်ကျသွားခဲ့သော်၊ 'အန်ဖတ်' ဆို့တတ်သည် ဟူ၏။ (အမှန်မှာ လျှာအုံကြီး' ကို မထိန်းနိုင်၍ အသက်ရှူလမ်းကြောင်း ပိတ်သွားသည်ဟူ၍ မှတ်သားဖူးပါ၏) 'ဇာတ်သိမ်း' မကောင်း၊ ဘဝနိဂုံးချုပ်တတ်ပါသည်။

မည်သည့်အဆင့်၊ မည်သည့်မီတာသို့ရောက်နေသည်ကို သိအောင် 'ကိုယ်ပိုင်အရက်မူးတိုင်း စိတ်ကိရိယာ' လေးကို သတိဝင်တိုင်း (သတိမလွတ်ခင်) စစ်ဆေးသွားရင်းဖြင့်။

မီတာနံပါတ် (၁) မှာ ရပ်တန်းက ရပ်နိုင်လျှင်ရပ်၊ မရပ်လိုပါသေးလျှင် မီတာ နံပတ် (၂) မှာ ရပ်ပါ။ သည်ထက်ကျော်မသွားအောင် အရက်ကို 'လျှော့' မသောက်နိုင်ကြတော့ဘူးလား။

သို့မဟုတ်ပါက တတိယအဆင့်နှင့် စတုတ္ထဆင့်အထိ အဆင့်တက်အောင် မမိုတ်မသုန် ချီတက်သွားတော့မှာလား။

သတိလေးတစ်ချက်ဝင်တိုင်း 'သတိ' တစ်လုံးနဲ့ ဆင်ခြင်လိုက်ပြီး။ 'ကိုယ်ပိုင်အရက်မူးတိုင်း စိတ်ကိရိယာလေး' ၏ မီတာခုန်နှုန်း အမှတ်ကို သတိပြု ကြည့်ရှုစစ်ဆေးပြီး အန္တရာယ်အဆင့်ထိ၊ မီတာဆက်မတက်အောင်၊ 'မူခင်း' ကာကွယ်သည့်အနေဖြင့် ကိုယ့်အသိ၊ ကိုယ့်သတိဖြင့် ချက်ချင်းဆိုသလို ရပ်ပစ်လိုက်နိုင်ကြသူများ ရှေ့မဆက်ဘဲ စိတ်ခိုင်ကြသူများ၊ တစ်ဘဝစာ၊ နောင်တတရား၊ သင်ခန်းစာရသွားရရှာသူများ အဖြစ်မှ လွတ်ကင်းသူများဖြစ်ကြပါစေ။ ရိုးရာသင်္ကြန်ပွဲတော်ကို ဖျက်ဆီးသူများမဖြစ်ကြဘဲ ယဉ်ကျေးမှုထိန်းသိမ်း စောင့်ရှောက်သူများဖြစ်ကြ၍ မဟာသင်္ကြန်အချိန်အခါတွင် ဘေးမသီရန်မခ ပျော်ရွှင်ချမ်းမြေ့မှု အပြည့်အဝဖြင့် ရေကစားနိုင်ကြပါစေကြောင်း ဆုမွန်ခြွေ လိုက်ပါသတည်း။ ။







# ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

**မလှိုင် ဧပြီ ၁၀**

မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မလှိုင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များတွေ့ဆုံပွဲကို ဧပြီ ၈ ရက်နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲတွင် မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းအခက်အခဲများရှိပါက တင်ပြရန်နှင့် အခက်အခဲများကို ကူညီဖြေရှင်းပေးရန် လာရောက်ရခြင်းဖြစ်ကြောင်း၊ ယခုအချိန်သည် အခြေခံမဲစာရင်းရေးသွင်းခြင်းကို ဆောင်ရွက်နေချိန်ဖြစ်၍ မဲစာရင်းမကျန်အောင် အလေးထားဆောင်ရွက်ရန်၊ ညှိစာရင်းတိုင်ပြီး ရက်ပေါင်း ၁၈၀ အထက် နေထိုင်သူလူဦးရေစာရင်း ကြိုတင်ပြုစုရန်၊ မြို့နယ်အတွင်းရှိ လူဦးရေအရ မဲရုံအရေအတွက်ကို ကြိုတင်ညှိနှိုင်းထားရန်၊ သဘာဝဘေးအန္တရာယ်အတွက် အရန်မဲရုံများ ကြိုတင်စီစဉ်ထားရန် မှာကြားခဲ့သည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသန်းဇော်က အခြေခံမဲစာရင်းရေးသွင်းခြင်း ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး သတ်မှတ်ကာလတွင် အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခြားကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ကြုံတွေ့ရသည့် အခက်အခဲများကို ရှင်းလင်းတင်ပြရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မိတ္ထီလာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြို့နယ်ရုံး၌ အခြေခံမဲစာရင်းရေးသွင်းနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

# ကလေးမြို့နယ်တွင် ဂျုံသီးထပ်စိုက်ပျိုးမှုကို စံကွက်ရိတ်သိမ်း

**ကလေး ဧပြီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တောင်ဖီလာရပ်ကွက်တွင် လယ်သီးထပ် စိုက်ပျိုးသည့် ဧက၁၀၀၀ ဂျုံစံပြစိုက်ကွင်းမှကွင်းအမှတ် (၈၄၇) ဦးပိုင်အမှတ် (၂၆) တောင်သူ ဦးပြူးကျော်၏ ဇလုပ်ဖြူ -၂ ဂျုံ ၅ ဧကစိုက်ခင်းကို တစ်ဧက ပျမ်းမျှအထွက်နှုန်းသိရှိနိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝေလွင်ဖြိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များသည် စံကွက်ရိတ်သိမ်းခဲ့ကြောင်းသိ ရသည်။

ယင်းစံကွက်ရိတ်သိမ်းရာ တစ်ဧကပျမ်းမျှ ၃၅ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ်တွင် ယခင်နှစ်က လယ်သီးထပ်ဂျုံကို ၃၀၀၁ ဧကစိုက်ပျိုးခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ဂျုံစိုက်ဧက ၃၅၅၅ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပြီး ဂျုံသီးနှံသည် စိုက်ပျိုးရလွယ်ကူ၍ ရေလိုအပ်မှုနည်းပါးပြီး ဈေးကွက်ဝင်သီးနှံတစ်ခုဖြစ်သဖြင့် ဒေသခံတောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်သော သီးနှံတစ်ခုဖြစ်လာပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးအရာရှိဦးအောင်ကပြောသည်။

**လင်းလက်ကြယ်စင်**




# သကြံန်အကြိုကာလ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲ ကျင်းပ

**မြိတ် ဧပြီ ၁၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ဆိပ်ငယ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဧပြီ ၇ ရက် နံနက် ၇ နာရီခွဲက မဟာသကြံန်အကြိုကာလ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့် မှုခင်းကျဆင်းရေးအသိပညာပေးဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြိတ်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးနေလင်းက မဟာသကြံန်ကာလအတွင်း ဖြစ်ပွားတတ်သည့် မှုခင်းများဖြစ်ပွားမှုမရှိစေရေးအတွက် ပညာပေးဟောပြောပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အမှုကြီးများဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်မှုများ၊ အရှိန်မြှင့်ဖမ်းဆီးဆောင်ရွက်ရာတွင် ပြည်သူများနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ မဟာသကြံန်ကာလအတွင်း မှုခင်းဖြစ်ပွားမှုမရှိစေရေး ယခုဟောပြောပွဲမှရရှိသည့် မှုခင်းဆိုင်ရာအသိပညာများအား မိသားစုဝင်များနှင့် နီးစပ်ရာမိတ်ဆွေများအား ပြန်လည်မျှဝေပေးရန်၊ မူးယစ်ဆေးဝါးဥပဒေနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များအား ရှင်းလင်းပြောကြားခဲ့သည်။

အမှတ် (၇၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး(မြိတ်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး နေဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ ယာဉ်တိုက်မှုအန္တရာယ်မဖြစ်ပွားစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရန်၊ ရှောင်ရန်များနှင့် ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ လိုက်နာရန်အချက်များအား ရှင်းလင်းခြင်း၊ ယာဉ်တိုက်မှုများကြောင့် သေဆုံး၊ ဒဏ်ရာရမှုများကို နှစ်အလိုက် နှိုင်းယှဉ်ဆွေးနွေးပြီး လူတိုင်း အသိစိတ်ရှိရှိဖြင့် စည်းကမ်းလိုက်နာကျင့်သုံးမှသာ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းမည်ဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ မိမိတို့သိသလို မိမိ၏မိသားစုနှင့် မိတ်ဆွေများကိုပါ သိရှိစေရန် မျှဝေပေးစေလိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ် (မြိတ်) မှ ဒုရဲမှူးသက်ဦးက လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၏ လုပ်ငန်းတာဝန်များအား ရှင်းလင်းခြင်း၊ လူကုန်ကူးမှု၊ လူမှောင်ခိုမှုများနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြစ်မှုပြစ်ဒဏ်များနှင့်တကွ ရှင်းလင်းပြောကြားပြီး လူကုန်ကူးမှုပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့သည်။

**မြင့်ဦး(မြိတ်)**

ကမ္ဘာ့ရတနာဘဏ်
GLOBAL TREASURE BANK

နှစ်သစ်ဆုမွန်တောင်းလွှာ

နှစ်သစ်အခါသမယတွင် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူ၊ ပြည်သားအပေါင်းနှင့်တကွ
ဘဏ်နှင့်ဆက်သွယ်သူ မိတ်ဟောင်း၊ မိတ်သစ်အပေါင်းတို့
နှစ်သစ်မှာ ရွှင်လန်းချမ်းမြေ့စွာဖြင့်
အေးချမ်းမှုရှိစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

(ယခင်) မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်

# မြန်အောင်တွင်ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကျေးလက်ဒေသအထိ ကွင်းဆင်းဆောင်ရွက်

**မြန်အောင် မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်အတွင်း ကျေးလက်ဒေသ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၇ ရက်က ဇလုပ်ကြီးကျေးရွာအုပ်စု အ. လ. က (ခွဲ)ဇလုပ်ကြီးတွင် အခမဲ့ဆေးဝါးကုသမှုနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စုစာရင်းထုတ်ပေးခြင်းလုပ်ငန်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့်အဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေနှင့် ဦးအောင်မျိုးညွန့်တို့ ဦးဆောင်ပြီး မြို့နယ်ဖွံ့/ထောက်ကော်မတီ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန်ဒေါက်တာမျိုးမင်းထွဋ်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ တိုင်းရင်းဆေးကုဌာနမှဆေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူးတို့ ပူးပေါင်းပါဝင်ခဲ့ပြီး အသက် (၁၈) နှစ်ပြည့်ပြီးသူ ၂၁၈ ဦးအား မှတ်ပုံတင်ကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြို့နယ် ပြန်/ဆက်)**

# ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းသဘောတူစာချုပ်များလက်မှတ်ရေးထိုးပွဲကျင်းပ

**တောင်ကြီး မေ ၁၀**

ရှမ်းပြည်နယ် တောင်ကြီးမြို့ Hotel Convention ဟိုတယ်လုပ်ငန်း မြေငှားရမ်း၍ (BOT) စနစ်ဖြင့် လုပ်ကိုင် ဆောင်ရွက်မှုသဘောတူစာချုပ်အား ပြင်ဆင်သည့်စာချုပ်၊ တောင်ကြီးမြို့ ပုဂ္ဂလိကအမှိုက်နှင့်မိလ္လာသိမ်းဆည်းရေးလုပ်ငန်းသဘောတူစာချုပ်၊ (MOA) တာချီလိတ်မြို့ ပါဆတ်ကားလေးဝင်းယာဉ်ရပ်နားစခန်း မြေငှားရမ်း၍ (BOT)စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် သဘောတူစာချုပ်အား ပြင်ဆင်သည့် ပြင်ဆင်ချက်စာချုပ်နှင့် တာချီလိတ်မြို့ ဝမ်ကောင်းမြို့မဈေးအဆင့်မြှင့် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှု သဘောတူစာချုပ်အား ပြင်ဆင်သည့် ပြင်ဆင်ချက်စာချုပ် လက်မှတ်ရေးထိုးခြင်းကို မေ ၇ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားရာ ရှမ်းပြည်နယ်အတွင်းရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒဆိုင်ရာလမ်းညွှန်ချက်နှင့်အညီ ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ရေး၊ စတုတ္ထပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ နိုင်ငံတော် တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်ကစပြီး အရှိန်အဟုန်နှင့် ဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိကာလတွင် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများနှင့် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းများ၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအများအပြားဆောင်ရွက်ခဲ့ပြီး စည်ပင်သာယာရေးဆိုင်ရာ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို လက်ရှိကာလအထိ တောင်ကြီး၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြို့များတွင် လုပ်ငန်း ၁၄ ခု သဘောတူစာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့လုပ်ငန်းများသည် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ အချို့လုပ်ငန်းများကို ဆောင်ရွက်ဆဲလုပ်ငန်းများအဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလှဝင်းက လုပ်ငန်းသဘောတူစာချုပ် လက်မှတ်ရေးထိုးမည့်လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်က ဥပဒေဆိုင်ရာ လုပ်ငန်းသဘောတူစာချုပ် ထုံးတမ်းများနှင့်ပတ်သက်၍ ဂရုပြုရန်များနှင့်လိုအပ်သည်များ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တောင်ကြီးမြို့ Hotel Convention ဟိုတယ်လုပ်ငန်း မြေငှားရမ်း၍ (BOT) စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှုသဘောတူစာချုပ်အား ပြင်ဆင်သည့်စာချုပ်ပါအကြောင်းအရာ အချက်အလက်များကို (CEO Co., Ltd.) မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းဟန်၊ ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးလုပ်ငန်း သဘောတူစာချုပ်နှင့်ပတ်သက်၍ မွှေးတောင်ကြီးကုမ္ပဏီလီမိတက်မှ အတွင်းရေးမှူး ဒေါ်ဝင်းပပကျော်၊ တာချီလိတ်မြို့ ပါဆတ်ကားလေးဝင်းယာဉ်ရပ်နားစခန်း မြေငှားရမ်း၍ (BOT) စနစ်ဖြင့် ဝမ်းကောင်းမြို့မဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှု သဘောတူစာချုပ်နှင့်ပတ်သက်၍ မန်နေဂျင်းဒါရိုက်တာ ဦးစိုင်းဝန်းပန်တို့က တင်ပြခဲ့ကြသည်။

ယင်းနောက် လုပ်ငန်းသဘောတူ စာချုပ်များ လက်မှတ်ရေးထိုးရာ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် (CEO) ကုမ္ပဏီလီမိတက်တို့အကြား ချုပ်ဆိုသော တောင်ကြီးမြို့ Hotel Convention ဟိုတယ်လုပ်ငန်း မြေငှားရမ်း၍ (BOT) စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့် သဘောတူစာချုပ်မှာ အငှားချထားသူ ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး၊ အသိသက်သေများအဖြစ် ပြည်နယ်စည်ပင်ယာသာရေးကော်မတီအဖွဲ့ဝင်၊ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးပြီး အငှားချထားခြင်းခံရသူ (CEO) ကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် အသိသက်သေတို့က လက်မှတ်ရေးထိုး၍လည်းကောင်း၊ တောင်ကြီးမြို့ ပုဂ္ဂလိကအမှိုက်နှင့် မိလ္လာသိမ်းဆည်းရေးလုပ်ငန်းသဘောတူစာချုပ်တွင် လုပ်ငန်းအပ်နှံသူ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် အသိသက်သေများက လက်မှတ်ရေးထိုး၍ လုပ်ငန်းလက်ခံသူ မွှေးတောင်ကြီး စီးပွားရေးလုပ်ငန်းအုပ်စု အတွင်းရေးမှူးနှင့် အသိသက်သေများက လက်မှတ်ရေးထိုး၍လည်းကောင်း၊ တာချီလိတ်မြို့ ပါဆတ်ကားဝင်း ယာဉ်ရပ်နားစခန်း မြေငှားရမ်း၍ (BOT) စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်မှု သဘောတူစာချုပ် ပြင်ဆင်ချက်စာချုပ်နှင့် ဝမ်းကောင်းမြို့မဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်မှု ပြင်ဆင်စာချုပ်တို့တွင် အငှားချထားသူ ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် အသိသက်များက လက်မှတ်ရေးထိုး၍လည်းကောင်း၊ အငှားချထားခြင်းခံရသူ မင်းခေတ်သစ်ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာနှင့် အသိသက်သေများတို့က လက်မှတ်ရေးထိုးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ပိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၁)
## နှစ်ပတ်လည်အလှူဒါနနှင့်မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

ဗသက(၁၀၁)ကျောင်းဆင်းအရာရှိများ၏ နှစ်ပတ်လည်အလှူဒါနနှင့် မိတ်ဆုံစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့် မိသားစုဝင်များ တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်-

